www.burmeseclassic.com

တက္ကသိုလ်

# နှောင်းပင့်ဒေါင်း

## သူရဲကောင်းဇော်စွမ်းရည်

ချင်းဟန်၏ဆန်ရွဲ့လျှန်

ဒုတိယပိုင်း



www.burmeseclassic.com

BURMESE CLASSIC .com

တက္ကသိုလ်

# နေလင်းအောင်

# သူရဲကောင်းဇာတ်စွမ်းရည်

(ဒုတိယပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၇၂၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၉၂၀၁၀၇

၂၀၀၇ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

## မြွေ

စွမ်းရှိမင်းသည် တိုအိဇော်မျက်နှာကို စိမ်းစိမ်းကြီး ကြည့်နေပေသည်။

အတန်ကြာမှ သူသည် ပြုံးလိုက်ပြီး...

"သြော်... လက်စသတ်တော့ ခင်ဗျားက ဥပဒေမဲ့နယ်မြေရဲ့ နယ်အစ တာဝန်ခံကိုး"

တိုအီးသည် ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်ပြီး...

"အေး... ဒါကြောင့်မို့... မင်းတို့နှစ်ယောက်ရဲ့ စိတ်ထားကို အမျိုးမျိုး စမ်းသပ်ပြီးမှ လွှတ်လိုက်တာပေါ့ကွာ"

စွမ်းရှိမင်းမှာ အမှန်ပင် ကြက်သီးထသွားတော့သည်။

အကယ်၍ သူတို့နှစ်ဦးသာ စကားပြောမှားခဲ့ပါက စွမ်းရှိမင်းသည် သစ်ပင်မှ တွဲလောင်းကျနေသော အလောင်းသုံးလောင်းကို သေချာစွာ ကြည့်လိုက်မိတော့သည်။

ထို့နောက် သူသည် တိုအိအား လက်ကာပြကာ ဖိုကျူ၏ လက်ကို ဆွဲ၍ ချောင်းကလေးကို ဖြတ်ကူးသွားလေတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဖြတ်ကူးကြစဉ် ပိုကျူကု တီးတိုးပြောလေ၏။

"အစ်ကို..."

"ဘာလဲညီမ..."

"ကြေးစားသုံးယောက်က ဘယ်သူတွေလဲဟင်"

"အကုန်လုံး နာမည်ကြီးတွေချည်းပဲ"

"သူတို့က ကြယ်သုံးလုံးကို ဖမ်းပြီး၊ ဆုငွေလိုချင်လို့နဲ့ တူတယ် ဟုတ်လား"

"ဒါပေါ့... သူတို့အတွက် မှားလို့ ခံလိုက်ရတာပဲ"

"ဘယ်လိုအတွက် မှားသွားတာလဲဟင်"

"တို့အိကို သူတို့က အမှန်တကယ် ဘုရင့်တပ်သားတွေ အောင့်မေ့ပြီး ကြယ်သုံးလုံးကို ဖမ်းဖို့လာတဲ့အကြောင်း ပြောမှာပေါ့။ ဒါကြောင့် တို့အိက သတ်လိုက်တာ"

ပိုကျူသည် သူမ၏ပခုံးကလေးအား တွန့်လိုက်သည်။

"ကျွန်မတို့တောင် ကံကောင်းလို့နော်"

"ဒီအဖြစ်ကြုံမှ ပြောတဲ့စကား မဟုတ်ဘူး၊ အစ်ကိုတချက် တွေးမိလိုက်တယ်"

"ဟင်... ဟုတ်လား ဘယ်လိုတွေးမိတာလဲ"

"ညီမ စဉ်းစားကြည့်လေ... ဘုရင့်တပ်သားတွေဟာ လူဆိုး လူကောင်းမှန်း မသိသေးဘဲနဲ့ ကျောက်တုံးနဲ့ လှိမ့်ချပြီး သတ်ပါ့မလား၊ ဘုရင့်တပ်သားဆိုတာ စည်းနဲ့ကမ်းနဲ့ပါ..."

"အင်း... ဟုတ်တယ် ဟုတ်တယ်..."

စွမ်းရှိမင်းက ဆက်လက်၍...

"တို့အိဟာ တို့ကိုလည်း ဒီလိုပဲ ဆုငွေလိုချင်လို့ လာတဲ့လူ



တွေပဲ ထင်ပြီး ကျောက်တုံးလှိမ့်ချတာ အသေသတ်တာပဲ..."

"ဟုတ်မယ်..."

"သိပ်သေချာတာပေါ့၊ နောက်တချက်က ဘုရင့်တပ်သားတွေဟာ ဒီနေရာမှာ လာပြီး စခန်းချမှာ မဟုတ်ဘူး၊ သူတို့ကင်းလှည့်လာရင်လဲ ပြန်ကြမှာပဲ၊ အခုဟာက အချုပ်ခန်းနဲ့ ဘာနဲ့ အခိုင်အမာ လုပ်ထားတော့ မသင်္ကာစရာ ဖြစ်မနေဘူးလား"

"ဟုတ်တာပေါ့... ဒါထက် သူတို့ အဝတ်အစားတွေကကော"

"အဲဒီအချက်တော့ ဧစေ့စပ်သေချာတယ်၊ နေပုံထိုင်ပုံကော၊ ဝတ်ပုံစားပုံတွေကော တကယ့် ဘုရင့်တပ်သားတွေ အတိုင်းပဲ၊ တို့အိဟာ တော်ရုံတန်ရုံလူတော့ မဟုတ်ဘူး..."

ပိုကျူက သက်ပြင်းလေးချလိုက်ပြီး...

"အင်း... ကျွန်မတို့ ဟိုကို မရောက်ခင် ဘယ်အထိ အစစ်ဆေးခံရအုံးမလဲ မသိဘူး"

"ဟုတ်တယ်... ကြပ်ကြပ် သတိထားနိုင်မှကို ဖြစ်မယ်"

ပိုကျူက...

"ဒါပေမယ့် သူတို့ရဲ့ စမ်းသပ်ချက်က တခုနဲ့တခု တူမှာတော့ မဟုတ်ဘူးနော်"

ဒါပေါ့... နည်းအမျိုးမျိုးနဲ့ စမ်းသပ်မှာပဲ၊ အဲဒါကို တို့က လိမ်မာပါးနပ်နိုင်မှ၊ နို့မို့ အဲဒီ မရောက်ဘဲ ကြွနေအုံးမယ်"

ပိုကျူက ကြက်သီးထသွားဟန်ဖြင့် ပခုံးကလေးကို တွန့်လိုက်လေသည်။

သူတို့နှစ်ယောက် စကားတပြောပြောနှင့် ဆက်လက် ခရီး

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့ကြသည်။

ညနေဘက်သို့ ရောက်သည့်တိုင်အောင် မည်သည့်အနှောင့်အယှက်မှ မတွေ့ရပေ။

ပိုကျူ၏ခြေလှမ်းများသည် အနည်းငယ် လေးလံလာသည်ကို စွမ်းရီမင်းက သတိပြုမိသည်။

လေးလံမည်ဆိုလျှင် လေးလံလောက်ပါသည်။

တတောင်ဆင်း တတောင်တက်ဖြင့် ကြမ်းတမ်းလှသော ခရီးကို မနားတမ်း လျှောက်နေရသောကြောင့် ပိုကျူကဲ့သို့သော မိန်းမသားတဦးကို မဆိုသားနှင့်၊ စွမ်းရီမင်းပင်လျှင် အတော်ပင် နွမ်းနယ်နေပြီ မဟုတ်ပါလား။

ထိုစဉ်မှာပင်…

စွမ်းရီမင်းသည် ခပ်လှမ်းလှမ်းနေရာတွင် တစုံတခုကို တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာအားရဖြင့် လှမ်းအော်လိုက်သည်။

"ပိုကျူ… ဟိုမှာ ကြည့်စမ်း"

ပိုကျူက တချက်ပြုံး၍ ခေါင်းမော့ကာ…

"ဟုတ်တယ်… ဟုတ်တယ်… လှလိုက်တာနော်"

"ဘာ…"

စွမ်းရီမင်းမှာ သူ့ဟာသူ ချက်ချင်း သတိပြုမိလိုက်ပြီး ဆန္ဒစောမိခြင်းကို နောင်တရမိလေ၏။

မျက်စိမမြင်သော သူတယောက်ကို 'ဟိုမှာကြည့်စမ်း'ဟု ပြောမိသော သူ့အဖြစ်ကိုသူ နောင်တမရဘဲ မနေနိုင်ပါမည်လား။

"ငါကလဲနော် မမြင်တဲ့လူကိုမှ ပြချင်လိုက်တာ အလွန်ပဲ"

ပိုကျူက အသံလွင်လွင်ကလေးဖြင့် ရယ်မောလျက်…



"ကိစ္စမရှိပါဘူးအစ်ကိုရယ် ဘာမြင်လို့လဲ"

"ဩော် ဒီညတညအတွက် တည်းခိုစရာ အိမ်ပျက်တခုကို လှမ်းမြင်လို့ပါ"

"ဩော်…ဒါဆို ဒီညအတွက် ဟန်ကျသွားပြန်ပြီပေါ့အစ်ကို"

စွမ်းရီမင်း အနည်းငယ်စဉ်းစားလိုက်ပြီး…

"အေး…တို့တခုတော့ သတိထားရလိမ့်မယ်၊ ညီမပြန်စဉ်းစားမိအုံးမလား မသိဘူး"

"ဘာကိုလဲ…အစ်ကို"

စွမ်းရီမင်းက မေးဖျားကို လက်ညှိုးဖြင့်တဆတ်ဆတ်တောက်ယင်း…

"တို့လာခဲ့တဲ့ခရီးမှာ မနေ့ကမိုးချုပ်ကာနီးမှာ တို့အိတို့စခန်းကို ရောက်တယ်နော်"

"ဟုတ်တယ်"

"အခုမိုးချုပ်ကာနီးမှာ ရှေ့ကအိမ်ပျက်ကြီးကို ရောက်တယ်ဆိုတော့ ဒီတဲတွေဟာ ကြယ်သုံးလုံးတို့ရဲ့ အစီအစဉ်တွေပဲ ဖြစ်ရမယ်၊ အဲဒါကို ညီမလေးစဉ်းစားမိသလား"

ပိုကျူကလည်း စဉ်းစားဟန်ပြုပြီးမှ….

"အစ်ကိုဆိုလိုတာက သူတို့တတွေ သွားတဲ့လာတဲ့အခါမှာ တည်းခိုဖို့တနေ့စာ တနေ့စာဆောက်လုပ်ထားတာလို့ ဆိုလိုချင်တာမဟုတ်လား"

"ဒါပေါ့"

"အစ်ကိုပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါဆို နောက်လဲမပူရတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့"

"ဒီလိုပဲ ညနေမိုးချုပ်ကာနီးမှာ တည်းခိုစရာအဆောက်အအုံတခုဟာ အဆင်သင့်ရှိနေမှာပဲပေါ့"

"ဟုတ်တယ်...ဟုတ်တယ်၊ အင်း..နောက်ဘယ်နှစ်ရက်များ သွားနေရအုံးမလဲမသိဘူး၊ သူတို့ကတော့ အဆင်သင့်ပြင်ဆင်ထားမှာပဲ"

ပိုကျူးက အနည်းငယ်ပြုံးလိုက်ပြီး...

"ကျွန်မသိတယ်"

စွမ်းရီမင်းက သူမအား မျက်မှောင်ကုပ်၍ကြည့်ကာ...

"ညီမ..သိတယ်ဟုတ်လား"

"အင်း"

"နောက်ဘယ်နှစ်ခုကျန်သေးသလဲ"

"မရောက်မချင်းပဲ"

စွမ်းရီမင်းမှာ အူကြောင်ကြောင်ဖြစ်သွားပြီးမှ ရယ်မောလေတော့သည်။

"ဟား..ဟား..ဟား..ငါ့ညီမက နောက်တတ်တာပဲ"

နှစ်ယောက်သား သဘောကျစွာ တဟားဟားရယ်မောလိုက်ကြလေတော့သည်။

ပြီးလျှင် စွမ်းရီမင်းက ရှေ့မှဦးဆောင်၍ သူတွေ့မြင်ရသော အိမ်ပျက်ကြီးဆီသို့ ဦးတည်လျှောက်သွားလေတော့၏။

စွမ်းရီမင်းသည် တဲအနားသို့ရောက်သည်နှင့် ရှေ့မှခြေသွက်သွက်ကလေး လှမ်းသွားသည်။

တဲရှိရာသို့ သူအရင်ရောက်လိုသည်။



အခြေအနေကို သုံးသပ်လိုသည်။

ထိုအချိန်မှာပင် ရုတ်တရက်စူးရှကျယ်လောင်သော ညည်းတွားသံကို သူ့နောက်မှကြားလိုက်ရသည်။

"အား"

စွမ်းရီမင်းသည် ရုတ်တရက်နောက်သို့ လှည့်ကြည့်လိုက်ရာ ပိုကျူးမှာ ခွေကနဲလဲကျသွားသည်ကို တွေ့လိုက်ရ၏။

စွမ်းရီမင်းသည် ကပျာကယာပြေးလာပြီး...

"ပိုကျူး..ပိုကျူး...ဘာဖြစ်တာလဲ"

သူမသည် သူမ၏ခြေထောက်ကို လက်ဖြင့်ဆုပ်ထားယင်းမှ..

"ကျွန်မကို..ကျွန်မကို မြွေကိုက်တယ်နဲ့တူတယ်"

"ဟင်"

စွမ်းရီမင်းသည် မျက်လုံးပြူးသွားပြီး၊ ဝန်းကျင်ကိုချက်ချင်းဝေ့ကြည့်လိုက်သည်။ မှန်ပေသည်။

တွေ့ပါပြီ။

ကြီးမားသော မြွေဟောက်ကြီးသည် သူတို့နှင့်မဝေးလှသောနေရာတွင် တွန့်ကာကောက်ကာ ရွေ့လျားနေသည်ကိုတွေ့လိုက်ရသည်။

စွမ်းရီမင်းထံမှ ဓားမြှောင်တလက်သည် ချက်ချင်းပင်လက်ကနဲဖြစ်သွားပြီး မြွေဟောက်ကြီးမှာ လူးလွန့်သွားလေတော့သည်။

"လာညီမ အိမ်ထဲကို အစ်ကိုချီခေါ်သွားမယ်"

စွမ်းရီမင်းသည် ပြောပြောဆိုဆို ပိုကျူး၏ကိုယ်ကလေးကို ပွေ့ချီကာ အိမ်ပျက်အတွင်းသို့ ပြေးဝင်သွားလေတော့၏။

စွမ်းရီမင်းတို့ ထင်ထားသည်မှာ မမှားပေ။

www.burmeseclassic.com

www.burmeseclassic.com



ဇာဲအတွင်းဝယ် လူတဦးမှ မတွေ့ရသော်လည်း၊ စားပွဲ၊ ကုလားထိုင်များ သောက်ရေအိုးနှင့် ချက်ပြုတ်စရာအိုးများကို တွေ့ရှိလိုက်ရသည်။

စွမ်းရှိမင်းသည် ပိုကျူအား ကုလားထိုင်တလုံးပေါ်တွင် အသာအယာချထားပေးလိုက်ပြီးသည်နှင့် သူသည် ပိုကျူ၏ခြေသလုံးမှ ဘောင်းဘီကို ရုတ်တရက်အပေါ်သို့ ပင့်တင်လိုက်လေ၏။

"အို"

အထိတ်တလန့်ဖြင့် ပိုကျူက အော်လိုက်ခြင်းဖြစ်သည်။

သူမသည် အလွန်အမင်းရှက်သွားပုံရ၏။

ထိုခေတ်ထိုအချိန်က အမျိုးသမီးကောင်းတို့မှာ သူတို့၏ခြေသလုံးသားမဆိုထားနှင့် ယောကျ်ားတဦး၏ရှေ့တွင် ဖိနပ်ချွတ်ရမည်ကိုပင် ဝန်လေးကြသည်။

ယခု စွမ်းရှိမင်းက သူမ၏အဝတ်အစားကို အပေါ်သို့ပင့်တင်လိုက်သောအခါ သူမ၏ဝင်းဝါနေသော ခြေသလုံးသည် ရုတ်ခြည်းပေါ်ထွက်လာတော့၏။

သို့သော် သူမအဖို့ အနည်းငယ် စိတ်ဖြေသာနေသည်မှာ သူမ၏မျက်လုံးသည် ဘာကိုမျှ မမြင်ရမတွေ့ရဖြစ်နေသောကြောင့် စွမ်းရှိမင်းကို မကြည့်ရဲစရာ မရှိတော့ပေ။

"ရှက်မနေပါနဲ့၊ ဒီဒဏ်ရာဟာ ပေါ့ပေါ့ဆဆနေလို့ရတာမဟုတ်ဘူး"

သူသည် ထိုကဲ့သို့ပြောပြီး ဒဏ်ရာကို အသေအချာ ကြည့်လိုက်ရာ ခြေမျက်စိအထက်နားတွင် အစွယ်ရာကလေးနှစ်ပေါက်နှင့် အနည်းငယ်ညိုမည်းနေသော ဒဏ်ရာကို တွေ့လိုက်ရသည်။



စွမ်းရှိမင်းသည် တံ့ဆိုင်းမနေတော့ဘဲ ခါးတွင်ချိတ်ထားသော ကြိုးထုံးကိုဆွဲ၍ ပိုကျူ၏ ဒူးခေါင်းအထက်နားတွင် ခပ်တင်းတင်းချည်လိုက်သည်။

သူသည် ဓားမြှောင်ကိုထုတ်လိုက်ပြီး၊ မီးဖိုဆီသို့ ကပျာကယာပြေးသွားသည်။

ထို့နောက် သူသည် မီးကိုချက်ချင်းမွှေးကာ ဓားကိုမီးကင်လိုက်သည်။ သူသည် ပိုကျူ၏ဒဏ်ရာကို အသေအချာကြည့်ကာ...

"နည်းနည်းကလေးတော့ နာမယ်နော် ပိုကျူ"

"ရပါတယ်..အစ်ကို"

စွမ်းရှိမင်းသည် သူ၏ထက်မြက်လှသော ဓားမြှောင်ဦးကလေးနှင့် ဒဏ်ရာ၏အလယ်တည့်တည့်တွင် ကြက်ခြေခတ်ခွဲလိုက်လေသည်။

ထို့နောက် သူသည် ခြေသလုံးကို အသာအယာမယူ၍ အဆိပ်သွေးများကို ပါးစပ်ဖြင့် စုပ်ထုတ်လေတော့သည်။

ပိုကျူ၏ရင်ထဲတွင် တလှပ်လှပ်ခံစားနေရသည်။

သူမ၏ရင်အစုံသည် နိမ့်ချည်မြင့်ချည်ဖြင့် လှိုက်ဖိုလျက်ရှိနေသည်။ ယင်းသို့ခံစားနေခြင်းမှာ ဒဏ်ရာမှနာကျင်လွန်း၍ မဟုတ်ပါပေ။

စွမ်းရှိမင်း၏ ပြုစုကုသခြင်းများက သူမအား တုန်လှုပ်စေခြင်းဖြစ်သည်။

သူ၏ခြေသလုံးကို ယုယစွာကိုင်တွယ်လျက် သွေးများကို အဆိပ်နှင့် စုပ်ထုတ်ပေးနေသော စွမ်းရှိမင်း၏ လုပ်ဆောင်ချက်များကြောင့် ပိုကျူသည် ရင်ဘတ်၌ ဘာလှပ်လှပ်ခံစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲတွင် တကြိမ်တခါမျှ မလှုပ်ရှားခဲ့သော လှုပ်ရှားမှုများနှင့်အတူ မကြုံစဘူးသော ခံစားချက်များကို အေးကန်အေးကန်ခံစားနေရသည်။

စွမ်းရီမင်းသည် ညိုမည်းနေသော မြွေဆိပ်များကို စုပ်ယူလိုက်၊ ထွေးပစ်လိုက်ဖြင့် အကြိမ်ကြိမ်ပြုလုပ်လိုက်သည်။

ဤသို့ဖြင့် ဆယ်ကြိမ်မျှ စုပ်လိုက်ထွေးလိုက် ပြုလုပ်လိုက်သောအခါ မြွေကိုက်ထားသောဒဏ်ရာမှ အဆိပ်များလုံးဝကုန်စင်သလောက် ဖြစ်သွားလေသည်။

ထိုနေရာသည် မြွေကိုက်ခံရစဉ်ကကဲ့သို့ ညိုမည်းမနေတော့ပေ။ သွေးရောင်များ သမီးလာသည်။

ထိုအခါမှ စွမ်းရီမင်းက ဒူးခေါင်းအထက်တွင် ချည်နှောင်ထားသောကြိုးစကို အနည်းငယ်ဖြေ၍ ပေးလိုက်သည်။

"ညီမ ဒီမှာ ခဏကလေး မှိန်းနေနော်၊ အစ်ကို ခုပြန်လာမယ်"

"ဟင်.အစ်ကို ဘယ်သွားမလို့လဲ"

"ညီမဒဏ်ရာဟာ သိပ်ပြီး စိုးရိမ်စရာမရှိတော့ဘူးလေ ဒါပေမယ့် ပေါ့လို့မရဘူး၊ အစ်ကိုမြွေဆိပ်နိုင်တဲ့ ဆေးပင်လိုက်ရှာလိုက်အုံးမယ်၊ ကံကောင်းယင်တော့ ဆေးရွက်တွေ့တန်ကောင်းပါရဲ့"

ပြောပြောဆိုဆို စွမ်းရီမင်း ပြေးထွက်သွားသော ခြေသံကိုသာ ပိုကျူကြားလိုက်ရသည်။

♣ ♣ ♣



အခန်း(၁၇)

## အကြားစွမ်းအင်

ပိုကျူသည် ယခုမှသက်ပြင်းတချက်ကို ချရမှန်းသိလိုက်လေတော့သည်။

"အစ်ကိုရယ် ဖြူစင်လှတဲ့ အစ်ကို့စိတ်ထားကို သိရပါပြီ၊ အစ်ကို့မျက်နှာကလေးကို မြင်ချင်စမ်းပါဘိအစ်ကိုရယ်"

ပိုကျူသည်သူ၏ဒဏ်ရာကိုလက်ဖြင့် အသာအယာစမ်းသပ်နေမိသည်။

သူမသည် မြွေစ၍ကိုက်စဉ်အခါက မျက်လုံးများပြာဝေ၍သာပြီး သတိလစ်မတတ် ခံစားခဲ့ရသော်လည်း ယခုအခါ သိသိသာသာ ကောင်းမွန်လာပြီး၊ ဒဏ်ရာမှာလည်း အဆိပ်လုံးဝ တက်လာသည်ကို မတွေ့ရသောအခါ သူမသည် ဝမ်းသာသွားတော့၏။

ထို့အတူ ကြီးမားလှသည့် စွမ်းရီမင်း၏ ကျေးဇူးတရားကိုလည်း သူမရင်ထဲ၌ သိဝှက်ထားမိသည်။ ထို့အပြင်...

စွမ်းရီမင်း၏ ကြင်နာယုယမှုများသည် သူ့အသည်းနှလုံးကို ညှစ်နှိုးနေသကဲ့သို့ ခံစားနေရသည်။

www.burmeseclassic.com



သို့သော် သူမ၏ဘဝသည် အမှောင်ဖုံးနေသောဘဝ။

မည်သည့်အခါမှ အလင်းရောင်ကို တွေ့မြင်ရတော့မည်မဟုတ်သော အမှောင်ဘဝ။

ထိုဘဝကို မည်သူကကော အလင်းရောင်ပေးပါမည်နည်း။

စွမ်းရှိမင်းသည် သူမ၏ဘဝအား အလင်းရောင်ပေးမည့်သူတဦးဖြစ်နိုင်ပါမည်လား။

သူမစဉ်းစားနေစဉ်မှာပင် အိမ်ထဲသို့ ဝင်လာသောခြေသံကို ကြားလိုက်ရသဖြင့် နားစွင့်လိုက်၏။

သူမကြားနေကျ စွမ်းရှိမင်း၏ခြေသံဖြစ်ကြောင်း ကောင်းစွာမှတ်မိလိုက်သည်။ မှန်ပါ၏။

စွမ်းရှိမင်းသည် ဆေးပင်များကို တပွေ့တပိုက်ပွေ့၍ အိမ်တွင်းသို့ ဝင်ရောက်လာခြင်းဖြစ်သည်။

"ပိုကျူ...ပိုကျူ"

ဂေဟအတွင်းသို့ မရောက်မီကတည်းက စွမ်းရှိမင်း၏စိုးရိမ်တကြီး အော်ခေါ်လာသောအသံကြောင့်...

"အစ်ကို..ကျွန်မရှိပါတယ်...ဘာဖြစ်လို့လဲ"

စွမ်းရှိမင်းသည် ပိုကျူအားတွေ့လိုက်မှ သက်ပြင်းတချက်ချပြီး...

"ဘာမှမဖြစ်ပါဘူး၊ မြွေဆိုးအကိုက်ခံရတဲ့လူတွေဟာ ခြေဆိပ်တက်ပြီး သတိမေ့နေတတ်ကြတာမို့ စိုးရိမ်ပြီးခေါ်မိတာပါ"

သူမ၏ရင်တွင် အမျိုးအမည်မသိသော ဝေဒနာတခု ရုတ်ခြည်းခံစားလိုက်ရသည်။

ထိုဝေဒနာသည် ကြည်နူးလိုက်လှမှု ဝေဒနာဖြစ်ကြောင်းကိုသူမကိုယ်တိုင်လည်းခွဲခြားမိလိုက်၏။

သြော်...စွမ်းရှိမင်းသည် သူမအတွက် အစိုးရိမ်ကြီးသူပါတကား။ သူမက ကျေနပ်အားရစွာပြုံးယင်း...

"ဘာမှမဖြစ်ပါဘူး အစ်ကိုရယ်၊ ဖြည်းဖြည်းသက်သာများလဲ လုပ်ပါအုံး"

စွမ်းရှိမင်းသည် ဆေးရွက်များကို ပါးလုပ်ပါးလောင်းဖြင့်ဝါးနေ၏။ ထို့နောက် သူသည် ပိုကျူ၏အနီးတွင်ထိုင်ကာ ပိုကျူ၏ဒဏ်ရာပေါ်သို့ ဝါးပြီးသားဆေးရွက်များကို အုံကာပတ်တီး စည်းထားပေးလိုက်သည်။

ပြီးသည်နှင့် ရေနွေးတအိုးတည်၍ ဆေးမြစ်ဆေးရွက်အချို့ကို ရေနွေးအိုးထဲသို့ ထိုးထည့်၍ မီးဖိုပေါ်တွင်တင်၍ ကျိုထားလိုက်သည်။

အကယ်၍ ပိုကျူသာ မျက်စိကောင်းပါလျှင် ပျာလောင်ခတ်၍ လှုပ်ရှားနေသော စွမ်းရှိမင်းကို တွေ့မြင်ကာ မည်မျှအထိ ကြည်နူးဝမ်းမြောက်နေမည်ကို သူမကိုယ်တိုင်လည်း တွေးကြည့်နေမိသည်။

ယခုလည်း သူ၏လှုပ်ရှားနေသောအသံကို ကြားနေရကတည်းက စွမ်းရှိမင်းဘာတွေလုပ်နေမည်ဆိုသည်ကို ပိုကျူမှန်းဆသိရှိထားပြီးဖြစ်သည်။

ပိုကျူ၏ခံစားမှုမှာ သူမ၏ရင်ထဲမှ တိုးတိုးကလေး ထွက်ပေါ်လာသည်။

"သြော်...ဒီလိုလူမျိုးကိုများ အသည်းခွဲရက်တဲ့လူက ရှိသေးတယ်နော်"

www.burmeseclassic.com



ခေဆုချွှာ ကြာမည်ဟု ထင်လိုက်ရသည်။

စွမ်းရီမင်းသည် ကြိုပြီးသား ဆေးတခွက်ယူလာပြီး...

"ရော့ အဲဒီဆေးရည်ကို သောက်လိုက်၊ နောက်ထပ်မြေ ဆယ်ကောင်ထပ်ကိုက်ပါစေအုံး၊ မသေတော့ဘူး"

ပိုက္ကျူသည် စွမ်းရီမင်း၏စကားကို သဘောကျသွားသဖြင့် ပြုံးလိုက်ယင်းမှ ဆေးခွက်ကိုယူ၍ မော့သောက်လိုက်လေသည်။

"အစ်ကို့ဆေးရည်က ဒီလောက်တောင်ပဲ စွမ်းသလား"

"အဲဒါတောင် အစ်ကိုနည်းနည်းလျှော့ပြောထားတာ"

ပိုက္ကျူသည် တခစ်ခစ်ရယ်လေတော့၏။

စွမ်းရီမင်းသည် ပိုက္ကျူ၏လက်ထဲသို့ စားစရာတခု ထည့်ပေးလိုက်လေသည်။

ပိုက္ကျူ ကိုင်ကြည့်မိသည်နှင့် အံ့သြသွားလေတော့၏။

"အစ်ကို"

"ဟင်"

"ဒီတဲထဲမှာ အသားပေါက်စီရတယ် ဟုတ်လား"

စွမ်းရီမင်းက ပြုံးလိုက်ပြီး...

"ဘယ်ကလာ ဒီတောထဲတောင်ထဲမှာ အသားပေါက်စီရမှာလဲ၊ မနက်က တိုအိမနက်စာကျွေးတုန်းက သူတို့မမြင်အောင် အသားပေါက်စီတွေကို ခရီးဆောင်အိတ်ထဲ ထည့်ယူလာခဲ့တာ ကြောင့် အခုညီမကိုကျွေးနိုင်တာပေါ့"

ပိုက္ကျူသည် သဘောကျစွာဖြင့် ရယ်မောယင်းမှ...

"အစ်ကိုဟာလေ...တကယ့်လူပဲ"

"ဘာလဲ...မကြိုက်လို့လား"



"နည်းလို့"

"ဟား...ဟား...ဟား"

"ခစ်...ခစ်...ခစ်"

တဲကလေးအတွင်း ရယ်မောသံများက လွှမ်းသွားတော့သည်။ ဤသို့ဖြင့် ည်ဖြည်းဖြည်း အချိန်ကုန်သွားလေ၏။

ညဉ့်က အတော်နက်ပြီ ဖြစ်သော်လည်း ပိုက္ကျူအိပ်မပျော်သေးပါ။

သူမသည် ဒဏ်ရာက ကိုက်ခဲခြင်းမရှိသော်လည်း၊ ထိုဒဏ်ရာကြောင့် ဖြစ်ပေါ်လာရသော ခံစားမှုများက သူမ၏အိပ်ချင် စိတ်ကို ပျောက်ဖျက်ထားသည်။

သူမသည် ဗယ်လှူးညာလိုမှဖြင့် အိပ်မပျော်အောင်ဖြစ်နေသည်။

စွမ်းရီမင်းသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေ့ရာ ကခါတရံဟောက်နေသောအသံများကို ပိုက္ကျူ ကြားနေရလေသည်။

အမှန်စင်စစ်...

စွမ်းရီမင်းသည် ပိုက္ကျူနှင့် မည်သို့မှ မပတ်သက်သော သူစိမ်းယောက်ျားတဦးပင်ဖြစ်သည်။

သူမကလည်း မျက်စိနှစ်ကွင်း အလင်းမရသည်မှအပ နုပျိုယ်ရွယ်သော မိန်းကလေးတဦးပင်ဖြစ်သည်။

သို့သော် စွမ်းရီမင်းသည် မလွှဲသာမရှောင်သာသော အချိန်အခါမျိုးတွင် ပိုက္ကျူနှင့် ပူးပူးကပ်ကပ် နေထိုင်တတ်သော်လည်း ကျန်အချိန်များတွင်မူ သူ့ဘာသာသူ လွတ်လွတ်လပ်လပ်နေထိုင်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုကျူကိုလည်း လွတ်လပ်စွာ နေထိုင်စေသည်။

သူ့တွင် ပိုကျူနှင့် ယခုလောက်တရင်းတနှီး နေထိုင်လာ
သည့်တိုင်အောင် ဖောက်ပြန်လိုသည့် စိတ်ဓာတ်အလျဉ်းမရှိခဲ့ပေ

ယခုပင်ကြည့်။

ပိုကျူ နွမ်းကြိုက်ခံရချိန်တွင် စိုးရိမ်ဗျာပါဒ များပြားစွာဖြ
လက်ပွန်းတတီးပြုစုပေးခဲ့သော်လည်း သူလုပ်ဆောင်ရမည့် တာဝ
များပြီးဆုံးသည်နှင့် ပိုကျူနှင့်အတော်ပင် အလှမ်းကွာဝေးသော်နေ
ရာသို့သွားကာ စိတ်ချလက်ချ အိပ်စက်နေလေတော့သည်။

သူ၏ဆောင်ပုဒ်ကလည်း ရှိသည် မဟုတ်ပါလား။

"အခွင့်အရေးရယင် ရသလိုစားထားလိုက်၊ အိပ်ချိန်ရယ
ရသလောက် အိပ်ထားလိုက်၊ ဒါမှဘာမဆို အဆင်သင့်ဖြစ်နေမယ်"

ယခုသူသည် အခွင့်အရေးရခိုက် နှစ်ခြိုက်စွာ အိပ်နေ
ဖြစ်သည်။ မှန်သည်။

လူသည်လှုပ်ရှားနိုင်ရန် အမြဲတမ်းအင်အားပြည့်နေရမည
မဟုတ်ပါလား။ သို့သော် သူမက အိပ်မပျော်ပါ။

သူဘာကြောင့် အိပ်မပျော်သည်ကိုသာ စွမ်းရီမင်းသိ
ပါလျှင်....

သူမသည် စွမ်းရီမင်းနှင့် ပတ်သက်၍ တွေးတောယ
နှလုံးသားတွင် တမျိုးခံစားနေရစဉ်မှာ ရုတ်တရက် အကြားအာရုံ
သို့အသံတသံ ဝင်ရောက်လာသဖြင့် အတွေးစကို ဖြတ်ကာ န
စွင့်နေလိုက်မိသည်။

အသံသည် စွမ်းရီမင်းထံမှဖြစ်ကြောင်း သတိပြုမိ၏။

ထိုအသံမှာ စကားသံလိုလို ညည်းညူသံလိုလို ဖြစ်



သည်ကိုလည်း သူမ မဝေခွဲနိုင်အောင် ဖြစ်သွားရသည်။

အသံက တိုးတိတ်လွန်းလှသည်။

"သူနေမျှားမကောင်းလို့ ငြီးတာလား"

ပိုကျူသည်စိုးရိမ်သွားမိ၏။ ထို့ကြောင့်...

သူမက စွမ်းရီမင်းအိပ်နေသော နေရာဆီသို့ မှန်းဆကာ
ခြေကိုဖွနင်းပြီး တဖြည်းဖြည်းချင်း လျှောက်မိသည်။

စွမ်းရီမင်းအနီးသို့ ရောက်သောအခါ သူမရပ်၍နားကို
စွင့်လိုက်သောအခါတွင် အသံက ပျောက်သွားပြန်သည်။

မသဲမကွဲအသံက ပေါ်လာပြန်သည်။

ပိုကျူသည် ရှေ့သို့ဆက်လျှောက်သွားပြီး သူ့အနားတွင်
ထိုင်ချလိုက်၏။ ပြီးမှ ငြိမ်သက်၍နားစွင့်နေလိုက်တော့သည်။

ဟောက်သံသည် မှန်မှန်ပေါ်ထွက်လာလျက်မှ...

"ဆေးရွက်..ဆေးရွက်"

ပိုကျူက ပြုံးလိုက်မိသည်။

ညနေက ဆေးရွက်လိုက်ရာသည်ကို စိတ်စွဲနေ၍ ယောင်နေ
ခြင်းဖြစ်သည်။

"ပိုကျူ...ပိုကျူ"

စွမ်းရီမင်းက မသဲမကွဲ ဆွဲဆွဲငင်ငင်ခေါ်နေသဖြင့် သူမက
နားမည်ဟုကြံပြီးမှ ယောင်နေမှန်းသိလိုက်သောအခါ ဆက်လက်
နားထောင်နေမိသည်။

"ပိုကျူရယ် နင့်အတွက်ဆိုယင် ငါ့အသက်ပေးပါ့မယ် အချစ်
ရယ်"

ပိုကျူသည် နားထောင်နေယင်းမှ သူ့ရင်တခုလုံးလှုပ်ခါ

www.burmeseclassic.com

www.burmeseclassic.com



သွားမိသည်။

သူမသည်လှုပ်ရှားသွားသောစိတ်ကို မထိန်းနိုင်ဘဲ နှလုံးသားများ တဖျပ်ဖျပ်လှုပ်ရှားနေမိ၏။ ထို့ကြောင့်...

သူမသည် ခြေသံမကြားအောင် အိပ်ရာဆီသို့ ကပျာကယာပြန်လာပြီး အိပ်ရာထဲတွင် လှဲချလိုက်မိသည်။

"အသက်ပေးပါ့မယ် အချစ်ရယ်တဲ့"

ပိုကျူ၏ရင်ကလေးသည် မောဟိုက်နေသကဲ့သို့ ခံစားနေရသည်။

အမှောင်ထဲ၌ သူမ၏မျက်နှာတွင် အပြုံးကလေးများ ဝေဆာနေမိ၏။

"တကယ်ပဲ အသက်ပေးချစ်မှာလား အစ်ကိုရယ်"

ဟုတိုးတိုးကလေး ရေရွတ်လိုက်လေသည်။

♣ ♣ ♣

ပိုကျူသည် အိပ်ရေးဝအောင် မအိပ်ရသည့်တိုင်အောင် နံနက်လင်းသည်နှင့် လန်းလန်းဆန်းဆန်း ဖြစ်နေပေသည်။

သူမသည် တောကြက်များတွန်ချိန်တွင် အိပ်ရာမှထကာ စွမ်းရိမင်း အိပ်ရာမှနိုးလျှင် အဆာပြေသောက်သုံးနိုင်ရန် ရေနွေးတကရားကို ကြိုလိုက်သည်။

ပြီးလျှင် စွမ်းရိမင်း အိပ်ရာမှနိုးမည့်အချိန်ကို ထိုင်စောင့်နေလိုက်သည်။

မကြာမီ စွမ်းရိမင်းသည် အိပ်ရာမှလူးလဲထကာ ဘေးဘီသာကို တချက်ကြည့်လိုက်၏။

မီးဖိုဘေးဘွင်ထိုင်ကာ ရေနွေးကြိုနေသော ပိုကျူကိုတွေ့သောအခါ သူက စိုးရိမ်တကြီး မေးလိုက်သည်။

"ညီမလေး ဘာဖြစ်လို့ အိပ်ရေးဝအောင်မအိပ်ဘဲ မဆိုင်တာတွေလုပ်နေရတာလဲ"

"ကျွန်မ အိပ်ရေးဝပါတယ်အစ်ကို၊ အစ်ကိုအိပ်ရာကနိုးယင်သောက်ရအောင်လို့ ရေနွေးကြိုနေတာလေ"

စွမ်းရိမင်းက သက်ပြင်းတချက်ချပြီး..

"ဒဏ်ရာက နာသေးသလား"

"လုံးဝကို မနာတော့ပါဘူး အစ်ကို"

"ကဲ..တို့ ရေနွေးသောက်ပြီး ခရီးဆက်ကြမယ်"

စွမ်းရိမင်းသည် ထိုကဲ့သို့ပြောပြီးသည်နှင့် ရေနွေးကြမ်းနှင့် အကြွင်းအကျန်ဆုံးကျန်နေသော ဝက်သားကင်များကို စားသောက်နေသည်။

ပိုကျူလည်း သူကမ်းပေးသော ရေနွေးနှင့် ဝက်သားကင်များကို စားယင်း...

"အစ်ကို"

"ဟင်"

"အစ်ကို့ဆေးရွက် ဆေးမြစ်တွေက စွမ်းတယ်နော်"

"အင်း...ဟိုအဆိပ်ဖြေဆေးရွက်ဆိုယင် အတော့်ကိုရှားတာ ညီမလေးရှာယူရတယ်"

"အစ်ကို မနေ့ညက အဲဒီဆေးရွက်သွားရှာတဲ့ နေရာဟာ ဝေးသေးသလား"

စွမ်းရိမင်းက မျက်မှောင်ကုပ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း..တော်တော်ဝေးတာပေါ့၊ ဘာဖြစ်လို့လဲ"

"ကျွန်မက ဒီအနားမှာပဲ အောက်မေ့နေတာ"

စွမ်းရီမင်းက နားမလည်သလို ပိုကျူအား စူးစိုက်ကြည့်မိလေသည်။

"ဘာကြောင့်လဲ"

"အစ်ကို ဆေးရွက်သွားရာနေတဲ့ အသံတွေ ကျွန်မကြားနေရတယ်"

ပထမတွင် စွမ်းရီမင်းသည် မျက်လုံးဝိုင်းသွားပြီး၊ နောက်မှ သူဆေးရွက်သွားရာသည့်နေရာမှာ အလွန်ပင် ဝေးကွာသောကြောင့် မည်သည့်နည်းနဲ့မှ မကြားနိုင်သည်ကို ပြန်လည်စဉ်းစားမိပြီး...

"မဖြစ်နိုင်ပါဘူး၊ တခြားတစုံတခု အသံတွေ ဖြစ်ပါလိမ့်မယ်၊ ဘယ်လိုအသံမျိုးတွေ ကြားနေရလို့လဲ"

"အစ်ကို့အသံပါ၊ ဘာလဲ အစ်ကိုကမယုံလို့လား"

"ပိုကျူရယ် တခြားစကားကို ငါယုံပါ့မယ်"

ပိုကျူသည် ချစ်စဖွယ်ပြုံးလိုက်၏။

"တကယ်မယုံဘူးလား"

"မယုံပါဘူး"

"ဒါဖြင့် အစ်ကိုစိတ်မဆိုးရဘူးနော်"

"ဘာလို့ ဆိုးရမှာလဲ"

"ဒါဖြင့်..ဒါဖြင့် နင့်အတွက်ဆိုယင် ငါအသက်ပေးပါ့မယ် အချစ်ရယ်လို့ ဆေးရွက်ရာယင်းပြောနေတာ ဘယ်သူ့ကိုလဲဟင်"

စွမ်းရီမင်းသည် မျက်လုံးများ အကြီးအကျယ်ပြူးသွားကာ



ာအားကုန်းထ၍ အော်လေတော့သည်။

"ဟင်..မင်း..မင်း..တကယ်ကြားတယ် ဟုတ်လား"

စွမ်းရီမင်းသည် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင်ပင် မှုသွားမိလေသည်။

စင်စစ် ဆေးရွက်သွားရူးစဉ် သူသည် ထိုစကားကို အမှန်ပင် ပြောခဲ့ခြင်းဖြစ်၏။

သို့ရာတွင် ပိုကျူကြားသည့်စကားမှာ အိပ်ရာတွင် စွမ်းရီမင်း ယောင်ယမ်းနေသော စကားသံဖြစ်သည်။

"ဒါဆိုယင် အကုန်ကြားမှာပါ၊ တော်ပြီ...တော်ပြီ ညီမကိုတော့ အစ်ကိုတနေ့တခြား ကြောက်လာပြီ"

ဟုပြောကာ ခရီးစထွက်ရန် ပြင်ဆင်လေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၈)

## စစ်ဆေးသူများ

ဥပဒေမဲ့နယ်မြေ။

သစ်သားပြားပေါ်တွင် ကြီးမားသော စာလုံးကြီးများဖြင့် ထင်ရှားစွာ ရေးသားထားသည်။

ထိုဆိုင်းဘုတ်ကြီး၏အောက်ဘက်တွင် အခြားဆိုင်းဘုတ်တခုကိုပါ တွေ့မြင်လိုက်ရပြန်သည်။

စွမ်းရှိမင်းသည် ထိုဆိုင်းဘုတ်ပေါ်မှ စာသားများကို ပိုကျူကြားအောင်ပင် အသံကျယ်ကျယ်ဖြင့် ဖတ်ပြလိုက်၏။

"ဥပဒေမဲ့နယ်မြေ။

စည်းကမ်းချက်များ။

ဤနယ်မြေသည် လွတ်လပ်သောနယ်မြေဖြစ်သည်။

သို့သော် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

မေးမြန်း၊ စပ်စု၊ စုံစမ်းသော အမူများ မပြုလုပ်ရ။

ညွှန်ကြားခိုင်းစေသူများအား အံတုမှုမပြုရ။

လိုအပ်၍ ခိုင်းစေလာလျှင် လုံးဝငြင်းပယ်ခွင့်မရှိ။



အရေးအကြီးဆုံးမှာ...

စနေဂြိုဟ်အား လုံးဝဆန့်ကျင်ဘက်မပြုရ။

စွမ်းရှိမင်းသည် စာဆုံးသွားသောအခါ ပြုံးလိုက်လေသည်။

"လွတ်လပ်သောနယ်မြေသာဆိုတယ်၊ တားမြစ်ချက်တွေ ... အများသားပါလား"

ပိုကျူက...

"ဪ...ဒီလောက်တော့ ရှိရမှာပေါ့အစ်ကိုရယ်၊ နို့မို့တ...ယောက်နဲ့တယောက် သတ်ဖြတ်ပြီး၊ ဘယ်သူက ဓါးလုပ်မယ် ...ဘယ်ဝါက ဓါးလုပ်မယ်နဲ့ လူသတ်ပွဲကြီး ကျင်းပနေမှာပေါ့"

"အင်း..ဒါလဲဟုတ်တာပဲ၊ သူတို့ညွှန်ကြားတာကို အကုန် ...ပ်ရမယ်ဆိုတာကတော့ စဉ်းစားစရာပဲ"

"ဘာမှစဉ်းစားမနေနဲ့၊ စားပြတိုက်ခိုင်းတာကလွဲပြီး ဘာမှ ...မှာမဟုတ်ဘူး"

"အဲဒါကို မလုပ်ဘူးဆိုယင်"

"ဟင်...အစ်ကိုကလဲ သူတို့ကသတ်ပစ်မှာပဲပေါ့"

စွမ်းရှိမင်းက ညည်းညူလိုက်လေသည်။

"ဪ...ဒါနဲ့များ ဥပဒေမဲ့နယ်မြေတဲ့၊ အဲဒါဥပဒေပဲလို့"

ထိုအခိုက်မှာပင်...

အညိုရောင်ဝတ်စုံများ ဆင်တူဝတ်ဆင်ထားသော လူလေး...ယောက်သည် စွမ်းရှိမင်းတို့ရှေ့တွင် ဘွားကနဲပေါ်ထွက်လာတော့သည်။

ပိုကျူသည် ထိုလူများ၏ ခြေသံများကို ကြားလိုက်ရသည် ... သူမကျောတွင်ပိုးထားသောဓားအား ရုတ်တရက် ဆွဲထုတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com

လေသည်။

စွမ်းရှိမင်းက ထိုလူလေးယောက်အား မျက်မှောင်ကုပ်၍ ကြည့်လိုက်လေသည်။

"မင်းတို့လေးယောက်က ဘာကောင်တွေလဲ"

အညိုရောင်ဝတ်စုံနှင့် လူလေးယောက်အနက်မှ တယောက်သည် ရှေ့သို့ထွက်လာပြီး သူတို့နှစ်ဦး၏ရှေ့တွင် ရပ်တန့်ကာ အသေအချာ စူးစိုက်ကြည့်လိုက်သည်။

ထို့နောက် အသံမာမာဖြင့်...

"ဒီစကားက မင်းတို့နှစ်ယောက်ကို ငါမေးရမယ့်စကားကွ"

စွမ်းရှိမင်းက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်လား...ဒါဖြင့် ခင်ဗျားက ဘာလို့မမေးဘဲ ရပ်နေတာလဲ"

ထိုလူသည် မျက်မှောင်ကုပ်လိုက်လေသည်။

"မင်းစကားပြောတာ တမျိုးပါလား"

"ကျုပ်က ဒီလိုပဲပြောတတ်လို့ပါ"

"ဒါဆိုယင်တော့ ဒီနေရာကပဲ မင်းတို့ပြန်လှည့် သွားကြတော့"

စွမ်းရှိမင်းက အံ့သြဟန်ဖြင့်...

"ဘာဖြစ်လို့ ပြန်လှည့်ရမှာလဲ"

"ဒီမှာ ဒီလိုလေသံမျိုးသုံးလို့မရဘူး"

"ဟုတ်လား"

"ဟုတ်တယ်"

"ကျုပ်ကတော့ ဒီလိုပဲပြောတတ်တယ်"



အညိုရောင်ဝတ်စုံနှင့်လူများ တယောက်မျက်နှာတယောက် ကြည့်လိုက်ကြလေ၏။

ထိုလူသည် စွမ်းရှိမင်းတို့ နှစ်ဦးစလုံးအား အကဲခတ်ကြည့်ကာ မေးလိုက်လေ၏။

"မင်းတို့နှစ်ယောက်က ဘာတွေလဲ"

စွမ်းရှိမင်းက ပြုံးလိုက်ပြီး...

"လူတွေပါ"

ထိုလူသည် မျက်လုံးပြူး၍ ကြည့်လိုက်သည်။

"မင်း...သေချင်ပြီနဲ့တူတယ်"

"မလုပ်ပါနဲ့ ကျုပ်အသက် ငယ်ငယ်ကလေးရှိသေးတယ်"

"ဒါဖြင့် မေးတာကို ကောင်းကောင်းပြော"

"ဟုတ်ကဲ့"

စွမ်းရှိမင်းက ချိုချိုသာသာပင် ပြန်ပြောလိုက်သည်။

"မင်းနာမည်"

"စွမ်းရှိမင်း"

"ကိစ္စက"

"ထွက်ပြေးလာတာ"

"အမှုက"

"မြို့စားကြီးကို သတ်မှု"

"ဘယ်မြို့စားကြီးလဲ၊ နာမည်ဘယ်သူလဲ"

"မျှစ်အန်းမြို့စားကြီး၊ နာမည်က ဝှစ်ကြည်ဖုန်း"

အညိုရောင်နှင့်လူသည် ပိုကျူကိုကြည့်ကာ...

"သူ့နာမည်က"

www.burmeseclassic.com

www.burmeseclassic.com



"ပိုကျူ"

"မင်းနဲ့ဘာတော်သလဲ"

စွမ်းရီမင်းသည် စည်းကမ်းဆိုင်းဘုတ်မှ စာကြောင်းတကြောင်းကို လက်ညှိုးထိုးပြလိုက်ပြီး...

"မစပ်စု မမေးမြန်းရဘူးဆို"

ထိုလူက ဒေါသဖြစ်သွားကာ...

"ဟေ့...အဲဒါက ဒီမှာနေထိုင်တဲ့အခါ ကျင့်သုံးဖို့၊ တို့ကတော့ မင်းတွင်မကဘူး၊ မင်းအဖေလာလဲ စစ်မေးခွင့်ရှိတယ်"

စွမ်းရီမင်းသည် ရုတ်တရက် ဒေါသဖြစ်သွားသော်လည်း ပြန်၍မျိုသိပ်ထားလိုက်သည်။

"သူက ကျုပ်နဲ့ဘာမှမတော်ဘူး"

ထိုလူသည် အံ့သြသွားဟန်ဖြင့်...

"ဒါဖြင့် သူကဘာကိစ္စလိုက်လာတာလဲ"

ထိုအခါ ပိုကျူက ဝင်ပြောလေသည်။

"ကျွန်မအဖေနဲ့ တွေ့ဖို့လာတာ"

ထိုလူက ပို၍အံ့သြသွားကာ...

"ဟေ့...နင့်အဖေက ဒီနယ်မြေမှာ ရှိသလား၊ ဘယ်သူလဲ"

"တတိယကြယ်ဖ  လာတဲ့ ပိုထန်း"

ထိုလူသည် ခေါင်းငုံ့ချက်ညိတ်လိုက်ပြီး...

"သိပြီ နင်မျက်စိမမြင်တဲ့ ကလေးမ မဟုတ်လား"

"ဟုတ်တယ်"

"နင့်ကိုစောင့်ခေါ်ခဲ့တဲ့လူကော"

"သေသွားပြီ"



အညိုရောင်ဝတ်စုံနှင့်လူသည် အကြီးအကျယ်ထိတ်လန့်သွားကာ...

"သူက ဘာလို့သေသွားရတာလဲ"

ပိုကျူက မဲ့ပြုံးပြုံးလိုက်သည်။

"မပြောချင်ဘူးရှင့်"

ထိုလူသည် အူကြောင်ကြောင်ဖြစ်သွားကာ...

"နင်ဘာပြောလိုက်တာလဲ"

"အဲဒီအကောင်က ကျွန်မကို မဟားတရားလုပ်ဖို့ကြိုးစားလို့ မှတ်လောက်သားလောက်အောင် ဆုံးမလိုက်တာပါ"

ထိုလူသည် မျက်လုံးပြူးသွားပြီး...

"နင်ဆုံးမတာကလဲ အသေပါပဲလား"

"အဲဒါတောင် ညှာညှာတာတာ ဆုံးမခဲ့တာ"

"ဩော်...နင့်လေသံကလဲ သူနဲ့တထေရာတည်းပါလား၊ အဲဒီသေသွားတဲ့ကောင်ဟာ ငါ့ညီကွ၊ ကဲ..သေပေတော့"

အညိုရောင်ဝတ်စုံနှင့်လူသည် ပြောပြောဆိုဆို ဓားကိုဆွဲထုတ်ကာ ပိုကျူထံသို့ ခုန်ဝင်လိုက်သည်။

ထိုစဉ် သူ့ခန္ဓာကိုယ်သည် ရှေ့သို့ရောက်မလာဘဲ မူလနေရာမှာပင် ပြန်၍ရပ်တန့်သွားသည်။

ထိုလူ၏လက်ကို စွမ်းရီမင်းက ဖမ်းဆွဲထားလိုက်ခြင်းဖြစ်သည်။ စွမ်းရီမင်းက လေသံမာမာဖြင့် ထိုလူကို မေးလိုက်သည်။

"ခင်ဗျား ဘာလုပ်မလို့လဲ"

ထိုလူကလည်း ဒေါသတကြီးဖြင့် ပြန်ဖြေ၏။

"သူ့ကိုသတ်မလို့"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် တောင်းပန်ပါတယ်"

"ဘာမှတောင်းပန်စရာ မလိုဘူး"

"ခင်ဗျားသေမှာစိုးလို့ ပြောနေတာ"

ထိုလူသည် တံတွေးတချက်ထွေးလိုက်ပြီး...

"ထွီ...သူက ဘယ်လောက်များ ထက်မြက်နေလို့လဲ"

"ခင်ဗျားရဲ့ညီကို မေးကြည့်သင့်တယ်"

"အဲဒါ ငါ့ညီညံ့လို့ပေါ့ကွ"

စွမ်းရှိမင်းက အသာအယာပြုံးပြီး ပြောလိုက်လေ၏။

"ခင်ဗျားမှာ သတ်ပိုင်ခွင့်ရှိလို့လား"

"မင်းတို့နှစ်ယောက်စလုံးကို သတ်လို့ရတယ်"

စွမ်းရှိမင်းက မျက်လုံးပြူးသွားပြီး...

"ခင်ဗျားတို့ရဲ့ လူကြီးတွေက ဒီလိုပဲ မှာထားသလား"

"ဒါဥပဒေမဲ့နယ်မြေကွ၊ ဘယ်သူ့ကိုမဆို သတ်လို့ရတယ်"

"ဟုတ်လား... ဝမ်းသာစရာပဲ"

"ဘာဖြစ်လို့လဲ"

"ကျုပ်... ခင်ဗျားတို့လေးယောက်စလုံးကို သတ်မလို့"

ထိုလူသည် အကြီးအကျယ် ဒေါသထွက်သွားပြီး...

"ဩော်... မင်းတို့က ဒီလိုလား"

သူသည် ယင်းသို့ ပြောဆိုပြီးသည်နှင့် သူ့လူသုံးဦးအား သို့ လှည့်ကာ မျက်ရိပ်ပြလိုက်လေသည်။

ချက်ချင်းဆိုသလို သူနှင့်အဖော် ပါလာသော ဝတ်စုံညို ယောက်သည် ခါးတွင် ချိတ်ဆွဲထားသော ဓားများကို ရွှမ်းကနဲ ရွှမ်းကနဲ ဆွဲထုတ်လိုက်ကြသည်။



ဓားသွားများက နေရောင်အောက်တွင် ဖွေးကနဲ ဖွေးကနဲ လင်းလက်သွားကြသည်။

သူတို့သုံးယောက်သည် စွမ်းရှိမင်းနှင့် ပိုကျူတို့ကို ဝိုင်းရံထားလိုက်ကြသည်။

စွမ်းရှိမင်းကလည်း သူ့ဓားကို ဆွဲထုတ်ကာ ပိုကျူနှင့် ပခုံးချင်းယှဉ်လိုက်သည်။

ထိုစဉ်မှာပင် ဝတ်စုံညိုနှစ်ယောက်စီက စွမ်းရှိမင်းနှင့် ပိုကျူတို့ထံ လူချင်းခွဲ၍ ခုန်ဝင်ပြီး ရက်စက်ပြင်းထန်သော ဓားချက်များဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်လေတော့သည်။

သူတို့၏တိုက်ကွက်များမှာ ပြင်းထန်သည်။

တခဏအတွင်း ထိုနေရာတွင် သံသံချင်းထိသံ၊ မာန်သွင်းကြိမ်းမောင်းသံများဖြင့် ဆူညံသွားသည်။

တကယ်တမ်းဆိုပါမူ ဝတ်စုံညိုလေးယောက်၏ သိုင်းပညာမှာ အဆင့်နိမ့်လှသည် မဟုတ်ပေ။

သို့ရာတွင် စွမ်းရှိမင်းနှင့် ပိုကျူတို့၏ သိုင်းကွက်အဆင့်က သူတို့တဦးချင်းစီထက် များစွာ သာလွန်လျက် ရှိနေသည်။

ထို့ကြောင့် သိုင်းကွက်နှစ်ဆယ်ကျော်လာသော်လည်း လုံး အသာစီး မရဘဲ ရှိနေကြသည်။

ကြာလျှင် သူတို့အောက်စည်းသို့ ရောက်တော့မည်။ ထိုစဉ်

"ဟေ့... ရပ်လိုက်"

ထိုအသံနှင့်အတူ ကြည်ပြာရောင်ဝတ်စုံကို ခန့်ညားစွာ ဝတ်ဆင်ထားသော လူတဦးသည် တိုက်ပွဲနှင့် မနီးမဝေးတွင် မားမားရပ်နေသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အညိုရောင်ဝတ်စုံနှင့် လူလေးဦးသည် ထိုလူအား တွေ့ခြင်လိုက်သည်နှင့် နောက်သို့ ပြိုင်တူခုန်ဆုတ်ကာ တိုက်ခိုက်ခြင်းကို ချက်ချင်းရပ်တန့်ကာ ကြည်ပြာဝတ်စုံနှင့်လူ၏နောက်တွင် သွားရောက်၍ ရပ်နေလိုက်ကြသည်။

ကြည်ပြာဝတ်စုံနှင့်လူသည် စွမ်းရှိမင်းအား အသေအချာကြည့်ကာ...

"မင်း... စွမ်းရှိမင်း မဟုတ်လား"

"ခင်ဗျား... ပုရင်စီးဆိုတာလည်း ကျုပ်သိတယ်"

"ဒါဆို ငါဘာကြောင့် ဒီနယ်မြေ ရောက်လာရတယ်ဆိုတာလည်း မင်းသိမှာပေါ့"

စွမ်းရှိမင်းက ခေါင်းညိတ်ပြလိုက်သည်။

"သိပ်သိတာပေါ့၊ ခင်ဗျား ဘုရင့် ဘဏ္ဍာတော်တွေ ဘယ်မှာ ရှိတယ်ဆိုတာကို သတင်းပေးပြီး၊ တိုက်ခိုက်တဲ့နေရာမှာ အတူတကွပါခဲ့တယ် မဟုတ်လား"

ပုရင်စီးသည် အံ့သြသွားပြီး ခေါင်းကို ညိတ်ပြလိုက်သည်။

"မှန်တာပေါ့၊ ဒါတွေ အကုန်လုံး မင်းသိသားပဲ"

"ခင်ဗျားကို ဘုရင့်တပ်မတော်က လိုက်ဖမ်းနေတာ အားလုံးသိတယ်"

သူသည် မျက်မှောင်တချက်ကုပ်ကာ...

"မင်း... ငါတို့ကို စုံစမ်းဖို့ လိုက်လာတာတော့ မဟုတ်ဘူးနော်"

စွမ်းရှိမင်းက အနည်းငယ် ပြုံးလိုက်သည်။

"ကျုပ်လည်း ဘယ်လို ဖြစ်လာတယ်ဆိုတာ ခင်ဗျားတို့



သိမှာပါလေ"

ပုရင်စီးသည် တချက်ရယ်မောလိုက်ပြီး...

"ဒီက လူတွေက မင်းပြောတာကို ယုံမယ်တဲ့လား"

စွမ်းရှိမင်းသည် သူ၏ကျယ်ပြန့်သော ပခုံးကို တချက်တွန့်လိုက်သည်။

"ကျုပ် ဘယ်လိုပြောရမှာလဲ ကျိန်ပြောရအုံးမှာလား"

"ဒီနယ်မြေမှာ ဘယ်လိုလူမျိုးတွေနေတယ်ဆိုတာ မင်းသိလိမ့်မယ်"

"သိလို့လဲ ပြေးလာတာပေါ့ဗျာ"

"ဒါပေမယ့်... မင်းကို လက်ခံဖို့ ဆိုတာကတော့ သိပ်မလွယ်သေးဘူး"

"သူတို့ကတော့ အလေ့အကျင့် ရှိနေပြီကွ..."

စွမ်းရှိမင်းသည် ပုရင်စီးအား သေချာစွာ ကြည့်လိုက်သည်။

"ဒါထက် ခင်ဗျားက ဒီမှာ ဘာတာဝန်ယူထားသလဲ"

"အခု မင်းတွေ့တဲ့အတိုင်း"

"ဩော်... စစ်ဆေးရေးပေါ့ ဟုတ်လား"

ပုရင်စီးက ခေါင်းညိတ်ပြလိုက်ပြီး...

"သိပ်ဟုတ်တာပေါ့ကွာ"

စွမ်းရှိမင်းက တချက် ပြုံးလိုက်ပြီး...

"ဒါဆိုလဲ ခင်ဗျားစစ်ဆေးရမယ့် တာဝန်အတိုင်း စစ်ဆေးပါဗျာ၊ ကျုပ်ကတော့ ဘယ်နည်းနဲ့မဆို ဥပဒေမဲ့နယ်မြေကို မရောက်ရောက်အောင် သွားဖို့ ဆုံးဖြတ်ပြီးပြီ"

"ကောင်းပြီလေ... မင်းတို့စစ်ဆေးတာကို ကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးခံမလား"

ပုရင်စီက မေးမြန်းလိုက်သဖြင့် စွမ်းရီမင်းက ခေါင်းညိတ်၍

"ခင်ဗျားတို့ ကောင်းကောင်းမေးရင် ကောင်းကောင်းပြန်…ဖြေဖို့ ဝန်မလေးပါဘူး"

"ဒါဖြင့် မင်းတို့နှစ်ယောက် ငါ့နောက်ကို လိုက်ခဲ့"

ပုရင်စီးသည် ပြောပြောဆိုဆိုပင် ရှေ့မှလှည့်ထွက်သွား၏

စွမ်းရီမင်းလည်း ပိုကျူ၏လက်ကိုဆွဲ၍ ပုရင်စီးနောက်မှ လိုက်ပါသွားသည်။

တဲအိမ်ကလေးတခုဆီသို့ ရောက်ရှိလာခဲ့ကြသည်။

တဲအိမ်ကလေးမှာ သိပ်ပြီး မကြီးလှသော်လည်း အတော်အတန် ကျယ်ဝန်းသည်။ ထိုအိမ်ကလေးသည် ပုရင်စီးနှင့် စစ်ဆေးရေးသမားများ နေထိုင်သော အိမ်ကလေးပင် ဖြစ်တော့သည်။

ထိုနေရာမှာ စိတ်ကျေနပ်အောင် စစ်ဆေးပြီးမှသာ ဥပဒေ…မြို့ထဲသို့ ဝင်ရသည်ဟု သိရသည်။

ပုရင်စီးသည် စွမ်းရီမင်းနှင့် ပိုကျူတို့အား ကောင်းမွန်စွာ နေရာထိုင်ခင်းပေး၍ သိလိုသည့် အချက်များကို တချက်ခြင်း စစ်ဆေးနေသည်။

စွမ်းရီမင်းနှင့် ပိုကျူတို့လည်း ဖြစ်ပျက်သမျှ အလုံးစုံကို ကောင်းမွန်စွာပင် စစ်ဆေးခံခဲ့ကြသည်။

ပုရင်စီးသည် ကျေနပ်အောင် စစ်ဆေးပြီးမှ ဥပဒေမဲ့နယ်မြေအကြောင်းကို ရှင်းလင်းပြောပြလိုက်သည်။

သူပြောပြချက်အရဆိုလျှင် ဥပဒေမဲ့နယ်မြေတွင် မြို့တမြို့ တည်ဆောက်ထားသည်။



ထိုမြို့ကိုလည်း ဥပဒေမဲ့မြို့ဟု အမည်မှည့်ခေါ်ထားသည်။

သို့ရာတွင် ဥပဒေမဲ့မြို့သို့ သွားရောက်ရန်မှာလည်း လွယ်ကူလှသည် မဟုတ်ပေ။

ဤနေရာမှ သွားမည်ဆိုလျှင် နေ့ဝက်ခရီးသွားရမည် ဖြစ်၏။ ထို့ပြင်…

ဤနေရာမှ ဥပဒေမဲ့မြို့သို့ သွားရန်လမ်းခရီးတွင် နက်ရှိုင်းသော လျှိုမြောင်ကြီးတခု ကာဆီးနေသည်ဟု ဆိုလေသည်။

ပေနှစ်ကျော်ခန့် ကွာဟနေသော လျှိုမြောင်ကြီးကြောင့် တဘက်ရှိ ဥပဒေမဲ့နယ်မြေထဲသို့ မည်သည့်နည်းနှင့်မှ သွားရောက်၍ မရနိုင်ဟုဆိုလေသည်။ ဤသို့ဆိုလျှင်…

မည်ကဲ့သို့ သွားရပါမည်နည်း။ လွယ်ပါသည်။

သည်ဘက်တောင်ခါးပန်းမှ ဟိုဘက်တောင်ပန်းသို့ သွားရသည်မှာ လွယ်လွယ်ကလေးနှင့်ပင် ရောက်နိုင်သည်ဟု ပုရင်စီးက ပြောလေသည်။

တောင်ခါးပန်း တဘက်နှင့်တဘက် ကောင်းကင်ကြိုး သွယ်တန်းထားသည်။

အကယ်၍ သည်ဘက်ကလူ ဟိုဘက်သို့ ကူးလိုပါလျှင် အချက်ပြလိုက်ပါက သွယ်တန်းထားသော ကြိုးတန်းမှနေ၍ ပုခက်တဲ…း ရောက်ရှိလာမည် ဖြစ်ပေသည်။

ထိုပုခက်ပေါ်သို့ တက်လိုက်သည်နှင့် ဟိုဘက်က ကြိုးကို ဆွဲယူသွားသောအခါ တဘက်ကမ်းသို့ အလိုလို ရောက်ရှိသွားမည် ဖြစ်ပေသည်။

www.burmeseclassic.com


သို့သော်...

ထိုပုခက်သည် တခေါက်လျှင် လူတဦးသာ စီးခွင့်ရှိလေသည်။

ဤကဲ့သို့ အချက်အလက်များကို ပုရင်စီးက ပြောပြသော အခါ ဥပဒေမွဲနယ်မြေသို့ ရောက်ရှိရန်မှာ တကယ်ပင် မလွယ်ကူမှန်း စွမ်းရီမင်း ကောင်းကောင်းကြီး သိလိုက်လေ၏။

ထို့ကြောင့်လည်း...

ဤဒေသသည် ဘုရင့်အာဏာစက်နှင့် ကင်းကွာနေရခြင်း ဖြစ်သည်။

ပုရင်စီးသည် ဥပဒေမြို့သို့ သွားရာ လမ်းခရီးနှင့် ပတ်သက်၍ ရှင်းလင်းပြောပြပြီးနောက် ထိုနေ့ နေ့လယ်စာဖြင့် ကောင်းမွန်စွာဖြင့် ဧည့်ခံကျွေးမွေးသည်။

နေ့လယ်စာစားပွဲမှာ စားကောင်းသောက်ဖွယ်များနှင့် ပြည့်ဝစုံလင်လှသည်။

စွမ်းရီမင်းသည် ဤလိုနက်ရှိုင်းသော တောအုပ်အတွင်း၌ ဤကဲ့သို့သော စားကောင်းသောက်ဖွယ်များ ရှိနေသည်ကို အထူးပင် အံ့သြနေမိလေသည်။

မည်သူမှ မစီစဉ်နိုင်ဟု သူထင်ထားသည်။

သို့သော် သူတို့ စီစဉ်ထားနိုင်သည်။

ထို့ကြောင့် သူက ပုရင်စီးကို ကြည့်၍ စူးစမ်းသလို မေးမြန်းလိုက်သည်။

"ဒီအရက်တွေက တယ်ကောင်းပါလားဗျ။ ခင်ဗျားတို့ဆီမှာ ဒါတွေရှိတယ် ဟုတ်လား"

ပုရင်စီးက ခေါင်းညိတ်ရင်း ရယ်မောလိုက်လေ၏။

"ဒါက ဘာဟုတ်အုံးမှာလဲ၊ ခင်ဗျား မြို့ထဲရောက်သွားရင် ဒါထက် အံ့သြသွားရမယ်"

"ဗျာ... မြို့ထဲ ဟုတ်လား"

"ခင်ဗျား ချွန်အန်းက လာတာ မဟုတ်လား"

"ဟုတ်တယ်..."

"ဒီနယ်ဟာ ချွန်အန်းမြို့ထက် စည်ကားတယ်ဆိုရင် ခင်ဗျား ယုံမလား"

"လက်တွေ့ဆိုတော့လဲ ယုံရတော့မှာပေါ့ဗျာ"

"မယုံမရှိနဲ့ ခင်ဗျား ရောက်ရင် သိလိမ့်မယ်"

စွမ်းရီမင်းသည် အရက်များကိုသာ အားရပါးရ သောက်ချလိုက်သည်။

အမှန်တကယ် အရက်က ကောင်းလှ၏။

ပုရင်စီးသည် အရက်တမျိုးကို ပိုကျူအား လှမ်းပေးလိုက်လေသည်။

"အဲဒီအရက်ဟာ အမျိုးသမီးတွေနဲ့ အသင့်လျော်ဆုံးပဲ၊ ခင်ဗျား သောက်ကြည့်ပါ"

ပိုကျူကလည်း အတော်ပင်ပန်းနေသဖြင့် ငြင်းဆိုမနေတော့ဘဲ ပုရင်စီး ထည့်ပေးသော အရက်ကို အနည်းငယ် မော့ချလိုက်၏။

ထို့နောက် သူမက...

"မူးတယ်... မမူးတယ်တော့ ကျွန်မ မသိဘူး၊ သောက်ရတာတော့ မဆိုးလှပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပုရင်စီးက…

"အဲဒီအရက်က တော်ရုံသောက်လို့ မမူးပါဘူး၊ အများအား ဖြင့် အမျိုးသမီးနဲ့ကော အမျိုးသားနဲ့ပါ သင့်တော်တယ်လို့ ပြောကြ တာပဲ"

စွမ်းရှိမင်းသည် အရက်ကို တခွက်ပြီးတခွက် သောက်နေ ရင်းမှ ရုတ်တရက် ပုရင်စီးနှင့် ပတ်သက်သော သတင်းတခုကို ပြန် လည်သတိရမိသွားသည်။

ပုရင်စီးသည် မိန်းကလေးများ ဖျက်ဆီးခြင်းနှင့် ဓားပြတိုက် လှုသတ်ရာတွင် အလွန်ကျော်ကြား၏။

ယခု သူ၏မျက်လုံးများသည် ဘာမှ မမြင်ရရှာသော ပိုကျူ ၏မျက်နှာကိုသာ အာရုံစူးစိုက်နေသည်။

အရက်သောက်ထားသဖြင့် ပြောင်တင်းနေသော သူ၏မျက် နှာသည် ယခုအခါ ပိုမို၍ အရောင်လက်နေသည်ဟု ထင်ရပေ၏။

ထိုအရောင်သည် တပ်မက်မှုတဏှာရာဂ အရောင်များဖြစ် ကြောင်း စွမ်းရှိမင်း သတိပြုမိလိုက်လေ၏။

♣ ♣ ♣



အခန်း(၁၉)

## ရမ္မာဒကာ်

ပုရင်စီးသည် အရက်အတော်ပင် မူးနေလေပြီ။

စွမ်းရှိမင်းက ပုရင်စီးအား…

"ခင်ဗျား… ကျုပ်တို့ကို စစ်ဆေးတာ ကျေနပ်သွားပြီလား"

ပုရင်စီးသည် သူ၏နီရဲသော မျက်လုံးကြီးကို လှန်၍ ကြည့် လိုက်သည်။

"ငါအနေနဲ့ကတော့ မင်းကို ယုံပါပြီ၊ ဒါပေမယ့် မင်းကမူမ …လို့ အကောက်ကြံမယ်ဆိုရင်လဲ မင်းထိုက်နဲ့ မင်းကံပေါ့ကွာ"

"ကျုပ်က ဘာလို့ အကောက်ကြံရမှာလဲဗျ"

"ကျုပ်က စကားအဖြစ် ပြောတာပါ"

"ဒါဖြင့် ကျုပ်တို့ကို ဘယ်တော့ ဟိုဘက်ကမ်းကို ရောက် …င် ပို့ပေးမှာလဲ"

"ဒီနေ့တော့ အချိန်မရှိတော့ဘူးလေ၊ မနက်ဖြန်ကျမှပဲ …ပို့မယ်"

စွမ်းရှိမင်းက ဘာမှထပ်မပြောတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အရက်တခွက်ကို အပြည့်ထည့်၍ တရှိန်တည်း မော့ချလိုက်၏။

♣ ♣ ♣

ခြေသံချွတ်ကာနဲ ကြားလိုက်သည်နှင့် ပိုကျူသည် အိပ်ရာမှ ကပျာကယာ လူးလဲထလိုက်သည်။

သို့သော် သူမ၏ခန္ဓာကိုယ်သည် လေးလံလျက်ရှိနေသည်။

သူမသည် အားယူ၍ ထပါသော်လည်း ခန္ဓာကိုယ်တခုလုံး မလှုပ်ချင်အောင် နွမ်းနယ်လျက်ရှိနေသည်။

တရှပ်ရှပ်ခြေသံသည် သူမနှင့်တဖြည်းဖြည်း နီးကပ်လာ ဖြစ်၍...

"ဘယ်သူလဲ"

သူမက လျှာလေးအာလေးဖြင့် လှမ်းမေးလိုက်သည်။

သို့သော် တဘက်မှ မည်သည့်ဖြေသံကိုမှ မကြားရပေ

ထို့ကြောင့် သူမစိတ်ထဲတွင် စိုးရိမ်သွားမိတော့သည်။

ညဦးပိုင်းက သောက်လိုက်မိသည့်အရက်သည် သူမအား ကောင်းကောင်းကြီး ဒုက္ခပေးနေသည်ကို ရိပ်စားမိလာတော့၏။

"ဘယ်သူလဲလို့ ကျွန်မမေးနေတာ မကြားဘူးလား"

ခြေသံသည် ရပ်တန့်သွားပြီး ဖြေကြားသည့်အသံကိုတော လုံးဝမကြားရပါ။

သူ့သည် ခေါင်းရင်းမှစားကို အသာအယာဆွဲယူနေမိသည်

သို့သော်...



သူမ၏လက်သည် စားဆီသို့ တော်တော်နှင့်မရောက်နိုင် ဘဲလေးလံထိုင်းမှိုင်း၍နေပေသည်။

သူမသည် သတိကောင်းစွာ ရရှိနေသော်လည်း လှုပ်ရှား မှုနှေးကွေး၍ ထိုင်းမှိုင်းနေသည်ကို အလိုလိုဒေါသဖြစ်မိသည်။

ယင်းအခိုက်မှာပင် လူတယောက်သူမထံသို့ ခုန်လွှား ရောက်ရှိလာကာ သူမ၏လက်နှစ်ဖက်ကို ချုပ်ကိုင်လိုက်ခြင်းခံလိုက်ရ ပေသည်။

"လွှတ်...ရှင်..လွှတ်"

ပိုကျူသည် အသံကုန်ဟစ်၍ အော်တော့သည်။

သူမ၏ ကြိုးစားရုန်းကန်မှုများသည် လုံးဝအရာမရောက် တော့ပါ။

တုတ်ခိုင်သန်မာလှသော လက်ကြီးနှစ်ဖက်သည် သူမအား ချုပ်ညှပ်ကိုင်ထားသည့်အပြင် ထိုလူ၏ခန္ဓာကိုယ်ကြီးသည် သူမ အပေါ်သို့ တဖြည်းဖြည်းဖိလာတော့၏။

"လွှတ်စမ်း...ခွေးမျိုး...လူယုတ်မာ"

သူမသည် ပါးစပ်မှ ဟစ်အော်နေရသော်လည်း တကိုယ်လုံး အားနွမ်းဟိုက်နေပေတော့သည်။

ထိုအခါ လူကြမ်းကြီးသည် သူမ၏ပါးစပ်ထဲသို့ အဝတ်စအ ချို့ကို ထိုးထည့်လိုက်၏။

ပိုကျူသည် သူမ၏ဘဝ ဆုံးခန်းတိုင်ရောက်တော့မည်ကို ကောက်ချင်းသိရှိလိုက်သည်။

ထိုအချိန်တွင် အရက်အလွန်အကျွံသောက်၍ ဇောင်းစွာ အိပ်နေသော စွမ်းရီမင်းအား သူမကဒေါသဖြစ်သွားမိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ရှိသမျှအားကလေးနှင့် ရုန်းကန်နေပါသော်လည်း အချိန်ကြာမြင့်သည်နှင့်အမျှ သူမ၏လှုပ်ရှားမှုမှာ လုံးဝမရှိတော့ဘဲ လူကြမ်းကြီးပြုသမျှ နုရတော့မည့်အချိန်သို့ ကျရောက်လာပြီဖြစ်တော့သည်။

လူကြမ်းကြီးသည် သူမ၏အဝတ်အစားအချို့ကိုကြမ်းတမ်းစွာဆွဲချွတ်တော့သည်။

သူမသည် မျက်ရည်များဖြိုင်ဖြိုင် စီးကျလာသည်မှအပ ဘာမှမတတ်နိုင်တော့ပါ။

ယင်းအခိုက် သူမသည် ရုတ်တရက်ဝမ်းသာ ရှင်လန်းသွားတော့သည်။ အဘယ်ကြောင့်ဆိုသော်...

သူမ၏နှာခေါင်းထဲကို ရင်းနှီးသောအနံ့တခု တိုးဝင်လာသောကြောင့်ပင်။ သူမ၏ခန္ဓာကိုယ်ပေါ်မှ လေးလံစပြုနေသော လူကြမ်း၏ ကိုယ်မှာ ရုတ်တရက်ကွာထွက်သွားသည်ကို သိရှိလိုက်ရသည်။ ထိုအချိန်နှင့် မရှေးမနှောင်းပင်...

"ဝုန်း"

ဟူသောအသံကြီးသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ သူမသည် လျော့ရဲစပြုနေသော အဝတ်အစားများကို ကယောကယာပြန်လည် ဖုံးဖိလိုက်သည်။

ထိုစဉ် ဓားဆွဲထုတ်သံကြားလိုက်ရပြီး...

"အား...အား"

ဟူသောအသံကို ထပ်မံ၍ကြားလိုက်ရလေတော့သည်။

ထိုအသံကြီးကို ပိုကျူကောင်းကောင်းကြီး မှတ်မိလိုက်သည်။



ပုရင်စီး၏ အသံနက်ကြီးပင် ဖြစ်လေတော့သည်။

ထိုအချိန်တွင် သူ့အနားသို့ လျှောက်လာသည့်ခြေသံကို ကြားလိုက်သည်။

"ပိုကျူ...ပိုကျူ"

ကြင်နာစွာခေါ်လိုက်သော စွမ်းရီမင်း၏အသံကိုပါ ကြားလိုက်ရလေတော့သည်။

သူတို့နှစ်ဦးသည် မမျှော်လင့်ဘဲ တဦးကိုတဦး တင်းကျပ်စွာဖက်ထားမိသည်။

ပိုကျူသည် ရှိသမျှအင်အားကလေးဖြင့် စွမ်းရီမင်းအား ဖက်တွယ်ကာ ဝမ်းနည်းပက်လက် ငိုကြွေးလေတော့သည်။

"အစ်ကို...အစ်ကိုအရောက်မြန်ပေလို့ပေါ့ အစ်ကိုရယ်"

စွမ်းရီမင်းသည် ရင်ချင်းအပ်၍ ဖက်ထားရာမှ သူမ၏ဆံပင်များကို ပွတ်သပ်ပေးနေသည်။

"မငိုပါနဲ့ ညီမရယ်"

စွမ်းရီမင်းက နှစ်သိမ့်မှုပေးလိုက်လေ၏။

"ကျွန်မလေ..အစ်ကိုတော့ အရက်အမူးလွန်ပြီး အိပ်ပျော်နေပြီလို့ ထင်နေမိတာ"

"အစ်ကို အရက်ဘယ်လောက်ပဲ များများသောက်သောက် သတိလက်လွတ်မခံပါဘူး၊ ဒီလူရဲ့ စိတ်ထားကိုသိတယ်၊ ဒါကြောင့် တစေ့တစောင်း စောင့်ကြည့်နေတာ၊ ထင်တဲ့အတိုင်းပဲ ညီမအခန်းထဲကို ဝင်သွားတာ တွေ့လိုက်ရတာယ်"

ယင်းအခိုက် တံခါးနှစ်ချပ်သည် ရုတ်တရက်ပွင့်ထွက်သွားပြီး မီးတုတ်များကိုင်ဆောင်ထားသည့် အညိုရောင်ဝတ်စုံနှင့် လူလေး

www.burmeseclassic.com

www.burmeseclassic.com



ဦးကို တွေ့လိုက်ရလေသည်။

အညိုရောင်လူလေးဦးသည် ထောင့်တစ်ထောင့်၌ သေဆုံးနေသော ပုရင်စီးအားကြည့်ကာ မျက်လုံးများပြူးသွားတော့၏။

"ခင်ဗျား သူ့ကိုသတ်လိုက်ပြီ ဟုတ်လား"

စွမ်းရိမင်းက ခေါင်းညိတ်ပြလိုက်သည်။

"မြင်တဲ့အတိုင်းပဲ"

"ခင်ဗျားကို တတိယကြြယ်က ချမ်းသာပေးမှာ မဟုတ်တော့ဘူး"

"ကျုပ်ကလဲ တတိယကြယ်ကို ချမ်းသာမပေးဘူး"

အညိုရောင်လေးဦးသည် တယောက်မျက်နှာ တယောက်ကြည့်၍ တွန့်ကနဲဖြစ်သွားကြလေသည်။ တယောက်က...

"ခင်ဗျား တတိယကြယ်ရဲ့အကြောင်းကို မသိသေးလို့ ဒီလိုပြောတာ"

"သိပြီးတဲ့နောက်ပိုင်းမှာလဲ ဒီလိုပဲပြောမှာပဲ"

"ခင်ဗျားက လူမိုက်လား"

"မင်းတို့က လူလိမ္မာတွေလား"

အညိုရောင်နှင့်လူသည် ပါးစပ်ပိတ်သွားလေတော့၏။

ထို့နောက် သူတို့လေးဦးသည် ဓားကိုပြိုင်တူ ဆွဲထုတ်လိုက်ကြသည်။

စွမ်းရိမင်းသည် ပိုကျူအား ခုတင်ပေါ်သို့ အသာအယာတွန်းပို့လိုက်ပြီး သူမ၏ရှေ့မှ ကာဆီးထားလိုက်လေသည်။

ထို့နောက် သူသည် တစုံတခုကို ပိုကျူအား လှမ်းပေးလိုက်ပြီး...



"အဲဒီအမြစ်ကို ဝါးစားလိုက်"

ဟုလှမ်းပြောပြီး လူလေးယောက်အား လှည့်၍ရင်ဆိုင်လိုက်လေသည်။

"မင်းတို့လေးယောက်က ငါ့ကိုတိုက်မလို့လား"

တယောက်က...

"ကျုပ်တို့ဆရာကိုသတ်တာ လက်ပိုက်ကြည့်နေရမှာလား"

"လက်ပိုက်ကြည့်ရင် မင်းတို့အသက်ပိုရှည်မယ်၊ အဲဒါကို မင်းတို့သဘောပေါက်ကြ"

အညိုရောင်လေးဦးသည် ပြောမည့်သာပြောရသည် သူတို့တိုက်ကွက်များကို ကောင်းကောင်းကြီး သိထားပြီးဖြစ်သည်။

ယခုတဖန် အလွန်ပညာထက်မြက်လှသော ပုရင်စီးအား သတ်ဖြတ်ထားသည်ကို တွေ့ရပြန်သောအခါ အလိုလိုလန့်နေကြ၏။

"ခင်ဗျားကို ကျုပ်တို့က မတိုက်နိုက်ယင် တတိယကြယ်က ကျုပ်တို့ကို ဘယ်လိုထင်မလဲ"

"ဘယ်လိုထင်ရမှာလဲကွ၊ အမှန်ကိုအမှန်အတိုင်းပဲ ပြောပြလိုက်ပေါ့"

"ကောင်းပြီလေ ခင်ဗျားသတ်ကြောင်း ဝန်ခံယင်ပြီးတာလေ"

ထိုစဉ် စွမ်းရိမင်းက ထွက်သွားရန်ဟန်ပြင်နေသော လူလေးအား လှမ်း၍မေးလိုက်ပြန်သည်။

"မနက်ကျယင် ကျုပ်တို့ကို ဘယ်သူကလိုက်ပို့မှာလဲ"

"ခါတိုင်းတော့ ပုရင်စီးကိုယ်တိုင်ပဲ ပို့ရတာပဲ၊ ဒါပေမယ့် နက်ကျရင်တော့ ကျုပ်တို့တယောက်ယောက် လိုက်ပို့ပေးမှဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ နောက်ပြီး ဒီအကြောင်းကိုလဲ တတိယကြယ်ကို ကျုပ်တို့က တင်ပြရအုံးမှာ"

စွမ်းရှိမင်းသည် သေဆုံးနေသော ပုရင်စီး၏အလောင်းအား လက်ညှိုးထိုးပြလိုက်ပြီး...

"ခင်ဗျားတို့ ဒီအလောင်းကြီးကို ယူသွားတော့လေ၊ ကျုပ်တို့က ဒါကြီးကိုကြည့်ပြီး တရားမှတ်နေရမှာလား"

ထိုအခါ...

အညိုရောင်လေးဦးသည် ပုရင်စီး၏အလောင်းအား မထုတ်သွားလေတော့သည်။

သူတို့အနေဖြင့် ပုရင်စီး မည်သည့်အပြစ်ကြောင့် အသတ်ခံရသည်ကို သိရှိကြပြီးဖြစ်သည်။

သူတို့ တတိယကြယ်ကို အစီရင်ခံသောအခါ အပြည့်အစုံ အစီရင်ခံမခံကိုမူ စွမ်းရှိမင်း မသိပါချေ။

သို့သော်...အလောင်းကြီးကိုတော့ သူတို့ သယ်ယူသွားကြလေပြီ။

♣ ♣ ♣



အခန်း(၂၀)

## ကြိုးပုခက်

လှုနစ်စွာမှနက်ရှိုင်းသော လှိုဏ်မြောင်ကြီးတခု ဖြစ်ပါသည်။

စွမ်းရှိမင်းက အောက်သို့ငုံ့ကြည့်လိုက်သောအခါ ဘာတခုမှ သဲသဲကွဲကွဲမမြင်ရပေ။

လူတယောက်သည် မတော်တဆလိမ့်ကျသွားပါက အရိုးအသားပင် ရှာ၍တွေ့တော့မည် မဟုတ်ပေ။

ဟိုဘက်တောင်ကမ်းပါးထိပ်နှင့် သည်ဘက်တောင်ကမ်းပါးထိပ်ကို ခိုင်ခံ့သောကြိုးကြီးနှစ်ချောင်းက သွယ်တန်းထား၏။

ခက်ခဲလှသော ခရီးလမ်းကြီးပင်။

အညိုရောင်ဝတ်စုံနှင့်လူက တဘက်ကမ်းသို့ အချက်ပြလိုက်သောအခါ ကြီးမားသော စက်သီးကြီးတလုံးနှင့် ဆွဲချိတ်ထားသောပုခက်ကြီးတလုံးသည် တရွေ့ရွေ့နှင့် သည်ဘက်ကမ်းသို့ ရောက်ရှိလာလေသည်။

"ကဲ...ခင်ဗျားတို့ ဒီမှာနေခဲ့ကြအုံး ခင်ဗျားတို့ ကူးခွင့်ရမရ ကျုပ်သွားမေးပြီး၊ ပုရင်စီးကိစ္စကိုလဲ တင်ပြရအုံးမယ်၊ တတိယကြယ်

www.burmeseclassic.com

www.burmeseclassic.com



ကဘာအဆုံးအဖြတ်ပေးမှန်း မသိသေးဘူး"

အညိုရောင်ဝတ်စုံနှင့်လူသည် ထိုကဲ့သို့ပြောပြီးသည်နှင့် ပုခက်ပေါ်သို့ တက်လိုက်တော့၏။

ထိုအခါ ဟိုဘက်ကမ်းမှ ကြိုးစကိုပြန်ဆွဲလိုက်သဖြင့် စက်သီးတပ်ထားသော ပုခက်ကြီးသည် တဘက်ကမ်းဆီသို့ တရွေ့ရွေ့နှင့် ထွက်ခွာသွားလေတော့သည်။ ထိုအခါ...

"အစ်ကို"

"ပြောလေ...ညီမ"

"ဟိုဘက်ကို ကူးရတာ သိပ်ခက်ခဲတာပဲလားဟင်"

"ဟုတ်တယ်...အခုလို ကြိုးတန်းထားတဲ့ ပုခက်နဲ့ကူးတာ လွဲပြီး တခြားဘယ်လိုနည်းနဲ့မှ ဟိုဘက်ကို မရောက်နိုင်တာတော့ သေချာတယ်"

"သူတို့ရဲ့ ခွင့်ပြုချက်မရဘဲနဲ့ဆိုယင် ဘယ်သူမှ ကူးလို့ရမှာ မဟုတ်ဘူးပေါ့နော်"

"ဟုတ်တယ် ပုခက်ကလဲ ထယောက်ပဲကူးလို့ရတယ် သုံးယောက်လောက်ဆိုယင် ကြိုးကထိန်းနိုင်မှာမဟုတ်ဘူး"

"ဒါထက် အစ်ကို"

"ဟင်"

"ပုရင်စီးကိစ္စကို အစ်ကိုဘယ်လိုဖြေရှင်းမလဲဟင်"

စွမ်းရီမင်းက သက်ပြင်းတချက်ချလိုက်၏။

"ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ၊ အမှန်အတိုင်း ပြောရမှာပေါ့။ အစ်ကိုကတော့ ဂရုမစိုက်ဘူး"

"အစ်ကို့အတွက် ကျွန်မရင်လေးတယ် အစ်ကိုရယ်"



စွမ်းရီမင်းသည် ပိုကျူ၏ပခုံးပေါ်သို့ လက်တဖက်လှမ်းတင်လိုက်လေသည်။

"ဘာကို ရင်လေးတာလဲ ညီမရယ်"

"အစ်ကိုတစုံတခု ဖြစ်မှာကိုပေါ့"

စွမ်းရီမင်းက ပြုံးလိုက်သည်။

သို့သော် ထိုအပြုံးကို ပိုကျူက လုံးဝမြင်တွေ့နိုင်မည် မဟုတ်ပေ။

"အစ်ကို့အတွက် ဘာမှမပူပါနဲ့၊ ညီမသာ ကိုယ့်အဖေကိစ္စကို အဆင်ပြေအောင်ဆောင်ရွက်ပြီး မြို့ကိုအမြန်ဆုံးပြန်ပါ"

"အစ်ကိုကကော"

"အစ်ကို့ဘဝမှာ အပြန်လမ်းဆိုတာ အင်မတန် မရေရာတဲ့ကိစ္စတခုပါ"

"အစ်ကိုရယ်"

နှစ်ဦးစလုံး ပါးစပ်များပိတ်သွားသည်။

ဝမ်းထဲတွင် အတွေးကိုယ်စီ ရှိကြမည်တော့အမှန်ပင်ဖြစ်၏။

အတန်ကြာ တိတ်ဆိတ်ငြိမ်သက်သွားသော်လည်း ထိုတိတ်ဆိတ်မှုကို ပိုကျူက ဖြိုခွင်းလိုက်သည်။

"ကျွန်မတခု ပြောပါရစေ"

"ပြော"

"ကျွန်မ...ကျွန်မ...အစ်ကို့နားက လုံးဝမခွဲချင်တော့ဘူး"

စွမ်းရီမင်း၏ သက်ပြင်းချသံကို ပိုကျူကောင်းကောင်းကြီး ကြားမိလေသည်။

"ဒီမှာပိုကျူ"

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရီမင်း၏အံ့သံသည် ကြေကွဲဝမ်းနည်းသံ ပါနေသည်ကို သူမသိလိုက်သည်။

"ပြောလေ အစ်ကို"

"မီးဆိုတာ မငလောင်ခင်ကတားရတယ် ဆိုတဲ့စကားကို ကြားဖူးမှာပေါ့"

သူမက ခေါင်းညိတ်ပြလိုက်သည်။

"ကြားဖူးပါတယ်အစ်ကိုရယ်၊ ဒါပေမယ့် လောင်လာမယ့်မီး ကိုပဲ ကျွန်မ အတူတူရင်ဆိုင်ပါရစေ"

စွမ်းရီမင်းသည် ပိုကျူ၏မျက်နှာကလေးအား တစိမ့်စိမ့် ကြည့်ရှုနေမိလေသည်။

အပြစ်ကင်းစင်လှသော ပိုကျူ၏မျက်နှာကလေးသည် အားကိုးရာမဲ့နေရှာသော ကလေးငယ်တဦးပမာ သူ့အားမော့ကြည့် နေပေသည်။

ပိုကျူသည် စွမ်းရီမင်း၏လက်မောင်းကို ဖွစ်ညှစ်ကိုင်ထား ယင်းမှ...

"ကျွန်မလေ ဘယ်လိုပဲနေရနေရ အစ်ကို့နားမှာပဲ နေတော့ မယ်"

စွမ်းရီမင်းသည် တချက်တုန်လှုပ်သွားလေသည်။

"အို...မဟုတ်တာ ပိုကျူရယ်၊ သည်နေရာ သည်ဌာနမှာ ပိုကျူလို မိန်းကလေးတယောက်နဲ့ လုံးဝမအပ်စပ်ပါဘူး"

"ဒါပေမယ့် ကျွန်မစိတ်ထဲမှာတော့ သေတဲ့တောင် အစ်ကို နဲ့ပဲ အတူသေချင်တယ်"

"အို..မဖြစ်နိုင်လို့ပေါ့ ညီမရယ်၊ တကယ်လို့သာဖြစ်ခဲ့



ယ်ဆိုယင် အစ်ကို့ရဲ့ရင်ထဲက စကားလုံးကို ထုတ်ပြောပြီးတာ ကြာ ပါပြီကွာ"

သူမက အံ့အားသင့်သွားပြီး မော့ကြည့်လိုက်သည်။

"အစ်ကို့ရင်ထဲကစကား ဟုတ်လား"

"ဟုတ်တယ်"

"ပြောပါအစ်ကိုရယ် ကျွန်မ အင်မတန်ကြားချင်ပါတယ်"

စွမ်းရီမင်းက သက်ပြင်းရှည်တချက်ချယင်းမှ...

"ညီမ စကားပုံတခုကြားဖူးလား"

"ပြောပါအစ်ကို"

"ယုန်မရသေးဘဲ၊ ဟင်းအိုးမပြင်ရဘူးဆိုတာလေ"

"အဲဒီစကားက ဘယ်လိုလဲအစ်ကို"

"အို...ညီမကလဲ မဖြစ်နိုင်တဲ့အလုပ်တခုကို ထုတ်ဖော်ပြော ရလို့ကော ဘာအကျိုးထူးမှာလဲ"

"ဘာကိစ္စမဆို မဖြစ်နိုင်ဘူးဆိုတာကို ကျွန်မလက်မခံဘူး အစ်ကို၊ အဲ..မဖြစ်သေးတာပဲရှိတယ်"

စွမ်းရီမင်းက ပြုံးလိုက်၏။

"ညီမပြောတာ မှန်ပါတယ်၊ ဒါပေမယ့် လောကမှာလုပ် လို့မဖြစ်တဲ့ကိစ္စတွေ အများကြီးရှိနေတယ်ဆိုတာတော့ မေ့မ ထားသင့်ဘူး မဟုတ်လား"

"ဒါက ပြုလုပ်တဲ့လူရဲ့အပေါ်မှာ မူတည်တာပါ"

"ဒီလိုလဲမဟုတ်သေးဘူးလေ အခုဆိုယင် ဒီကြိုးပုခက်သာ ယင် တို့ဟိုဘက်ကမ်းကို ဘယ်လိုပဲကြိုးစားကြိုးစား ရောက်မှာ ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီထဲက အစ်ကိုမှားသွားပြီ"

"ဘာဖြစ်လို့လဲ"

"အခုလူတွေလုပ်လို့ပဲ ကြိုးပွခက်ဆိုတာ ရှိနေပြီ မဟုတ်လား"

စွမ်းရီမင်း ပါးစပ်ပိတ်သွားလေတော့၏။ သူ့ပါးစပ်ပြန်မဖွင့်ခင်မှာပင် ပိုကျူကာ ထပ်မံ၍ခေါ်လိုက် ပြန်သည်။

"အစ်ကို"

"ဟင်"

"အစ်ကို့ရင်ထဲကစကားတခွန်း ပြောချင်တယ်ဆိုတာ ပြောလေ"

"တကယ်တော့ အစ်ကိုဘာပြောမယ်ဆိုတာ ညီမသိပါတယ်လေ"

"အို..ဘယ်ကသိရမှာလဲ"

စွမ်းရီမင်းက မျက်မှောင်ကုပ်၍ ကြည့်လိုက်သည်။

"အစ်ကို ဆေးရွက်သွားရှာတုန်းက တယောက်တည်းပြောနေတဲ့စကားတွေ ညီမကြားတယ်ဆို"

ပိုကျူက ရယ်မောလျက်...

"အစ်ကိုရယ် ဒီလောက်ဝေးတဲ့ခရီးကလူရဲ့စကားကို ကျွန်မကြားတယ်ဆိုတာ တကယ်ပဲယုံသလားအစ်ကိုရယ်"

စွမ်းရီမင်းသည် မျက်လုံးပြူး၍ သူမအားကြည့်လိုက်လေ...

"ဒါ..ဒါဆို ဟိုတနေ့က စကားတွေကို ဘယ်သူကပြန်ပြောတာလဲ"

ပိုကျူက တခစ်ခစ်ရယ်ယင်းမှ...



"အစ်ကိုပဲ ပြန်ပြောတာပဲ"

"ဟင်..အစ်ကိုဘယ်မှာ ပြောရလို့လဲ"

"အိပ်နေယင်းနဲ့ ယောင်ယမ်းပြီး ပြောနေတာလေ"

"ဟောဗျာ"

ပိုကျူက တခွစ်ခစ်ရယ်နေပြန်သည်။

"အဲဒါဆိုလဲ...အစ်ကိုဘာပြောစရာလိုတော့လဲ"

"ဟင့်အင်း...ဟင့်အင်း မရဘူး၊ အစ်ကို့ပါးစပ်က အခုပြောရမယ်"

စွမ်းရီမင်းသည် သက်ပြင်းတချက်ချလိုက်ယင်းမှ သူမ၏လက်ကလေးကို ဆုပ်ကိုင်လိုက်လေသည်။ ထို့နောက်...

"အစ်ကိုညီမကို သိပ်ပြီးချစ်နေမိပြီ ညီမရယ်"

ပိုကျူသည် မျက်နှာကလေး ပန်းနုရောင်ပြေးလွှားသွားသည်မှအပ ဘာမှပြန်မပြောပါ။ သူမသည် ခေါင်းငုံ့ထားလေသည်။

"ပိုကျူ"

"ရှင်"

"စိတ်ဆိုးသွားသလား"

"ဆိုးတာပေါ့"

စွမ်းရီမင်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

"စိတ်ဆိုးတယ်ဟုတ်လား၊ အစ်ကိုတောင်းပန်ပါတယ်"

"ဒါကြောင့် မဟုတ်ပါဘူး"

"ဟင် ဒါဖြင့် ဘာဖြစ်လို့လဲ"

"အခုမှပြောလို့"

စွမ်းရီမင်းသည် ပတမကြောင်အမ်းအမ်း ဖြစ်သွားပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



နောက်မှသဘောပေါက်သွားဟန်ဖြင့် ပိုကျူအား သူ့ရင်ခွင်ထဲသို့ ဆွဲယူမိလိုက်လေတော့သည်။

တဘက်သို့ကူးရမည့် ပုခက်ကြီးသည် အချိန်အတော်ကြာမှ သူတို့ထံသို့ တရွေ့ရွေ့ရောက်ရှိလာလေသည်။

သို့သော် မည်သူတဦးတယောက်မှ ပါလာခြင်းမရှိပေ။

စွမ်းရီမင်းသည် သူတို့အနီးသို့ရောက်ရှိလာသည့် ပုခက်ကြီးအား အံ့အားသင့်စွာဖြင့် ငေးမောကြည့်ရှုနေမိသည်။ ထိုစဉ်...

ပုခက်ပေါ်၌ စာတစောင်ကို တွေ့ရှိလိုက်ရလေသည်။

"ပုခက်တော့ ပြန်ရောက်လာပြီပိုကျူ"

"ဟုတ်လား ဘယ်သူပါလာသလဲ"

"ဘယ်သူမှပါမလာဘူး၊ စာရေးပေးလိုက်တယ်၊ တယောက်လိုက်ခဲ့ပါတဲ့"

"ဒါဆို ကျွန်မတို့ကို သူတို့ကလက်ခံမယ်ဆိုတဲ့သဘောပေါ့"

"ဒါပဲပေါ့၊ ကဲ ညီမအရင်လိုက်သွား"

"အို..အစ်ကိုအရင်လိုက်သွားလေ"

"ဟာ...ညီမကလဲ နောက်တခေါက် ပုခက်ပြန်ရောက်လာတော့ ညီမတက်ရမှာ အခက်အခဲဖြစ်နေမှာပေါ့၊ အဲဒီလိုအဖြစ်မခံနိုင်ဘူး"

"အင်း...ဟုတ်တယ်နော်၊ ဒါဆို ညီမအရင်လိုက်သွားမယ်"

"ကောင်းပြီလေ"

စွမ်းရီမင်းသည် ပိုကျူအား ပုခက်ပေါ်သို့တွဲ၍တင်ပေးလိုက်လေသည်။



"ဘာမှစိုးရိမ်စရာမရှိဘူးနော် ညီမ၊ ငြိမ်ငြိမ်ကလေးသာလိုက်သွားပါ"

"စိတ်ချပါအစ်ကိုရဲ့"

ထိုကဲ့သို့ပြောပြီး သူမသည် စွမ်းရီမင်းရှိရာဘက်သို့ လက်ကလေးပြလိုက်လေသည်။

"သွားမယ်နော်အစ်ကို၊ ဟိုဘက်ရောက်မှ ညီမတို့တိုင်ပင်ကြတာပေါ့"

"ကောင်းပြီ ညီမ"

စွမ်းရီမင်းသည် တရွေ့ရွေ့ကူးခတ်သွားသော ချောက်ကမ်းပါးကူးခတ်သည့်ပုခက်ကြီးအား အာရုံစိုက်၍ငေးမော ကြည့်နေမိသည်။

မကြာမီ ပုခက်ကြီးသည် တဘက်သို့ချောမောစွာရောက်ရှိသွားသည်။

လူတယောက်က ပိုကျူအားလာရောက်တွဲ ခေါ်သွားသည်ကို စွမ်းရီမင်းက တွေ့မြင်လိုက်ရလေသည်။

တဘက်ကမ်းပါးတွင် အိမ်ကလေးများ အစီအရီဆောက်လုပ်ထားသည်ကို တွေ့မြင်ရလေသည်။

လူတယောက်က ပိုကျူကို ထိုအိမ်ကလေးတလုံးအတွင်းသို့ခေါ်ဆောင်သွားသည်ကို စွမ်းရီမင်း နောက်ဆုံးလှမ်းမြင်လိုက်ရသည်။

စွမ်းရီမင်းသည်သူ့ထံသို့ပြန်လာမည့်ပုခက်ကို စောင့်နေသည်။ သို့သော်...

အချိန်အတန်ကြာသည့်တိုင်အောင် ပုခက်ကပြန်လာသည်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာခြင်း မရှိသေးသဖြင့် စွမ်းရီမင်းစိတ်ထဲ၌ ထိတ်ကနဲဖြစ်သွားလေသည်။

တဘက်မှလူများသည် စွမ်းရီမင်းလာရောက်ရန်အတွက် တိုင်ပင်နေကြခြင်းလော။ သို့မဟုတ်...

သူ့အားမယုံသင်္ကာစိတ်ရှိ၍ ပိုကျူအား စစ်ဆေးမေးမြန်းခြင်းပေလော။

ဤနယ်မြေ၌ ဘာကိုမှမယုံရချေ။

ပုရင်စီး၏အဖြစ်အပျက်က သူတို့အတွက် သာဓကပင်။

ယခုအချိန်အထိ တဘက်ကမ်းမှ လူများကို တဦးတယောက်မှ မြင်တွေ့ရခြင်း မရှိသေးပေ။

စွမ်းရီမင်း အလိုလိုစိတ်တိုလာတော့သည်။

သူသည် ဆက်လက်သီးခံနိုင်စွမ်း မရှိတော့သကဲ့သို့ လှမ်း၍အော်ဟစ်လေတော့သည်။

"ဟေ့လူတွေ ကျုပ်မကူးရတော့ဘူးလား"

သူအော်ဟစ်လိုက်သည့် အသံသည် တဘက်မှကြားလောက်ပေသည်။ သို့သော်...

မည်သည့်တုံ့ပြန်သံမှ မကြားရပေ။

မည်သည့်ပြန်အော်သံမျှ မကြားရချေ။

စွမ်းရီမင်းသည် အချိန်ကြာညောင်းလာသည်နှင့်အမျှ သူ၏စိတ်တို့သည် မငြိမ်မသက်ဖြစ်လာတော့သည်။

သူသည် ပိုကျူအတွက် လွန်စွာစိုးရိမ်မိလေ၏။

သူသည် ကြိုးတန်းသာလျှောက်တတ်ပါလျှင် လျှောက်သွားချင်သည့်ဆန္ဒက ပေါ်လာတော့သည်။



သို့သော် လွယ်မည်မထင်ပါ။

သူတို့တတွေသည် ထိုကြိုးများအား အချိန်မရွေး ခါယမ်းပစ်နိုင်လေသည်။

ယခုအခါ သူ၏စိတ်သည် အတော်ပင်လှုပ်ရှားလျက်ရှိနေပေသည်။

ထို့ပြင် ပိုကျူ၏အခြေအနေသည် မည်သို့မည်ပုံဖြစ်နေသည်ကို သိချင်လှပြီဖြစ်ပါသည်။ သူကစဉ်းစားမိသည်မှာ...

မသင်္ကာဆိုလျှင် ပိုကျူသည် သူ့အားအခြေအနေကို ကိုယ်ရောင်ပြသင့်သည်ဟု ထင်မိသည်။

ဒုက္ခတခုခုကြုံ၍သာ အရိပ်အရောင် မမြင်ရခြင်းဖြစ်မည်ဟု ထင်မိပြန်သည်။

ယင်းကဲ့သို့ထင်မိသည်နှင့် သူ၏စိတ်များသည် နေမထိထိုင်မသာ ဖြစ်လာကာ ကတုန်ကယင် ဖြစ်လာတော့၏။

သူသည် ညကတည်းခိုခဲ့သော ပုရင်စီး၏တဲဆီသို့ ပြန်သွား၍အစောင့်များအား အခြေအနေအား ပြောရန် စိတ်ကူးမိတော့၏။

ထို့ကြောင့်...

သူသည် နောက်ကြောင်းသို့ပြန်လှည့်ရန် ခြေလှမ်းပြင်လိုက်မိလေ၏။ ချက်ချင်းပင် သူ့ခြေလှမ်းများ ပြန်ရပ်သွားသည်။

အဘယ်ကြောင့်ဆိုသော် ပုခက်ကြီးသည် လှုပ်ရှားလာပြီး သူ့ဆီသို့တရွေ့ရွေ့ထွက်ခွာလာသည်ကို တွေ့မြင်လိုက်သောကြောင့်တည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၁)

## ထထိယကြယ်ဖိသမီး

စွမ်းရှိမင်းသည် စက်သီးပုခက်ပေါ်တွင် တရွေ့ရွေ့လိုက်ပါလာသည်။

စက်သီးပုခက်သည် တဖြည်းဖြည်း တဘက်ကမ်းနှင့် နီးကပ်သည်ထက် နီးကပ်လာသည်။

သို့ရာတွင် တဘက်ကမ်းပါးသို့ ရောက်ကာနီး ဆယ်ပေခန့် အကွာတွင် ပုခက်သည် ရုတ်တရက် ရပ်တန့်သွားလေသည်။

သူက ရုတ်တရက် တဘက်ကမ်းပါးပေါ်သို့ လှမ်းကြည့်လိုက်သည်။

တဘက်ကမ်းပါးတွင် လူတယောက် မားမားကြီးရပ်တန့်နေသည်ကို တွေ့ရသည်။

ထိုလူသည် အာဏာထက်သူတယောက်ဖြစ်ကြောင်း သူ့ပုံစံကဖော်ပြနေ၏။

သူ့ဘေးတွင် သိုင်းသမားနှစ်ဦးက တဘက်တချက်မှ ရပ်တန့်နေသည်ကို တွေ့ရ၏။



သူသည် လက်ပိုက်လျက်မှ စွမ်းရှိမင်းကို လှမ်းကြည့်နေပေသည်။ ထို့နောက် ခက်ထန်သောအသံဖြင့် လှမ်းမေးလိုက်၏။

"မင်းနာမည်"

"စွမ်းရှိမင်း"

"မင်းမြို့စားဝမ်ကြည်ဖုန်းကို ဓားနဲ့ထိုးပြီး ပြေးလာတာ အမှန်ပဲလား"

"ခင်ဗျားတို့ ကြားပြီးရောပေါ့"

"ငါမင်းကိုမေးတာ၊ မင်းဖြေတာပဲ ကြားချင်တယ်"

စွမ်းရှိမင်းသည် ခက်ထန်မာကျောပြီး တိကျပြတ်သားလှသောအသံကြောင့် ရုတ်တရက် တုန်လှုပ်မိသလို ဖြစ်မိသော်လည်း သူ၏ဝသီကိုတော့ မဖျောက်ပေ။

သူသည် ခပ်ဆတ်ဆတ်ပင် ပြန်ဖြေလိုက်၏။

"ဟုတ်တယ်၊ ကျုပ်ဝမ်ကြည်ဖုန်းကို ဓားနဲ့ထိုးပြီး ပြေးလာတာ"

"မင်း ဒီနယ်မြေမှာပဲ နေမှာလား"

"နေမလို့လာတာပေါ့"

"မင်းဖတ်ခဲ့တဲ့ စည်းကမ်းချက်ကို သဘောတူသလား"

"ကျုပ်သဘောတူလို့ ဒီကိုရောက်အောင် လာခဲ့တာပေါ့"

"ကောင်းပြီ..မင်းကတိတည်ပါစေ"

ထိုကဲ့သို့ပြောပြီးသည်နှင့် ယင်းပုဂ္ဂိုလ်ကြီးသည် သူ၏သိုင်းသမားနှစ်ဦးနှင့်အတူ ထွက်ခွာသွားတော့သည်။

မကြာမီ သူ၏ပုခက်ကြီးသည်လည်း ချောက်ကမ်းပါးပေါ် ရောက်ရှိလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အပေါ်သို့ရောက်လျှင်ရောက်ခြင်း အိမ်တလုံးအတွင်း၌ ထိုင်နေသော သိုင်းသမားနှစ်ဦးအား မေးလိုက်သည်။

"ဒီမှာမိတ်ဆွေ၊ စောစောက ရောက်လာတဲ့ မိန်းကလေးကော၊ ကျုပ်အရင်ရောက်တဲ့ မိန်းကလေးလေ"

ထိုသူနှစ်ယောက်သည် ကြိုးတံတားကိုစောင့်ကြပ်ရသော အစောင့်များဖြစ်ဟန်တူသည်။

သူတို့အနီးတွင် တံတားမှပုခက်ကို ဆွဲရစ်သည့်လှည်းဘီးဝိုင်းရဟတ်ကြီး ရှိနေသည်။

ထိုလှည်းဘီးရဟတ်ကြီးကို လှည့်ပါက ပုခက်သည် ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းကို ပြေးလွှားနေမည်ဖြစ်ပေသည်။

စွမ်းရီမင်းက စိတ်မရှည်သောဟန်ဖြင့်...

"ဟေ့လူတွေ ကျုပ်မေးနေတာကို မကြားဘူးလား၊ စောစောကရောက်လာတဲ့ မိန်းကလေး ဘယ်ရောက်သွားသလဲ၊ ဘယ်သူခေါ်သွားသလဲ"

ထိုအခါတွင် အရပ်မြင့်မြင့်နှင့် ကိုယ်လုံးကိုယ်ထည်တောင့်တင်းသောလူကြီးသည် စွမ်းရီမင်း၏အနားတွင် ရပ်တန့်လိုက်သည်။

ထိုလူကြီးသည် လက်နှစ်ဖက်ကို ဆုပ်ချည်ဖြန့်ချည်လုပ်နေလေသည်။ သဘောက စွမ်းရီမင်း၏မျက်နှာကို လက်သီးနှင့်ထိုးချင်နေသည့် သဘောပင်ဖြစ်ပေသည်။

"ဒီမှာငါ့လူ"

"ဟုတ်ကဲ့ ပြောပါ"

"မင်းကို အသက်ညှာဆုံးနဲ့ အညှာတာဆုံး သဘောထားပြီး ပါးစပ်နဲ့ပဲပြောလိုက်မယ်၊ မင်းဒီမှာ ဘာအကြောင်းမှ စပ်စု...



မြန်းလို့မရဘူးဆိုတာ မှတ်ထားပါ၊ ဟောဟိုမှာ မင်းသွားဖို့ မြင်းလှည်းရပ်ထားတယ်"

စွမ်းရီမင်းက လှည့်ကြည့်လိုက်သည်။ မှန်ပေသည်။

မြင်းလှည်းတစီးနှင့် မြင်းလှည်းမောင်းသူသည် ရပ်စောင့်နေသည်ကို တွေ့လိုက်ရပေသည်။

သူသည် လူထွားကြီးအား တစုံတခုမေးမည်ဟု ကြံလိုက်သော်လည်း ထိုသူ၏ထံမှ မည်သို့သောစကားမှ ထပ်မံပေါ်ထွက်လာမည် မဟုတ်သည်ကို သိရှိလိုက်သဖြင့် လက်လျှော့ထားလိုက်သည်။ ထို့နောက်...

သူသည် မြင်းလှည်းရှိရာသို့သာ လျှောက်ခဲ့လေတော့၏။

သူသည် မြင်းလှည်းသမားအားမော့ကြည့်လိုက်လေသည်။

"ခင်ဗျားက ကျုပ်ကို ဘယ်ကိုပို့မှာလဲဗျ"

"ဘက်မှာသာတက်ပါလေ၊ ရောက်တော့သိမှာပေါ့"

စွမ်းရီမင်းသည် ပခုံးတချက်တွန့်လိုက်လေသည်။

ဤနယ်မြေမှလူတွေကို ဆက်ဆံရသည်မှာ မလွယ်ကူမှန်း သိရှိလိုက်တော့သည်။

သူသည် ဘာမှမေးမြန်းခြင်း မပြုတော့ဘဲ မြင်းလှည်းပေါ်သို့ တက်ထိုင်လိုက်လေသည်။

ထိုအခါ မြင်းလှည်းမှာလည်း နည်းနည်းကလေးမှ တုံ့ဆိုင်းနေဘဲ ရုတ်ခြည်းပြေးလွှားသွားလေတော့သည်။

စွမ်းရီမင်းသည် အမှန်ပင် အံ့သြသွားရတော့သည်။

ပုရင်စီးပြောလိုက်သော စကားများသည် မုသားလုံးဝမပါသည်ကို တွေ့ရှိလိုက်ရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် မြင်းလှည်းဖြတ်သွားသော နေရာသည် လမ်းကြီးလမ်းငယ် အသွယ်သွယ်ဖြင့် အလွန်ကျယ်ဝန်းသော မြို့ကြီးတမြို့ဖြစ်နေသည်။

မြင်းများစီး၍ အလျှိုအလျှိုသွားနေကြသောသူများ တွေ့ရသည်။ စားသောက်စရာဆိုင်များလည်း အမျိုးစုံတွေ့ရ၏။

မြင်းလှည်းများကလည်း နေရာတိုင်းလိုလို ရှိနေပေသည်။

ဤသည်ကို ကြည့်ရခြင်းအားဖြင့် ဤမြို့ကြီးသည် သေးငယ်သောမြို့တမြို့မဟုတ်သည်မှာ သေချာလှသည်။ သို့သော်—

လူဦးရေ ထူထပ်များပြားသည်ကို မတွေ့ရပေ။ ထို့အပြင် တအိမ်နှင့်တအိမ်၊ ဆိုင်တဆိုင်နှင့်တဆိုင်မှာ အလွန်ကွာလှမ်းလှ၏။

မြို့တွင်းရှိနေအိမ်နှင့် အစားအသောက် ဈေးဆိုင်များကို ဆောက်လုပ်ထားမည်ဆိုပါလျှင် တလမ်းတည်းနှင့်လုံလောက်သည်။

ယခုမူ အိမ်ခြေများကို ကျယ်ပြန့်အောင် တအိမ်နှင့်တအိမ် အလှမ်းကွာဝေးစွာ ဆောက်လုပ်ထားသောကြောင့် မြို့ကွက်မှာ ကျယ်ပြန့်နေပြီး လမ်းကြီးလမ်းငယ်များမှာ ရှည်လျားနေခြင်းဖြစ်သည်။

မြင်းလှည်းပေါ်တွင် စီးနင်းလိုက်ပါယင်း လမ်းတဘက်သို့ ငေးကြည့်နေစဉ်မှာပင် မြင်းလှည်းသည် ရုတ်တရက် ရပ်တန့်သွားသည်။

စွမ်းရှိမင်းက အသေအချာကြည့်လိုက်ရာ အိမ်ကြီးတအိမ်ရှေ့တွင် ရပ်တန့်ထားခြင်းဖြစ်ကြောင်း တွေ့မြင်လိုက်ရသည်။

သူက မြင်းလှည်းမောင်းသမားအား မော့ကြည့်ကာ—

"ဘာလဲဗျ။ ကျုပ်ဆင်းရတော့မှာလား"

မြင်းလှည်းသမားက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့"

"ဒီအိမ်ထဲကို ဝင်သွားရမှာလား"

"ဟုတ်ကဲ့"

မြင်းလှည်းသမားက ထိုကဲ့သို့သာပြောပြီး ပြန်လည်မောင်းထွက်သွားလေတော့သည်။

စွမ်းရှိမင်းသည် အိမ်ထဲသို့ တလှမ်းချင်းဝင်လာခဲ့၏။

အိမ်ကြီးမှာ ကြီးမားသလောက် တိတ်ဆိတ်ငြိမ်သက်လွန်းသည်။ သူသည် တံခါးဝမှ ခေါင်းလောင်းကို လှုပ်ယမ်းလိုက်ပြီးရပ်စောင့်နေလိုက်သည်။

အတန်ကြာ စောင့်နေသော်လည်း မည်သူတဦးတယောက် ထွက်လာသဖြင့် စွမ်းရှိမင်းက နောက်ထပ်တကြိမ် ခေါင်းလောင်းကို ခပ်ကြမ်းကြမ်းကလေး လှုပ်ယမ်းလိုက်၏။

ဤတကြိမ်တွင်လည်း အတွင်းမှမည်သူတယောက်မျှ ထွက်မလာပြန်ပေ။

စွမ်းရှိမင်း စိတ်တို၍ နောက်တကြိမ်လှုပ်ယမ်း မည်ပြုစဉ်မှာပင် သာယာသော အသံတသံကို ကြားလိုက်ရလေသည်။

"တံခါးဖွင့်ထားပါတယ်ရှင့် ဖွင့်ပြီးဝင်ခဲ့ပါ"

စွမ်းရှိမင်းသည် တလှမ်းချင်း အိမ်ထဲသို့ ဝင်သွားတော့သည်။

စွမ်းရှိမင်းက တလှမ်းချင်းလှမ်း၍ ဝင်လာသော်လည်း အိမ်ရှိလူသားဟူ၍ တဦးတယောက်မှ မတွေ့ရချေ။

သက်မဲ့ပစ္စည်းများကိုတော့ သူကတွေ့ရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မီအဖိုးတန်သော အိမ်ထောင်ပရိဘောဂများ။

တောထဲမှရထားသည့်သမင်ချိုများ။

ကျားသားရေ၊ ကျားသစ်သားရေများသည် အိမ်၌အလှအ
သဖွယ် တန်ဆာဆင်ထားပေသည်။

သူသည် ဧည့်ခန်းမှ ချောင်းတချက်ကိုဟန့်ကာ အသံ
လိုက်သည်။

"အဟမ်း...အဟမ်း"

"ဒီကိုရောက်အောင် မလာနိုင်ဘူးလား"

စောစောက မိန်းကလေး၏အသံကို သူကထပ်မံကြားလို
ပြန်သဖြင့် ထိုနေရာသို့ ရဲရဲတင်းတင်းပင် လှမ်းဝင်သွားသည်။

စားသောက်ခန်းတခုတွင် ကြီးမားခန့်ညားသော စားပွဲ
တလုံးရှိနေပြီး ထိုစားပွဲပေါ်တွင် စားသောက်စရာများ အပြည့်အ
ပြင်ဆင်ထားလျက်ရှိ၏။

စားပွဲဘေးရှိ ကုလားထိုင်တလုံးတွင်မူ လှပသောမိန်း
လေးတဦး အခန့်သားထိုင်နေသည်ကို တွေ့ရှိလိုက်ရသည်။

ထိုမိန်းကလေးက သူ့ကိုတွေ့မြင်လိုက်သည်နှင့် ထိုင်
မှထ၍ အရိုအသေပေးလိုက်ပြီး ချိုလွင်သောအသံဖြင့် ပြောသ

"ထိုင်ပါရှင်"

ကုလားထိုင်တလုံးကို ညွှန်ပြပေးလိုက်၏။

စွမ်းရီမင်းသည် ကုလားထိုင်တလုံး၌ ဝင်ထိုင်လိုက်၏။

ထို့နောက် ဘာမှမေးမြန်းပြောဆိုခြင်းမရှိဘဲ အရက်
ကိုထည့်၍ သောက်လိုက်ပြီး ဘဲဥအင်တလုံးကို ပါးစပ်ထဲသို့ ပစ်
လိုက်သည်။



သူသည်သူ့ရှေ့တွင် လှပသော မိန်းကလေးတဦးရှိနေသည်
ကိုလုံးဝဂရုမစိုက်ဘဲ သူလုပ်ချင်ရာကို လုပ်လိုက်ခြင်းဖြစ်သည်။

သူသည် ဤမျှရိုင်းစိုင်းသော လူတဦးတော့မဟုတ်ပါ။

သို့သော် ဤဒွာန၊ ဤနယ်မြေသည် ထိုကဲ့သို့ ပြုကျင့်မှ
သာသင့် လျော်တော့မည်ဟု ယူဆထားသည့်အတွက် ဤကဲ့သို့ပင်
ပြုမူ ဆက်ဆံလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့်...

သူသည် မလုပ်ဖူးသော အလုပ်တွေကိုလုပ်သည်။

မလုပ်ဖူးသော အမူအရာတွေလုပ်၏။

မပြောဖူးသော စကားတွေကိုပြောသည်။

မှားသည်မှန်သည်ကို အချိန်ကသော်လည်းကောင်း၊ အ
ပျက်ကသော်လည်းကောင်း သက်သေပြသွားမည်ဟု ထင်မြင်ယူဆ
ထားသည်။

သူသည် အရက်တခွက်ကို ထပ်မံထည့်၍ ပြုံကနဲမော့
သောက်လိုက်ပြန်သည်။

သူသည် မူလကပင် အရက်ကိုနှစ်ခြိုက်စွာ သောက်သုံးလေ့
သူဖြစ်သောကြောင့် ယခုလည်း အရက်ကိုသာ တွင်တွင်သောက်
ခြင်းလည်းဖြစ်၏။ အရက်တအိုး ကုန်သွားသည်။

"ရှင့်ကိုတော့ ကျွန်မကြိုက်သွားပြီ"

သူ၏လှုပ်ရှားမှုများကို အစမှအဆုံး ထိုင်ကြည့်နေသော
မချောကလေးက ပြောလိုက်၏။ သူသည်မိန်းကလေးကို လုံးဝ
ကြည့်ဘဲ ပြန်လည်၍ အဖြေပေးလိုက်လေသည်။

"ငါကတော့ မင်းကိုလုံးဝစိတ်မကူးဘူး"

မိန်းကလေး၏မျက်နှာသည် ချက်ချင်းတင်းမာနီရဲသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"အာရှင့်"

"မင်း...နားမကောင်းဘူးလား"

"ရှင်စကားပြောယင် ကြည့်ပြောပါ"

"ဘယ်သူ့ကိုကြည့်ပြောရမှာလဲ"

"ဆင်ခြင်ပြောဖို့ ပြောတာရှင့်"

စွမ်းရှိမင်းက ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ယင်း...

"လုံးဝမပြောလို့ မရဘူးလား"

မိန်းကလေးသည် နှုတ်ခမ်းတချက်စူလိုက်သည်။

"ပြောသင့်တာတော့ ပြောရမှာပဲ"

"ဒါဖြင့်ပြော"

"အိမ်ရှင်က ခွင့်မပြုသေးဘဲ ဒီအစားအသောက်တွေ ယူစားတာ ရိုင်းရာမကျဘူးလား။ ဘယ်သူမဆို အိမ်ရှင်ဆီမှာ ခွင့်တောင်းတယ်ရှင့်"

စွမ်းရှိမင်းသည် ခပ်ထွေထွေပြုံးလိုက်ပြီးမှ မိန်းကလေးအား မော့ကြည့်ယင်း ပြန်ပြောသည်။

"ကျုပ်ကိုရိုင်းတယ်လို့ ခင်ဗျားက ပြောတာပေါ့ ဟုတ်လား"

"ဟုတ်တယ် ရှင့်ကိုပြောတာ"

"ဒီရောက်နေတဲ့လူတွေက ယဉ်ကျေးကြလို့လား"

"ရှင့်ကို ကျွန်မကစေတနာနဲ့ ပြောတာ"

"ဟုတ်ကဲ့ ထပ်ရှင်းပြပါအုံး"

"ဒီအစားအသောက်တွေထဲမှာ အဆိပ်တွေထည့်ထားယင် ဘယ့်နှယ်လုပ်မလဲ"



"ဒီလူတွေက ကျုပ်ကိုသေစေချင်ယင် ဒီအခန်းထဲရောက်မလာဘူး။ ကြိုးတံတားမှာထဲက ကိစ္စတုံးကြမှာပေါ့"

"ဒီလိုတော့လဲ ရှင်တွက်တတ်သားပဲ"

စွမ်းရှိမင်းက သူ၏နားထင်ကို လက်ညှိုးနှင့်ထောက်ပြီး...

"ကျုပ်မှာ ဦးနှောက်ရှိတယ်"

"ရှင် ဒီကိုရောက်လာတာ ဘာအမှုတွေ ကျူးလွန်ခဲ့လို့လဲ"

စွမ်းရှိမင်းသည် သူမအား မျက်မှောင်ကုပ်၍ ကြည့်လိုက်လေသည်။

"ဒီမှာ မိန်းကလေး"

"ဟုတ်ကဲ့ရှင့် ပြောပါ"

"ကျုပ် ဒီဘက်ကိုမကူးခင် စည်းကမ်းချက်ဆိုင်းဘုတ် ဖတ်ခဲ့တယ်"

သူမကလည်း မျက်မှောင်ကုပ်ကာ...

"အင်း...ဘာတဲ့လဲ"

"ဒီနယ်မြေမှာ မစပ်စုရဘူး၊ မစုံစမ်းရဘူးတဲ့"

မိန်းကလေးသည် ပါးစပ်ပိတ်သွားတော့သည်။

စွမ်းရှိမင်းသည် အရက်ကို ထပ်မံထည့်ကာ ဟန်ပါပါဖြင့် သောက်နေလိုက်သည်။

"ဒါက ဒီလိုရှိတယ်ရှင့်"

"အင်း...ပြောပါအုံး"

"မေးပိုင်ခွင့်ရှိတဲ့လူနဲ့ မေးပိုင်ခွင့်မရှိတဲ့လူဆိုပြီး နှစ်မျိုးနှစ်စားရှိတယ်ဆိုတာလဲ မမေ့မထားနဲ့အုံးလေ"

"ဟုတ်လား၊ မင်းက မေးပိုင်ခွင့်ရှိတဲ့လူပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါတော့"

"ကျုပ်ကလည်း ဖြေချင်မှဖြေမယ်၊ မဖြေချင်ယင်လည်း မဖြေဘူးဗျာ"

မိန်းကလေးသည်စွမ်းရီမင်းအား သဘောကျသကဲ့သို့ ပြုံးလိုက်မိလေသည်။

"ရှင်က မဆိုးပါဘူး"

"အဲဒါတော့ မှားတယ်"

"ဘာဖြစ်လို့လဲ"

"ဒီနယ်မြေရောက်လာကတည်းက ဆိုးလို့ရောက်လာတာပေါ့"

မိန်းကလေးသည် တခစ်ခစ်ရယ်မောလိုက်သည်။

"ရှင်နဲ့စကားပြောရတာ ကျွန်မပျော်သွားပြီ"

"ဒါဆို ကျုပ်ကိုကျွေးမွေးရကျိုးနပ်တယ်ပေါ့ ဟုတ်လား"

"ထားပါတော့လေ၊ ဒါထက် ရှင့်နာမည်လေး ပြောပြပါအုံး"

"ခင်ဗျား နုထိမသိသေးဘူးလား"

"ကျွန်မကို ဘယ်သူမှ မပြောပြသေးဘူးရှင့်"

"ကျုပ်က ဒီအိမ်ကို ဘယ်သူ့အမိန့်နဲ့ ရောက်လာရတာလဲ"

"အလို့ ရှင်ကတောင် မေးခွန်းပြန်ထုတ်နေပါကောလား"

"အလဲအလှယ်သဘောပေါ့ဗျာ"

မိန်းကလေးက ပြုံးလိုက်လေသည်။

"ရှင့်ကိုတော့ ကျွန်မကြာလေကြိုက်.."

သူမသည် စကားကိုတပိုင်းတစနှင့် ဖြတ်ထားလေသည်။ ပြီးမှ စွမ်းရီမင်းက စောစောကလို ပြန်ပြောမှာစိုးရိမ်၍ ဖြစ်သည်။



"ခင်ဗျားစကား မဆုံးသေးပါလား"

"စကားဆိုတာ ရပ်သင့်ရင်ရပ်ထားရတယ်ရှင့်"

နှစ်ယောက်စလုံး သဘောကျစွာဖြင့် ရယ်မောလိုက်ကြလေသည်။ အတန်ကြာမှ မိန်းကလေးက...

"ကျွန်မနာမည် ချိုလင်းစုလို့ ခေါ်ပါတယ်"

"ဟုတ်ကဲ့ ကျုပ်နာမည် စွမ်းရီမင်းပါ"

သူမက ကျေနပ်စွာဖြင့် ခေါင်းညိတ်လိုက်ပြီး..

"ရှင်နဲ့စကားပြောရတာ အရောင်းအဝယ်သဘော တယ်နေတာပဲ၊ ရှင်က အပြောအဆို တယ်ပြတ်တာပဲ"

"အဲဒါဟာ တယောက်နဲ့တယောက် နိုင်ထက်စီးနင်းမကျပဲ ပြတာတဲ့လက္ခဏာပေါ့ဗျာ"

ချိုလင်းစုသည် အတန်ကြာအောင်ပင် ငိုင်သွားသည်။

'နိုင်ထက်စီးနင်း' ဆိုစကားကို ချိုလင်းစုသည် လေးလေးနက်နက် သဘောထား၍ စဉ်းစားလိုက်သည်။

စွမ်းရီမင်းပြောသည်မှာ မှန်သင့်သလောက်မှန်နေသည်။

တဦးကသာ မေးခွင့်ရှိပြီး ကျန်တဦးက ပြန်လည်မေးခွင့်မရှိသည်မှာ 'နိုင်ထက်စီးနင်း' ကျရာရောက်ပေသည်။

ဤသည်မှာ လုံးဝမမှန်ကန်သကဲ့သို့ တရားနည်းလမ်းလည်း မကျပေ။ ထို့ကြောင့်...

သူမက လေးလေးနက်နက် တွေးတောလိုက်ခြင်းဖြစ်ပေသည်။

စွမ်းရီမင်းသည် သူ၏စကားကြောင့် ချိုလင်းစုအနည်းငယ် အတွေဝေသွားသည်ကို သတိပြုမိလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ချိုလင်းစုဆိုသော မိန်းမချောကလေးသည် အမှန်တရားကိုတော့ အနည်းငယ် မြတ်နိုး လိမ့်မည်ဟုယူဆထားလိုက်လေသည်။

စွမ်းရှိမင်းသည် သူမကို သေချာစွာအကဲခတ်ကြည့်လိုက်သည်။

“ဒါနဲ့ ခင်ဗျားလို အင်မတန်လှပတဲ့ မိန်းကလေးတဦးက ဘယ်လိုအမှုတွေများ ကျူးလွန်ခဲ့လို့ ဒီကိုရောက်လာရတာလဲ”

ချိုလင်းစု ထိုမေးခွန်းကိုတော့ အတော်ပင် သဘောကျ ကျေနပ်သွားသည်။

ဤနယ်မြေတွင် ရှိကြသောသူများမှာ အားလုံးလိုလိုပင် ရာဇဝင်လူဆိုးများသာ ဖြစ်၍ မေးလည်းမေးသင့်သော မေးခွန်းတခုပင်ဖြစ်၏။

ထို့ပြင် ပို၍ကျေနပ်မိသည်မှာ လှပသောမိန်းကလေးကို လှပသည်ဟုပြောလျှင် သူတို့၏မျက်နှာကလေးများသည် ပန်းနရောင်ပြေးလွှားသွားတတ်ပြီး ဝမ်းထဲတွင် ပီတိဖြစ်တတ်ကြသည် မဟုတ်ပါလား။ သူမက ပြုံးလိုက်သည်။

“ကျွန်မမျက်နှာက လူဆိုးတယောက်နဲ့ တူနေလို့လားရှင်”

“အဲဒါကြောင့် အံ့သြတာပေါ့”

“ဘယ်လို..ဘယ်လိုရှင့်”

စွမ်းရှိမင်းက အသာအယာပြုံးကာ...

“ဒီလောက်ချောမောလှပပြီး၊ စိတ်သဘောထား ဖြူစင်လှတဲ့ မိန်းကလေးတဦးဟာ လူဆိုးတယောက်တော့ လုံးဝမဖြစ်နိုင်ဘူးလို့”



“ရှင့်လူကဲခတ် ထကယ်ကိုမည့်တာ”

“ကျုပ်က အရှိကိုအရှိပဲ ပြောတတ်တယ်ဗျ”

“ယုံပါတယ်၊ ရှင့်စိတ်နဲ့ ကျွန်မစိတ်ဟာ တထေရာတည်းပဲ”

“ဟုတ်လား”

“ရှင်လည်း လူဆိုးကြီးတယောက်လုံးဝမဖြစ်နိုင်ဘူး”

စွမ်းရှိမင်းမှာ ရုတ်တရက် အံ့အားသင့်သွားသည်။

“ဘာဖြစ်လို့လဲ”

“ရှင်လည်း လူချောလူခန့်တယောက်ပဲ”

စွမ်းရှိမင်းက ဟက်ဟက်ပက်ပက် ရယ်မောယင်း...

“အဲဒါကတော့ ခင်ဗျားလူကဲခတ်လွဲသွားပြီ၊ လူချောလူခန့်တိုင်းလူဆိုးသူခိုး မဖြစ်နိုင်ဘူးလား”

“ရှင့်ကိုတော့ ကျွန်မပြောရဲပါတယ်”

“ခင်ဗျားမှားနေပြီ၊ ကျုပ်က လူသတ်မိလို့ ထွက်ပြေးခဲ့ရတာဗျ၊ လူမှသာမန်လူတောင် မဟုတ်ဘူး၊ မြို့စားကြီးကိုမှ ဓားနဲ့ထိုးခဲ့မိတာ”

“ဒါက မလွှဲသာမရှောင်သာလို့ ဖြစ်ပါလိမ့်မယ်”

“အဲဒီအချက်ကတော့ ကျုပ်ထက်ခင်ဗျားသာသွားပြီ”

“ဘာဖြစ်လို့လဲ”

“အမှန်ပဲ ကျုပ်က မလွှဲသာမရှောင်သာလို့ လုပ်ခဲ့ရတာ”

စွမ်းရှိမင်းသည် ထိုသို့ပြောယင်း အရက်တခွက်ကို မော့သောက်လိုက်ပြန်သည်။ ပြီးမှ အရက်ခွက်ကိုပြန်ချယင်း...

“ကျုပ်မှာရှိတဲ့ အခက်အခဲတွေကိုတော့ ဝိုင်းပြီးဖြေရှင်းပေးပါအုံးဗျာ၊ ကျုပ်..ခင်ဗျားကိုတော့ တောင်းပန်ရမှာပဲ”

www.burmeseclassic.com

www.burmeseclassic.com



ချိုလင်းစုသည် သူ့အားကြည့်၍ မျက်လုံးဝိုင်းသွားလေသည်။

"ဒီနယ်မြေမှာ ကျွန်မက အရှင်သခင် မဟုတ်ပါဘူးနော်၊ ဒါကို ရှင်သဘောပေါက်ထားပါ"

"ဒါဆိုယင် အရှင်သခင်က ဘယ်သူလဲ"

"အရှင်သခင်လဲခေါ်လို့ရတယ်၊ ကျွန်မတို့ရဲ့ သူဌေးကြီးလို့လဲခေါ်လို့ရတယ်၊ သူကတော့ စနေဂြိုဟ်ပဲ"

"စနေဂြိုဟ်ဟုတ်လား"

"ဟုတ်တယ်"

"နာမည်ကြီးကလဲဗျာ"

"ဒီလိုလေ၊ သူ့လက်အောက်မှာ အင်မတန်အားထားရတဲ့ ကြယ်သုံးလုံးဆိုတာ ရှိတယ်"

"သြော်"

"အဲဒီကြယ်သုံးလုံးကို အစွဲပြုပြီး၊ သူ့ကိုစနေဂြိုဟ်လို့ မှည့်ထားတာဖြစ်မှာပေါ့ရှင်"

"အင်း...ဖြစ်နိုင်ပါတယ်၊ ဒါထက် ကျုပ်မေးတာလေး ဖြေပါအုံးလေ"

"ဘာကိုလဲရှင်"

"ခင်ဗျားက ဘယ်သူလဲ"

"သြော်...ကျွန်မက တတိယကြယ်ရဲ့သမီးလေ"

♣ ♣ ♣



အခန်း(၂၂)

## တိရစ္ဆာန်လောက

စွမ်းရှိမင်း၏မျက်ခုံးနှစ်ခုက အပေါ်သို့မြင့်တက်သွားတော့သည်။

"ဒါဆို ခင်ဗျားဲ ဒီနယ်မြေမှာပဲ ကြီးပြင်းလာတာပေါ့ ဟုတ်လား"

"ဟုတ်တယ်... ကျွန်မငယ်ငယ်ကလေးကတည်းက ဒီကိုရောက်နေတာပဲ"

"အို... နှမြောစရာပဲဗျာ"

ချိုလင်းစုသည် အံ့သြစွာဖြင့်...

"ဘာကို နှမြောတာလဲရှင့်"

"သြော်... ခင်ဗျားတို့လို ချောမောသိမ်မွေ့လှတဲ့ မိန်းကလေးဆိုတာ မြို့ကြီးပြကြီးမှာသာဆိုရင် ကျော်ဇောထင်ရှားတဲ့ မိန်းကလေးတယောက်ဖြစ်မှာအမှန်ပဲ၊ ခင်ဗျားလို မိန်းကလေးဟာ တောနဲ့မတန်ပါဘူး...၊ တကယ့် မြို့သူ ဖြစ်သင့်ပါတယ်"

သူမသည် စွမ်းရှိမင်းအား တချက်စူးစိုက်ကြည့်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



[illegible]ငြင်းမောနေသည်ကို တွေ့ရသည်။

[illegible]တခုကို တွေးတောနေဟန်ဖြစ်၏။

ခဏကြာမှ စွမ်းရီမင်းဘက်သို့ ပြန်လှည့်ကာ…

"ရှင်တို့ဆီက မြို့ကြီးပြကြီးဆိုတာကကော ကျွန်မတို့ဆီ လောက် စည်ကားလို့လား"

စွမ်းရီမင်းသည် ဟားတိုက်၍ ရယ်မောလိုက်ချင်သော်လည်း အသာပင်ပြန်၍ ဣန္ဒြေဆည်ထားလိုက်ရသည်။

ကျွန်မသည် ကျွဲခြေရာကွက်ကို သမုဒ္ဒရာ ထင်နေခြင်း ဖြစ်သည်။

"ဘယ်နှိုင်းယှဉ်လို့ရပါ့မလဲ ချိုင်လင်းစုရာ၊ ဒီနယ်မြေက လေးဆိုတာက ကောင်းကင်ကြီးကို ကြည့်လိုက်တဲ့အခါ ကြယ်က လေးတလုံးလောက်ပဲ ရှိတာပါ။ တကယ်တော့ ဒီနေရာဟာ ပင်လယ် သမုဒ္ဒရာကြီး မဟုတ်ပါဘူး၊ နွားခြေရာကွက်ကလေးပါ"

သူမသည် ငေးမောနားထောင်နေရာမှ တစုံတခုကို သတိရ သွားဟန်ဖြင့် မေးလိုက်လေ၏။

"ဘာလဲ ရှင်က ကျွန်မကို ဒီနေရာမှာ မနေဘဲ မြို့ကြီးပြကြီး ကို ပြောင်းဖို့ စည်းရုံးနေတာလား"

"ဟာ… ကျုပ်က ဘယ်လိုလုပ်ပြီး စည်းရုံးလို့ရမှာလဲ၊ အ ဖြစ်ကိုသာ ပြောပြတာပါ။ သူများကို စည်းရုံးဖို့နေနေသာသာ ကျုပ် တောင် ဒီနယ်မြေမှာပဲ သေမလား ရှင်မလားဆိုတာ မရေရာသေးတဲ့ ဘဝပါ"

သူမသည် စွမ်းရီမင်းအား ခပ်ငေးငေးကလေး ကြည့်နေလေ သည်။



"ရှင့်ကို တခု မှာထားရမယ်"

"ဟုတ်ကဲ့ ပြောပါ"

"ဒီနယ်မြေမှာ ကျွန်မ မသိဘဲ ရှင် ဘာမှမလုပ်ပါနဲ့နော်"

စွမ်းရီမင်းက မဲ့ပြုံးလေးပြုံးလိုက်သည်။

"ဘာလဲ… ခင်ဗျားအဖေက ကျုပ်ကို စောင့်ကြည့်ဖို့ ခင်ဗျားကို တာဝန်ပေးထားပြီနဲ့တူတယ် ဟုတ်လား"

"အဲဒီလို မေးခွန်းမျိုးတွေလဲ ရှင်တခြားလူ သွားမမေးနဲ့ ဒုက္ခရောက်သွားလိမ့်မယ်"

"ခင်ဗျားကိုတော့ မေးလို့ရတာပေါ့နော်"

သူမသည် သက်ပြင်းတချက်ကို ခပ်မြင်းမြင်းကလေး ချ လိုက်လေသည်။

"ကျွန်မ ဘယ်သူတဦးတယောက်ရဲ့ မေးခွန်းကိုမှ ဖြေခဲ့ဖူး တဲ့လူမဟုတ်ဘူး"

"ကျုပ်ကိုကော"

"ရှင့်ကျမှပဲ ကျွန်မ ဖြေခဲ့တာတွေ တော်တော်များခဲ့ပြီ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ နောက်ကိုလဲ သိချင်တာလေး တွေ ဖြေပါအုံးနော်"

"ဟွန်း…"

သူမက မျက်စောင်းတချက်ကို လှပစွာ ထိုးလိုက်သည်။

ထို့နောက် သူတို့၏ ဆွေးနွေးပွဲ ရပ်ဆိုင်းသွား၏။

စွမ်းရီမင်းသည် ပိုင်ရှင်၏ ခွင့်ပြုချက် မရဘဲ အစားအ သောက်များကို စတင် စားသောက်လိုက်တော့သည်။

စွမ်းရီမင်းသည် အရက်နှင့် အစားအသောက်များကို အ

www.burmeseclassic.com

www.burmeseclassic.com



တော်များများ စားလိုက်ရသဖြင့် အစာအဆိပ်တက်ကာ မျက်လုံးများ ပင် စင်းလာသည်။

"ဒါထက် ကျုပ်က ဘယ်မှာ နေရမှာလဲဗျ"

"ရှင် ဒီမှာပဲ နေရမှာ"

"ခင်ဗျားနဲ့ ကျုပ် နှစ်ယောက်တည်းနေတာကို ခင်ဗျား အဖေက စိတ်ချသလား"

"ရှင်… ရိုးတိုးယားတား လုပ်ကြည့်ပါလား၊ ကျွန်မ လက်ခုပ် တချက်တီးလိုက်ရင် သိုင်းသမားငါးဆယ်လောက် အခုချက်ချင်း ရောက်လာမှာ"

စွမ်းရှိမင်းမှာ မျက်ခုံးနှစ်ဖက်အပေါ်သို့ မြင့်တက်သွားပြန် သည်။

"ဟုတ်လား… ကျုပ်စိတ်ထဲမှာ ဒီအိမ်ကြီးတလုံးထဲမှာ ခင်ဗျားနဲ့ ကျုပ်နဲ့ နှစ်ယောက်တည်း အောက်မေ့တာ"

"အမှန်တော့ နှစ်ယောက်တည်းပါပဲ"

"ဗျာ… ခင်ဗျားစကားကလည်း"

သူမက ပြုံးလိုက်ပြီး…

"ဒီလိုလေ… ကျွန်မ အိမ်မှာ ခိုင်းစေထားတဲ့ လူသုံးလေးဦး က လွဲပြီး ဘယ်သူမှ မရှိပါဘူး"

"ဒါထက်… စောစောက ပြောတော့ လူငါးဆယ်လောက် ရောက်လာမယ်ဆို"

"အင်းလေ… ဒီနယ်မြေမှာ ကျွန်မ တခွန်းအော်လိုက်ရင် ကြားကြားသမျှ လူတွေဟာ ပုရွက်ဆိတ်တွေလို အုံလာပြီး အကူအညီ ပေးကြမှာပဲရှင့်"



"ဪ… ဒီလိုလား"

"ဟုတ်တယ်…"

"ကဲ… ဗျာ… ကျုပ်အိပ်ချင်ပြီ"

"ဟုတ်ကဲ့… ရှင့်အတွက် အိမ်ရှေ့မှာ အခန်းတခု အဆင် သင့် ရှိပါတယ်"

စွမ်းရှိမင်းသည် စားသောက်ခန်းထဲမှ တလှမ်းချင်းလှမ်း၍ ထွက်ခဲ့တော့သည်။ သူအိပ်ချင်ပြီ။

♣ ♣ ♣

မနက်မိုးလင်းကတည်းက စွမ်းရှိမင်းအိမ်က ထွက်လာခဲ့၏။

သူသည် သတင်းအစအန မရသေးသော ပိုကျူအတွက် အတော်ပင် ရင်လေးနေမိသည်။

ထို့ကြောင့် သူသည် သတင်းရလိုရငြား လျှောက်သွားမည် ဟု စိတ်ကူးရပြီး၊ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

သူတွေ့ရသမျှ မြင်ရသမျှတွေသည် အထူးအဆန်းသဖွယ် ဖြစ်နေကြသည်။

မိန်းကလေးတဦးကို ယောကျ်ားတဦးက လက်တွဲ၍ လျှောက်လာသည်။

စွမ်းရှိမင်း၏စိတ်တွင် လင်မယားဟု ထင်မိလိုက်သေး သည်။

သို့သော် သူ၏မျက်စိရှေ့မှာတွင် အခြားဗလအောင်း ကောင်းလူတယောက်သည် ထိုလင်မယား၏ မျက်နှာချင်းဆိုင်မှ

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာပြီး အနားသို့ ရောက်သောအခါတွင် ဗလကောင်း ကောင်းနှင့်လူသည် အမျိုးသမီးအား သူ၏ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက် သည်။

ထိုအခါ ယောကျ်ားဖြစ်သူက ကန့်ကွက်သည်။

သို့သော် ပြင်းထန်လှသည့် ဗလကြီး၏ လက်သီးသည် ထို လူအား မြေကြီးပေါ်သို့ လဲလျောင်းသွားစေတော့သည်။

ထိုအဖြစ်ကို စွမ်းရီမင်း မြင်ယကဲ့သို့ပင် အခြားလူတဦးစ နှစ်ဦးစလည်း တွေ့မြင်လိုက်သည်။

သို့သော် ထိုသူတို့သည် မျက်စိကန်းနေသကဲ့သို့ ဘာတ ခွန်းမှ ဝင်၍ ဟန့်တားပြောဆိုခြင်း မပြုကြပါပေ။ ထိုအခါ...

ဥပဒေမဲ့နယ်မြေ၏ သဘောကို စွမ်းရီမင်းသည် အနည်း ငယ် နားလည်သွားတော့သည်။

သူသည် ဆက်၍ လျှောက်လာသည်။

သူသည် တနေရာသို့ ရောက်ရှိလာ၏။

ဤနေရာသည် သပ်ရပ်စွာ ဖွင့်လှစ်ထားသော စားသောက် ဆိုင်တဆိုင် ဖြစ်သည်။

စားပွဲနှစ်ခုလောက်တွင်သာ လူက ရှိနေပြီး အခြား စားပွဲ များတွင် ရှင်းနေ၏။

စွမ်းရီမင်းသည် လွတ်နေသော စားပွဲတခုသို့ ဝင်၍ ထိုင် လိုက်သည်။

သူက အရက်တအိုးကို မှာယူလိုက်ပြီး ဆိုင်ထဲရှိ လူများကို တချက် အကဲခတ်ကြည့်လိုက်သည်။

စားပွဲတခုတွင် လူငယ်တဦးနှင့် လူကြီးတဦး စားသောက် နေသည်ကို တွေ့ရသည်။



နောက်စားပွဲတခုတွင်မူ လူသုံးဦးကို တွေ့ရလေသည်။

ထိုလူသုံးဦးသည် ကိုယ်ကြမ်းရုပ်ကြမ်းသူများ ဖြစ်၍ ဘကယ့် လူမိုက်ရုပ် ပေါက်နေသူများ ဖြစ်သည်။

သူတို့၏အမူအရာနှင့် ပြောဆိုနေကြသော စကားများ သည် အလွန်ပင် ရုန့်ရင်းကြမ်းတမ်းသည်ကို စွမ်းရီမင်းက ကြားနေ သည်။

သို့သော် သူက လုံးဝမကြားသလို ဂရုမစိုက်ဟန်ဖြင့် အ ရက်ကိုသာ အရသာခံ၍ သောက်နေမိသည်။

တအောင့်မျှ ကြာသောအခါ...

ထိုလူဆိုးရုပ်နှင့် လူကြီးသုံးဦးအနက်မှ တဦးသည် သူ့စားပွဲ မှ ထလာပြီး၊ လူငယ်တယောက်နှင့် လူကြီးတဦး ထိုင်သောက်နေ သော စားပွဲပေါ်မှ အရက်တအိုးကို ဘာမပြော ညာမပြောနှင့် ဆွဲယူ သွားသည်ကို တွေ့လိုက်ရသည်။

လူငယ်က ထိုလူ၏လက်ကို ရုတ်တရက် ဖမ်းဆွဲလိုက်ရာ လူရုပ်ဆိုးကြီးက လူငယ်၏မျက်ခွက်ဆီသို့ လက်သီးတလုံးကို ပစ် သွင်းလိုက်၏။

"ဗုန်း...."

အသံနှင့်အတူ လူငယ်သည် ကုလားထိုင်ပေါ်မှ လွင့်စဉ်ကျ သွားသည်ကို တွေ့မြင်လိုက်ရသည်။

ထိုအခါ အဖော်ပါလာသော လူကြီးက လူငယ်ကလေးကို ထွေ့ခေါ်လိုက်ပြီး ကုလားထိုင်ပေါ်တွင် ပြန်ထိုင်စေပြီး ပြော လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ သောက်ချင်လို့ ယူတာပဲ၊ ဘာဖြစ်လို့ တားနေရတာလဲ၊ ဒီနယ်အကြောင်းလဲ မင်းသိရဲ့သားနဲ့"

လူငယ်က မကျေမနပ်ဖြင့်...

"ခါတိုင်းဆို အရေးမကြီးပါဘူးဗျ၊ အခုဟာက ငွေနည်းနည်းလေး ပါလာတဲ့နေ့မှ သူတို့က လာယူတော့"

လူကြီးက လက်ကာပြလိုက်ပြီး...

"အို... မင်းကလည်းကွာ၊ မင်းယှဉ်နိုင် မနိုင်မချင်း ခေါင်းသာငုံ့ခံနေ၊ အေး... နိုင်ရင်တော့ သွားချ ဒါပဲ"

လူငယ်သည် အံကိုကြိတ်ကာ ထိုစားပွဲမှ လူသုံးဦးအား မျက်စောင်းထိုး၍ ကြည့်လိုက်သည်။

ထိုလူရုပ်ဆိုးကြီးသုံးဦးက သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေသည်။ စွမ်းရှိမင်းသည်...

"အင်း... နိုင်သူ စားကြစတမ်းကိုး၊ တိရစ္ဆာန်ကမ္ဘာပဲ..."

သူသည် စိတ်ထဲမှ ကျိတ်၍ ပြောလိုက်သည်။

ထိုအခိုက် လူငယ်နှင့်အတူ ထိုင်နေသော အသက်ကြီးလူ[က] စွမ်းရှိမင်းအား မေးငေါ့ပြလိုက်ပြီး...

"မင်းအရက်လိုသေးရင်... ဟိုမှာ သောက်နေတဲ့ လူဆီ[က] သွားပါလား၊ မင်းကောင်းကောင်း သောက်ရမယ်..."

လူငယ်သည် စွမ်းရှိမင်းကို ကြည့်လိုက်သည်။

စွမ်းရှိမင်းသည် သူတို့ ပြောသည့်စကားကို မကြား[...] ယောင်ဆောင်၍ နေလိုက်သည်။

သူတို့သည် မျက်နှာစိမ်းဖြစ်သော စွမ်းရှိမင်းအား စိတ်[...] လိုသည့် သဘောပင် ဖြစ်ပေလိမ့်မည်။



စွမ်းရှိမင်းသည် မျက်နှာစိမ်း ဖြစ်နေသည်။

လူငယ်သည် ဘာမပြော ညာမပြောနှင့် စွမ်းရှိမင်းရှေ့မှ အရက်အိုးကို လာရောက်၍ မယူသွားလေသည်။

စွမ်းရှိမင်းက တုတ်တုတ်မျှ မလှုပ်ပါ။

ထိုအခါ အသက်ကြီးလူက...

"ကဲ... မင်းအရက်ရပြီ မဟုတ်လား"

လူငယ်က ခေါင်းညိတ်ပြပြီး...

"အစ်ကိုကြီး... သူ့ကိုသိလား"

"ဘယ်သူပဲဖြစ်ဖြစ်ကွာ... မင်းလောက်မှ သတ္တိမရှိလို့ ဘာမပြောရဲတာပေါ့"

စွမ်းရှိမင်းသည် လက်ကျန်အရက်ခွက်ကို မော့ချလိုက်လေသည်။ ထို့နောက် သူသည် စားပွဲမှ ထလာလေသည်။

လူငယ်၏ စားပွဲဆီသို့တော့ မဟုတ်ပါ။

သူသည် အရုပ်ဆိုးလူသုံးဦး၏ စားပွဲသို့ သွားရောက်ကာ [...]လယ်တွင် ချထားသော အရက်အိုးအား ကောက်ယူလိုက်လေသည်။

ထိုအခါ တယောက်က စွမ်းရှိမင်း၏လက်ကို ဖမ်းဆွဲထားသည်။

"ဟန်း..."

ယင်းအသံနှင့်အတူ ထိုလူသည် ပက်လက်လန် လဲကျသွားသည်။

နှစ်ယောက်က ကြောင်အမ်းအမ်းဖြင့် စွမ်းရှိမင်းအား မော့ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း…"

"ဝုန်း…"

ထိုအသံနှစ်သံသည် ဆက်တိုက်ထွက်ပေါ်လာ၏။

စွမ်းရိမင်းသည် လူဆိုးနှစ်ယောက်၏ မျက်နှာကို လက်ပြန် ရိုက်ချလိုက်ခြင်း ဖြစ်လေသည်။

ယခုအချိန်တွင် လူဆိုးသုံးဦးစလုံးပင် မျက်နှာနှင့် ကြမ်းပြင် မိတ်ဆက်လျက် ရှိနေကြပြီ ဖြစ်သည်။

စွမ်းရိမင်းသည် ထိုလူသုံးဦးကို တချက်ကလေးမှ ပြန်မကြည့်တော့ဘဲ ထိုလူသုံးဦး သောက်လက်စအရက်အိုးကို ယူကာ သူ့စားပွဲသို့ ပြန်လာခဲ့၏။

သူ့စားပွဲသို့ ရောက်ရှိသည်နှင့် စွမ်းရိမင်း ပြုံးလိုက်မိလေ၏။ အဘယ်ကြောင့်ဆိုသော်…

စောစောက လူငယ် ယူသွားသော အရက်အိုးသည် သူ့နေရာအတိုင်း ပြန်လည် ရောက်ရှိနေသည်ကို တွေ့လိုက်ရသောကြောင့် ပင်တည်း။

စွမ်းရိမင်းသည် သူ့စားပွဲသို့ ပြန်ရောက်သည်နှင့် လူဆိုးသုံးဦးထံမှ ယူလာသော အရက်ကို စိန်ပြေနပြေ မော့သောက်နေလိုက်၏။

ထိုအချိန်မှာပင် ကြမ်းပေါ်သို့ လဲကျနေသော လူဆိုးကြီးသုံးဦးသည် လူးလဲထလာသည်။

စွမ်းရိမင်းက ထိုလူသုံးဦး သူ့အား တိုက်ခိုက်ကြတော့မည်ဟု ထင်လိုက်သည်။

သို့ရာတွင် သူထင်ထားသည့်အတိုင်း ဖြစ်မလာဘဲ လူသုံးဦးသည် လူးလဲထလာကာ တဦးကိုတဦး ဖေးမပြီး စွမ်းရိမင်းအား ဘုကြည့်ကြည့်ရင်း ဆိုင်တွင်းမှ ထွက်ခွာသွားလေတော့သည်။



စွမ်းရိမင်းသည် လူငယ်ထိုင်နေသော စားပွဲဆီသို့ လှမ်းကြည့်ပြီး အံ့အားတသင့် ဖြစ်သွားမိပြန်သည်။

အဘယ်ကြောင့်ဆိုသော် ထိုစားပွဲတွင် ထိုင်နေသော လူငယ်နှင့် အသက်ကြီးကြီးလူမှာလည်း စားပွဲမှ လုံးဝပျောက်ကွယ်သွားသောကြောင့်ပင်တည်း။

သူက ဆိုင်ရှင်ထံ ထသွားပြီး သူ၏အရက်တအိုးဖိုးအတွက် ငွေသွားရှင်းပေသည်။

ဆိုင်ရှင်အဘိုးအိုကြီးမှာ စက်ရုပ်တရုပ်ပမာ သူလှမ်းပေးသော ငွေကိုယူလိုက်ပြီး ဆေးတန်ကြီးကို ဖွာနေတော့၏။

"စောစောက လူတွေက ဘယ်သူတွေလဲဗျ"

အဘိုးအိုက လက်ခါပြလိုက်သည်။

"မသိဘူးကွ"

"ဒီဆိုင်က ဦးလေးရဲ့ ဆိုင်ပဲလား"

"မဟုတ်ဘူး"

"ဆိုင်ရှင်သူဌေးက ဘယ်သူလဲ"

အဘိုးအိုသည် ဒုတိယအကြိမ် လက်ခါပြလိုက်ပြန်သည်။

"မသိဘူး"

စွမ်းရိမင်းသည် မျက်လုံးပြူးသွားသည်။

"ဒါဖြင့် ဦးလေးကို အရက်ဆိုင်ရောင်းဖို့ ဘယ်သူက ငှားထားတာလဲ"

ဆိုင်ရှင်အဘိုးအိုသည် စွမ်းရိမင်းအား မျက်မှောင်ကုပ်၍

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

ထို့နောက် အဘိုးအိုသည် ဘာမပြောညာမပြောနှင့် ထိုင်နေရာမှ အခန်းထဲသို့ ဝင်သွားလေသည်။

စွမ်းရီမင်းက တစုံတခုများ ပြန်ပြောလေမည်လား သို့မဟုတ် ပြစရာတခုခုများ သွားယူလေသလားဟု စောင့်ကြည့်နေမိ၏။

အတန်ကြာအောင် စောင့်သော်လည်း ပြန်ထွက်မလာသဖြင့် အဘိုးအို ဝင်သွားသော အခန်းသို့ လှမ်းကြည့်ရာ အဘိုးအိုသည် ဆိုင်အတွင်းခန်းရှိ ကုလားထိုင်တလုံးတွင် မျက်လုံးများ မှိတ်လျက် ငုတ်တုတ်ထိုင်နေသည်ကို တွေ့လိုက်ရသည်။

စွမ်းရီမင်းသည် ဆိုင်ထဲမှထွက်ကာ လမ်းမကြီးအတိုင်း လျှောက်လာခဲ့သည်။

တချို့နေရာတွင် ကစားဝိုင်းများ တွေ့ရှိရသည်။

တချို့နေရာတွင် တဦးနှင့်တဦး ယှဉ်ပြိုင်တိုက်ခိုက်နေသည်ကို တွေ့ရှိရလေသည်။

သူသည် ကစားဝိုင်းတခုသို့ ရပ်ပြီး ကြည့်နေမိသည်။

ထိုကစားဝိုင်းမှာ အခြားမဟုတ်ပေ။

မြွေနှင့်ဖား နှစ်မျိုးတည်းသာ ရှိသော ကစားဝိုင်းပင် ဖြစ်သည်။ မြွေနှင့်ဖားရုပ်ပါသော ကြေးပြားလေးသည် မှောက်နေအောင် လည်နေ၏။

ထိုစဉ်မှာပင် ကစားဒိုင်က ခွက်တခုနှင့် အုပ်ထားလိုက်သည်။

ထိုးသားများက ထိုကြေးပြား လဲကျသည့်အခါ မြွေနှင့်ဖား နှစ်မျိုးထဲမှ ကြိုက်သည့်အကွက်ကို ထိုးနိုင်သည်။



လူအချို့က မြွေကို ထိုးကြသည်။

တချို့က ဖားကို ထိုးကြ၏။

ဖွင့်လိုက်သောအခါ ဖားပေါ်လျှင် ဒိုင်က မြွေကွက်ကို စား၍ ဖားကွက်ကို လျော်ပေးရသည်။

မြွေပေါ်လျှင် ဖားကွက်ကို စား၍ မြွေအား လျော်ရသည်။

ခေါင်းပန်းလှည့်သကဲ့သို့ပင်...

စွမ်းရီမင်းသည် ငွေတုံးကလေးနှစ်တုံးကို တုတ်လိုက်၏။

သူ ပါဝင် ကစားတော့သည်။

သို့သော် အချိန်အတော်ကြာသည်အထိ စွမ်းရီမင်းက ရှုံးလည်းမရှုံး၊ မနိုင်လည်းမနိုင်သေးပါ။

သူသည် ပေါက်ကောင်ဖွင့်သော အလှည့်တိုင်း မူလငွေရင်းထက် လျော့လည်းမလျော့ တိုးလည်းမလာခဲ့ပေ။

အဘယ်ကြောင့်ဆိုသော်...

သူသည် ငွေတုံးနှစ်တုံးကို အလှည့်တိုင်း မြွေရောဖားပါ တပြိုင်တည်း ထိုးနေသောကြောင့် ဖြစ်၏။

ပထမလူများစဉ်က ဒိုင်မသိသော်လည်း လူမရှိသောအခါ ဒိုင်က သိရှိသွားလေသည်။

တခြားထိုးမည့်လူ တဦးတယောက်မှ မရှိတော့ပါ။

စွမ်းရီမင်းသည် မြွေပေါ်တတုံး၊ ဖားပေါ်သို့တတုံး ပစ်ချလိုက်သည်။

ဒိုင်က ဖွင့်လိုက်သောအခါ ဖားပေါ်လာ၍ မြွေဘက်က ငွေတုံးကို ဖားဘက်သို့ တွန်းပို့ပေးလိုက်သည်။

"အဲဒါ ခင်ဗျား ဘာလုပ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်က မေးလိုက်ခြင်း ဖြစ်သည်။

"ကစားနေတာလေ"

"ခင်ဗျား ဒီလိုလုပ်နေလို့ ဘယ်မှာ အရှုံးအနိုင် ရှိမှာလဲ"

စွမ်းရှိမင်းက ပြုံးလိုက်ပြီး...

"ကျုပ်ကလည်း အရှုံးအနိုင် လိုချင်တဲ့လူမှ မဟုတ်တာဘဲ"

"ဟာ... ဒါဖြင့် ဘာလို့ ဝင်ထိုးနေသေးလဲ"

"ပျင်းလို့..."

ဒိုင်လုပ်သူသည် စွမ်းရှိမင်းအား အတန်ကြာအောင်ပင် အကဲခတ်ကြည့်ပြီး လောင်းကစားမည့် သူများကလည်း မရှိတော့သဖြင့် သူ့ပစ္စည်းများကို သိမ်းပြီး ပြန်သွားလေတော့သည်။

သူသည် ထိုကစားဝိုင်းမှ ထွက်လိုက်၏။

ဆိုင်အပြင်သို့ ထွက်လိုက်သည်။

စွမ်းရှိမင်းက ဆက်လက်၍ လျှောက်လာရာ စောစောက မိန်းကလေးအား လုယူ၍ ခေါ်သွားသော ဗလကြီးနှင့် တွေ့လိုက်ရသည်။

ဗလကြီးသည် မိန်းကလေးအား ရယ်ကာမောကာဖြင့် စကားများ ပြောဆိုယင်း လမ်းပေါ်တွင် လျှောက်လာနေ၏။

စွမ်းရှိမင်းက စိတ်ထဲတွင် တွေးနေသည်။

"ဘယ်လိုသဘောတွေပါလိမ့်"

မိန်းကလေးနှင့် ဗလကြီးက သူနှင့်မျက်နှာချင်းဆိုင် ဆုံးလိုက်သဖြင့် စွမ်းရှိမင်းသည် ဘာမှ ပြောမနေတော့ဘဲ သူ၏လက်သီးကို အတွင်းအားအပြည့်ထည့်ကာ ဗလကြီး၏မျက်နှာဆီသို့ ချိန်ရွယ်၍ တည့်တည့်မတ်မတ် ထိုးထည့်လိုက်သည်။



သူ့လက်သီးက ပြင်းထန်ပြီး အားပါသည်။

"ခွပ်..."

ဟူသော အသံ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး ဗလကြီးသည် သူ၏မေးကို လက်နှင့်ဖိရင်း ပုံလျက်သား လဲကျသွားသည်။

စွမ်းရှိမင်းသည် မိန်းကလေးအား လက်ကောက်ဝတ်ကို အသာဖမ်းကိုင်လိုက်ပြီး ခပ်တည်တည်ဖြင့် လျှောက်ခဲ့လေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၃)

## ကြယ်သုံးလုံး

စွမ်းရှိမင်းက မေးလိုက်လေ၏။

"နာမည်ဘယ်လိုခေါ်သလဲ"

မိန်းကလေးက စွမ်းရှိမင်းအား မော့ကြည့်လိုက်သည်။

"ကျွန်မနာမည် အန်လိ"

"ခင်ဗျား ယောက်ျားဆီ ပြန်မှာလား"

"ရှင်..."

မိန်းကလေးမှာ အူကြောင်ကြောင် ဖြစ်သွားသည်။

"စောစောက ခင်ဗျားတို့လင်မယား လမ်းလျှောက်လာတာကို ဗလကြီးက အနိုင်ကျင့်ပြီး ခင်ဗျားကို ခေါ်သွားတာ မဟုတ်လား၊ ကျုပ်က ဒါမျိုး ကြည့်မရဘူး"

အန်လိသည် သူ၏နဖူးကို လက်ဝါးနှင့် ပြန်ရိုက်လိုက်လေ၏။

"အို... ဒုက္ခပါပဲ၊ ကျွန်မ ဒီနေ့တနေ့လုံး ဘာတွေ ဖြစ်နေမှန်းကို မသိဘူး၊ အခုချိန်ထိ ဈေးဦးတောင် မပေါက်သေးဘူး"



မိန်းကလေး၏စကားကြောင့် သည်တခါ အူကြောင်ကြောင် ဖြစ်သွားသူမှာ စွမ်းရှိမင်းပင် ဖြစ်သည်။ သူ သဘောမပေါက်ပေ။

"ဘာ... ဈေးဦးမပေါက်သေးဘူး ဟုတ်လား"

"ဟုတ်တယ်"

"ခင်ဗျား ဘာကို ပြောနေတာလဲ ကျုပ် နားမလည်ဘူး"

အန်လိသည် သူ့မျက်နှာကို အသေအချာ မော့ကြည့်ကာ...

"ရှင်အခု ကျွန်မကို ဘာလို့ ခေါ်တာလဲ"

"မင်းယောက်ျား လက်ထဲက ဟိုဗလကြီးက လုယူတာ မဟုတ်ဘူးလား"

"ရှင်... ဘယ်လိုလူလဲ"

"ဗျာ... ကျုပ်က"

"ကျွန်မ ယောက်ျားတွေ ခေါ်မှ ပိုက်ဆံရတာရှင့်"

"မနက်က ခင်ဗျားကို ခေါ်လာတဲ့လူက"

"ဟုတ်တယ်... သူက ကျွန်မကို ခေါ်ပြီး ငွေပေးမလို့ပေါ့ရှင့်၊ ဒါပေမယ့် ဟိုဗလကြီးက မတရား ဟိုလူကို ထိုးပြီး အတင်းဆွဲခေါ်သွားမှတော့ ခက်တာပဲ...၊ ကျွန်မတော့ ဒုက္ခပဲ..."

"ဟင်... ဒါဆို အဲဒီ ဗလကြီးကကော ပိုက်ဆံမပေးဘူးလား"

"ဟင့်အင်း..."

"ဘာဖြစ်လို့လဲ"

"ရှင်မတွေ့ဘူးလား၊ သူက မတရားအနိုင်ကျင့်နေတဲ့လူပဲ"

စွမ်းရှိမင်းသည် သက်ပြင်းတချက်ကို ရှည်လျားစွာ ချလိုက်တော့သည်။

"အင်း... ဒုက္ခ... ဒုက္ခ... ရှော့... ရှော့..."

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရှိမင်းက အိတ်ထဲမှ ငွေစအနည်းငယ်ကို ထုတ်ပေးလိုက်သည်။

တိုအခါ မိန်းကလေးသည် မျက်နှာတခုလုံး ရွှင်သွား၏။

သူက ချက်ချင်းမေးသည်။

"ကျွန်မ ဘယ်ကို လိုက်ခဲ့ရမလဲဟင်"

စွမ်းရှိမင်းမှာ မျက်လုံးဝိုင်းသွားသည်။

"မလိုက်နဲ့ ဘယ်မှ လိုက်စရာမလိုဘူး၊ ငါစေတနာနဲ့ ပေးတာ"

"ကျေး... ကျေးဇူးပါပဲ အစ်ကိုရယ်"

စွမ်းရှိမင်းသည် အန်လိအား မျက်မှောင်ကုပ်၍ ကြည့်လိုက်သည်။

"ဒါထက်... နင်ဘယ်မှာ နေသလဲ"

"ဟို... မြောက်ပိုင်းလမ်းမှာပါ"

"မြောက်ပိုင်းလမ်း ဟုတ်လား"

"ဟုတ်တယ်"

"တောင်ပိုင်းလမ်းဆိုတာကော ရှိသလား"

အန်လိက မျက်မှောင်ကုပ်၍ ကြည့်လိုက်သည်။

"ရှင်ဒီရောက်တာ မကြာသေးဘူးနဲ့ တူတယ်"

"ဟုတ်တယ်... မနေ့ကပဲ"

"တောင်ပိုင်းလမ်းဆိုတာက အခု ကျွန်မတို့ ရပ်နေတာပေါ့"

"ဪ..."

"ကဲ... ဒါဖြင့် ကျွန်မသွားမယ်"



"အဲ... နေပါအုံး"

"ဘာပြောမလို့လဲ"

"စနေဂြိုဟ်ဆိုတာ ဘယ်မှာနေသလဲ"

အန်လိသည် ကျင်စက်နှင့် အတို့ခံလိုက်ရသကဲ့သို့ တုန်လှုပ်သွားပြီး...

"ရှင်သွားချင်တဲ့လမ်းကို သွားပါတော့နော်၊ ကျွန်မကို ဒါတွေ မမေးပါနဲ့"

အန်လိသည် ထိုကဲ့သို့ ပြောပြီးသည်နှင့် ချာကနဲ လှည့်ထွက်သွားတော့သည်။

စွမ်းရှိမင်းသည် အန်လိအား မျက်စိတဆုံးကြည့်ကာ ပခုံးနှစ်ဖက်ကို မသိမသာ တွန့်လိုက်သည်။

ဤနယ်မြေတွင် ဘာတခုမှ မေးစမ်း၍ ရမည်မဟုတ်ကြောင်းကို တဖြည်းဖြည်း သိလာပြီဖြစ်သည်။

ထို့နောက်တော့ သူသည် ချိုလင်းစုရှိရာ အိမ်ကြီးဆီသို့သာ တန်းတန်းမတ်မတ် ပြန်လာခဲ့သည်။

ချိုလင်းစုသည် မနေ့ကကဲ့သို့ပင် သူ့အား စားသောက်ခန်း၌ စောင့်ဆိုင်းနေသည်ကို တွေ့လိုက်ရသည်။

"ရှင်... တနေ့လုံး ဘယ်သွားနေတာလဲ"

"ဒီလိုပဲ ဗဟုသုတအဖြစ် လျှောက်လည်တာပေါ့"

"ဘာတွေ ထူးထူးဆန်းဆန်း တွေ့ရလဲ"

"အားလုံး အ,နေတဲ့ လူတွေချည်းပဲ"

ချိုလင်းစုက ရယ်မောလိုက်သည်။

စွမ်းရှိမင်း ပြောသည်ကို သူမ သဘောပေါက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာမေးမေး မပြောကြဘူး မဟုတ်လား"

စွမ်းရီမင်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်ဗျ၊ ဘာမှ မေးလို့ မရဘူး"

"ရှင်က ဘာတွေ သိချင်နေတာလဲ"

"ဘာရယ်လို့တော့ မဟုတ်ပါဘူးဗျာ၊ ကိုယ်တသက်လုံး နေထိုင်ရမယ့်နေရာပဲ၊ သိသင့်သိထိုက်တာလေးတော့ သိထားသင့်တာပေါ့"

ချိုလင်းစုက သူ့အား စူးစူးကလေး ကြည့်လိုက်ပြီး...

"ရှင် ဒီမှာ တသက်လုံးနေမယ်လို့ စိတ်ဆုံးဖြတ်လိုက်ပြီပေါ့ ဟုတ်လား"

"ကျုပ်တော့ ဒီလိုပဲ တွက်ထားတာပဲ"

ချိုလင်းစုသည် သက်ပြင်းကလေးတချက်ကို ချလိုက်သည်။

"ကျွန်မကတော့ ရှင်ပြောတာနဲ့ ဒီမှာ နေချင်တဲ့ စိတ်တောင် မရှိတော့ဘူး"

စွမ်းရီမင်းက မျက်မှောင်ကုပ်လိုက်သည်။

"ဘာ... ခင်ဗျား ဒီမှာ မနေချင်တော့ဘူး ဟုတ်လား"

"ဟုတ်တယ်လေ... ရှင်ပြောသလိုပဲ၊ ကျွန်မဟာ ဒီနေရာမှာ တသက်လုံးသာ နေသွားရရင် နားနဲ့မျက်စိလဲ ပွင့်မှာ မဟုတ်ဘူး ဘာတခုမှလဲ ဗဟုသုတ တိုးပွားမှာ မဟုတ်ဘူး"

"ခင်ဗျားရဲ့အဖေကို ပြောပါလားဗျ၊ မြို့ကြီးပြကြီးမှာ သွားနေချင်တယ်လို့"

ချိုလင်းစု၏မျက်နှာမှာ ညှိုးငယ်သွားလေသည်။ သူမသည် ခံစားချက်တခုကို ခံစားနေရမှန်း သိသာလှသည်။



"ကျွန်မအဖေက တတိယကြိယ်ဆိုတာ အဖေအရင်း မဟုတ်ပါဘူးရှင်"

"ဗျာ..."

စွမ်းရီမင်းမှာ အံ့သြသွားလေသည်။

"အဖေအရင်း မဟုတ်ဘူး... ဟုတ်လား"

သူမက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်"

"ဒါဆို... ခင်ဗျားမိဘအရင်းတွေကကော"

"ကျွန်မ ငယ်ငယ်ကတည်းက ဆုံးသွားလို့၊ တတိယကြိယ်က ကောက်ယူမွေးစားထားတာ"

"ခင်ဗျားကို ဘယ်သူက ပြောသလဲ"

"ဘဘကျူး"

"ဘဘကျူးဆိုတာ ဘယ်သူလဲ"

"သမားတော်ကြီးတယောက်ပါ"

"သူက အခု ဘယ်မှာရှိလဲ"

ချိုလင်းစုသည် စွမ်းရီမင်းအား ဆတ်ကနဲ မော့ကြည့်လိုက်သည်။

"ရှင် ဘာလို့ ဒီလို စေ့စေ့စပ်စပ် လျှောက်မေးတာလဲ"

စွမ်းရီမင်း ပါးစပ်ပိတ်ထားလိုက်တော့သည်။ မှန်သည်။ ဤနယ်မြေ၌ နေထိုင်လျှင် မစပ်စုရဟု စည်းကမ်းသတ်မှတ်ထားသည် မဟုတ်ပါလော။

စွမ်းရီမင်းသည် ဘာစကားမှ မပြောတော့ဘဲ ချိုလင်းစု ပြင်ဆင်ထားသော စားစရာများကိုသာ ငုံ့၍ စားနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုလင်းစုကလည်း စားသောက်နေရင်းမှ စွမ်းရိမင်း မျက်နှာကို မကြာခဏ ခိုးကြည့်လျက် သက်ပြင်းကလေးကို ချနေမိ၏

"ကျွန်မ… ရှင့်အတွက် ရင်လေးတယ်"

စွမ်းရိမင်းက စားနေရင်းမှ မော့ကြည့်ကာ…

"ဘာဖြစ်လို့လဲ"

"ရှင်ဒီမှာ ခပ်အေးအေးနေဖို့ ကောင်းတယ်"

"ကျုပ်က ဘာလုပ်နေလို့လဲ"

"ကျွန်မ ကြည့်ရတာ ရှင်က သိချင်တာတွေ သိပ်များနေတယ်"

"အဲဒါဆိုတော့"

"အဲဒီလို သိချင်တာ သိပ်များပြီး သိပ်ထောင်တဲ့ လူတွေဟာ တနေ့တခြား ပျောက်ပျောက်ကုန်တယ်"

စွမ်းရိမင်းမှာ အံ့သြစွာဖြင့် မျက်ခုံးနှစ်ဖက်အပေါ်သို့ မြင့်တက်သွားလေသည်။

"ဟုတ်လား… ဘယ်ရောက်ကုန်လဲ"

"စနေဂြိုဟ်က သတ်ပစ်လိုက်တာ ဖြစ်မှာပေါ့"

"သူက ဘာလို့ သတ်ရတာလဲ"

"သူ့ကို အာခံပြီး သူ့ရဲ့ လျှို့ဝှက်ချက်ကို စုံးစမ်းလို့ ဖြစ်မှာပေါ့"

"ဩော် သူ့မှာ လျှို့ဝှက်ချက်တွေ ရှိနေတယ်လား"

ချိုလင်းစုသည် ဆတ်ကနဲ ကြည့်လိုက်ပြီး…

"ရှင်ဟာ ပြောလေဆိုးလေပါပဲလား၊ အဲဒါတွေ ရှင်နဲ့ ဘာမဆိုင်ပါဘူး၊ ရှင် အေးအေးဆေးဆေး မနေရင် အသက်တိုလိမ့်မယ်"



"တနည်းအားဖြင့် ခပ်မြန်မြန် သေသွားလဲ အေးတာပဲ"

"အို… ဘာဖြစ်လို့လဲ"

"ဘာထူးမှာလဲဗျာ… ဘုရင့်ရဲမက်တွေ ကြောက်လို့ ဒီကို ပြေးလာကာမှ ဒီမှာက ဥပဒေတွေက ပိုများနေတယ်"

သူမက မျက်မှောင်ကလေးကုပ်လိုက်ပြီး…

"အဲဒါ ရှင်မနေတတ်လို့ပါ၊ နေတတ်ရင် ရှင်ဘာမှ မဖြစ်ဘူး"

"ကျုပ်ကလည်း ရောက်တဲ့နေရာမှာ စပ်စုချင်တယ်ဗျ"

"အဲဒါ ခက်တာပေါ့… ဒါထက် ရှင်ဒီနေ့ သွားစရာရှိတယ်"

"ဗျာ… ကျုပ်က ဘယ်သွားရအုံးမှာလဲ"

"ရှင့်ကို ကြယ်သုံးလုံးက တွေ့ချင်လို့တဲ့"

"ဗျာ… ကြယ်သုံးလုံးက ဟုတ်လား"

"ဟုတ်တယ်"

"ကျုပ်က ဘယ်မှာ သွားတွေ့ရမှာလဲ"

"တော်တော်ကြာ မြင်းလှည်း လွှတ်လိုက်ပါလိမ့်မယ်"

စွမ်းရိမင်း တချက်တွေသွားသည်။

မည်သို့ဆိုစေ ကြယ်သုံးလုံးနှင့် တွေ့ရမည်ဟူသော အချက်ကိုမူ သူကျေနပ်နေမိသည်။

ထို့ကြောင့် သူ့စိတ်အစဉ်သည် ချက်ချင်းဆိုသလို ပေါ့ပါးဆန်းသွားရသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရှိမင်းသည် မြင်းလှည်းပေါ်တွင် စီးနင်းလိုက်ပါလာခဲ့သည်။ သူသည် ကြယ်သုံးလုံးနှင့် တွေ့ဆုံရန်အတွက် လာရောက်ခေါ်ဝင်သော မြင်းရထားဖြင့် လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။

လမ်းခရီး၌ အိမ်အချို့ကို တွေ့ရသည်။

အတန်ကြာအောင် စီးမိလျှင် သူစီးနင်းလာသော မြင်းလှည်းသည် ခြံဝန်းကျယ်ကြီးတခုထဲသို့ ချိုးဝင်သွား၏။

ခြံဝန်းကျယ်ကြီးအတွင်း၌မူ ခန့်ညားထည်ဝါသော အိမ်ကြီးတဆောင်ရှိနေသည်။

မြင်းရထားသည် ခန့်ညားထည်ဝါသော အိမ်ကြီးရှေ့သို့ ရောက်လျှင် ရပ်တန့်လိုက်သည်။

ယင်းအဆောက်အအုံကြီး၏ အဝင်ဝတွင် အညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အစောင့်များကို တွေ့လိုက်ရ၏။

ထိုအစောင့်များသည် လက်နက်မျိုးစုံ ကိုင်ဆောင်ထားပြီး အနည်းဆုံး ငါးဆယ်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

စွမ်းရှိမင်း စိတ်ထဲတွင် ဤနယ်မြေ၌ ကြယ်သုံးလုံးသည် ဤမျှ အင်အားတောင့်တင်းစွာနှင့် ခမ်းခမ်းနားနား နေလိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့ပေ။

ယခု သူတွေ့မြင်လိုက်ရသည်မှာ ကြယ်သုံးလုံးသည် အဆင့်မြင့်မားစွာဖြင့် ခမ်းခမ်းနားနား ဖြစ်နေသည်ကို တွေ့ရသောအခါ အလွန်ပင် အံ့သြသွားသည်။

စွမ်းရှိမင်းသည် မြင်းရထားပေါ်မှဆင်း၍ အိမ်ကြီးအတွင်းသို့ ခပ်မှန်မှန်ပင် ဝင်ရောက်သွားလေတော့သည်။

သူသည် ကြယ်သုံးလုံးကို သတိထားသော်လည်း လေးစား



တော့မရှိပါ။

ခန်းမကြီးအတွင်းသို့ ရောက်သောအခါ သက်တော်စောင့် ငါးဆယ်ခန့် ခြံရံထားသည့် ပုဂ္ဂိုလ်ကြီးသုံးဦးကို တွေ့လိုက်ရပေသည်။

ထိုပုဂ္ဂိုလ်ကြီးသုံးဦး၏ ရင်ဘတ်တွင် တဖိတ်ဖိတ်တောက်နေသော ကြယ်ပွင့်ကလေးများ တပ်ထားသည်ကို တွေ့ရခြင်းအားဖြင့် ကြယ်သုံးလုံးအမည်ရထားသော ပုဂ္ဂိုလ်ကြီးများဖြစ်ကြောင်း သိရှိလိုက်သည်။

တဦး၏ရင်ဘတ်တွင် ကြီးမားသော ကြယ်ကြီးတလုံးကိုသာ တပ်ဆင်ထားသဖြင့် ထိုလူသည် ပထမကြယ်ဖြစ်မှန်းသိရလေသည်။

နောက်တဦးက ခပ်ရွယ်ရွယ်ကလေး နှစ်လုံးကို တပ်ဆင်ထား၏။

ထိုလူသည် ဒုတိယကြယ်ဖြစ်ပြီး၊ သေးငယ်သော ကြယ်ကလေးသုံးလုံးတပ်ဆင်ထားသူမှာ တတိယကြယ်ပင်ဖြစ်သည်။

သူတို့သုံးယောက်လုံးပင် မျက်နှာကို မျက်နှာဖုံးစွပ်များ စွပ်ထားကြလေသည်။

စွမ်းရှိမင်းသည် ထိုသုံးဦးရှေ့တွင် ခပ်မတ်မတ်ပင် ရပ်တန့်လိုက်လေသည်။

"မင်းက စွမ်းရှိမင်း ဟုတ်လား"

"ဟုတ်ပါတယ်"

"မင်း မနေ့က ပုရင်စီးကို ဘာဖြစ်လို့သတ်လိုက်ရတာလဲ"

"သူက မိန်းကလေးတစ်ယောက်ကို မတော်မတရားပြုလုလို့ပါ"

စွမ်းရှိမင်းအား မေးမြန်းစစ်ဆေးနေသူမှာ ပထမကြယ်ပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"အဲဒီ မိန်းကလေးနဲ့ မင်းကဘာတော်လို့လဲ"

"ဘာမှမတော်ပါဘူး။ သူလဲဒုက္ခရောက်လာတဲ့ မိန်းကလေး တယောက်ပဲ"

ကြယ်သုံးလုံးသည် တယောက်မျက်နှာ တယောက်ကြည့် လိုက်သည်။

ကြယ်သုံးလုံး သုံးယောက်စလုံးပင် မျက်စိနေရာတွင် သေး ငယ်သောအပေါက်ကလေးနှစ်ပေါက်စီမှ စူးရှတောက်ပသော မျက် လုံးအစုံဖြင့် စွမ်းရီမင်းကို စူးစိုက်ကြည့်နေကြသည်။

စွမ်းရီမင်းသည် ကြယ်သုံးလုံး မည်သူမည်ဝါဖြစ်မည် သိရမည်ဟု အားခဲထားပြီးမှ မျက်နှာများတွင် မျက်နှာဖုံးစွပ်ထား သဖြင့် အားမလိုအားမရ ဖြစ်သွားမိရသည်။

ကြယ်သုံးလုံးမှာ မည်သူမည်ဝါဖြစ်ကြောင်း သိရှိရန် ခဲယဉ်းလှပေသည်။

ပထမကြယ်၏ အသံက ထပ်မံထွက်ပေါ်လာပြန်သည်။

"မင်း သေသေချာချာ နားထောင်ပါ"

စွမ်းရီမင်းက ကိုယ်ကိုမတ်မတ်ထား၍နားထောင်နေသည်။

"မင်းမှာ အခုငွေဘယ်လောက်ပါသလဲ"

"သိပ်မရှိပါဘူး"

"မင်း ရှေ့ရောက် ထမင်းစားသောက်နေထိုင်ဖို့ ဘယ်သူ တာဝန်ယူမှာလဲ"

မှန်ပေသည်။

ထိုအချက်ကို သူတို့မေးမည်ဆိုလျှင် မေးထိုက်ပေ



သူ့မှာရှိသည့်ငွေက တလမျှပင် စားသောက်ရန် မလုံ လောက်လှပေ။

သူက ပထမကြယ်အား မော့ကြည့်ကာ...

"ကျွန်တော့်အနေနဲ့ ဒီမှာအလုပ်ရှိမယ် အောက်မေ့တာ"

"မင်း ဘာလုပ်တတ်သလဲ"

"ဘာမှမတတ်ဘူး"

"သိုင်းပညာတော့ တတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ဒါဖြင့် စားပြသွားတိုက်ပေါ့ကွ"

"ဗျာ"

စွမ်းရီမင်းသည် ထိုမျှသာ အာဆမေ့ငိုတ်ပြုနိုင်ပြီး၊ တကိုယ် လုံး တောင့်တင်းသွားသည်။

သူဘာမှ ပြန်မပြောနိုင်မီ ပထမကြယ်က သူ့အားစူးစိုက် ကြည့်လိုက်ပြီး...

"ဟုတ်တယ်လေကွာ၊ မင်းကဘာမှမတတ်တော့ တတ်တာ ခိုင်းရတာပဲ"

"ကျွန်တော့်ကို တခြားအလုပ်ခိုင်းပါ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော် စားပြမတိုက်ချင်ဘူး"

ပထမကြယ်သည် ရယ်မောလိုက်လေသည်။

"မင်း..ပန်းပဲပညာတတ်သလား"

စွမ်းရီမင်းက ခေါင်းခါယမ်းလျက် ဖြေ၏။

"မတတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"တခြားဘာတတ်သလဲ"
"ဘာမှမတတ်ပါဘူး"
စွမ်းရှိမင်းက ခေါင်းခါရပြန်သည်။
"ဒါဖြင့် မင်းစားပြတိုက်ရမယ်"
"ကျွန်တော် တခါမှတော့ မတိုက်ဖူးဘူး"
"အခုတော့ တိုက်ဖူးတော့မှာပါ"
"ကျွန်တော်က ဘယ်သွားတိုက်ပေးရမှာလဲ"
ပထမကြြယ်သည် ရယ်မောလိုက်လေသည်။
"ဟ..မင်းစားပြတိုက်ဖို့ ငါကအိမ်လိုက်ပြပေးရအုံးမှာလား ငွေကြေးချမ်းသာတဲ့ လူတွေရဲ့အိမ်မှန်သမျှ စားပြတိုက်လို့ရတဲ့နေရာချည့်ပေါ့ကွ"
"ကျွန်တော် တယောက်တည်းလား"
"မင်းလိုပဲ စားစရာငွေမရှိတဲ့ လူတွေနဲ့အတူ သွားရမှာပေါ့"
"ဟုတ်ကဲ့...ဒါဆိုလဲ သွားရုံပေါ့"
ပထမကြယ်က ကျေနပ်စွာ ခေါင်းညိတ်လိုက်ပြီး...
"တို့နိုင်းစေထားတဲ့လူတယောက်ကို မင်းကသတ်ခဲ့တဲ့အတွက် လျော်ကြေးပေးရမယ်"
"ဗျာ"
စွမ်းရှိမင်း မျက်လုံးပြူးကျယ်သွားသည်။
ပထမကြယ်က...
"မင်း...ပုရင်စီးကို သတ်ထားတယ် မဟုတ်လား"
"ဒီမှာ လူသတ်ယင် လျော်ကြေးပေးရသလား"
"လျော်ကြေးပေးရတယ်ဆိုတာ အသက်ညှာဆုံးပဲ"

BURMESE CLASSIC .com



"ဘယ်လောက်ပေးရမှာလဲ"
"ငါးသောင်း"
စွမ်းရှိမင်းသည် မျက်လုံးပြူးကျယ်သွားရုံမက ပါးစပ်ပါပြဲသွားသည်။
"ငါးသောင်းဟုတ်လား"
"ဟုတ်တယ်"
"ကျွန်တော်က ငါးသောင်းရအောင် စားပြတိုက်ခဲ့ရမယ်ဆိုတဲ့ သဘောပေါ့ဟုတ်လား"
"ဟုတ်တယ်...အဲဒါ မင်းရဲ့စားစရိတ် မပါသေးဘူး"
"ကျွန်တော့စားစရိတ်က ဘယ်လောက်လဲ"
"ဒါကတော့ မင်းဟာမင်းဝယ်စားမယ်ဆိုရင်တော့ မေးစရာမလိုဘူးပေါ့၊ သူများအိမ်မှာစားယင် သူများတောင်းသလောက် မင်းပေးရမှာပေါ့"
"ကျွန်တော် သဘောပေါက်ပါပြီ၊ ဒါထက် မသိလို့တခုမေးပါရစေ"
"ဘာလဲ"
"လူသတ်ယင် ဒီလိုပဲလျော်ကြေးပေးရသလား"
"တို့က တာဝန်နဲ့ခိုင်းစေထားတဲ့လူကိုသတ်ယင် တို့ကိုလျော်ကြေးပေးရတာပေါ့"
"ကျန်တဲ့လူတွေကကော"
"ဒါကတော့ မင်းတို့သဘောပဲ သတ်ချင်သတ်၊ မသတ်ချင်နေ ဘယ်သူ့မှပေးစရာမလိုဘူး"
"ဒီကလူတွေဟာ ဒီလိုပဲစားပြတိုက်နေရတာပေါ့လား"

www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ တသက်ထိုင်စားစရာရှိနေယင် သွားတိုက်စရာ မလိုပါဘူး"

"ဒါဖြင့် ကျွန်တော်က ဘယ်နည်းနဲ့ဖြစ်ဖြစ် ငွေရလာယင် ပြီးရော မဟုတ်လား"

"အေး..ငွေရဖို့ပဲ အရေးကြီးတယ်"

စွမ်းရှိမင်းသည် ပထမကြယ်အား ပြန်ကြည့်လိုက်ပြီး...

"ဒါထက် ကျွန်တော်နဲ့လာတဲ့ အမျိုးသမီးကို ဘယ်မှာ ထားသလဲ"

"မင်း..အဲဒီလိုမေးမြန်းတဲ့အတွက် စည်းကမ်းဖောက်ဖျက်မှုနဲ့ နောက်ထပ်လျော်ကြေးတိုးသွားလိမ့်မယ်"

စွမ်းရှိမင်းမှာ မျက်လုံးပြူးသွားပြီး...

"ဟုတ်ကဲ့ ကျွန်တော် မမေးတော့ပါဘူး"

စွမ်းရှိမင်းသည် ချက်ချင်းပင် ရောင့်ရှုတ်ပိတ်စွာ ရပ်နေလိုက်ရတော့သည်။

♣ ♣ ♣



အခန်း(၂၄)

## သူ့အကြည့်

တတိယကြယ်က မျက်နှာဖုံးပေါက်ထဲမှ စူးရှစွာ စိုက်ကြည့်ရင်း မေးလိုက်၏။

"မင်းကို ငါမေးရအုံးမယ်"

"ဟုတ်ကဲ့မေးပါ"

"မင်းဒီကို လာတာ အမှန်ပဲ ဓာမ်းပြေးအဖြစ်နဲ့ လာတာ သား"

စွမ်းရှိမင်းက တချက်ပြုံးလိုက်သည်။

"မြို့စားကြီးကို ဓားထိုးခဲ့တယ်၊ ကျွန်တော့်ကို သူတို့က လွှတ်ပေးမှာ မဟုတ်ဘူး၊ ကျွန်တော့်ကို တွေ့ရာသချိုင်း ဓားမဆိုင်း လိုက် ဖမ်းနေကြတာ..."

"မြို့စားကြီး ဓားထိုးခံရတာ အခု သေသွားပြီလား"

"အဲဒါတော့ ကျွန်တော် မသိဘူး"

"မင်းမသိပေမယ့် ငါသိတယ်"

"ဟုတ်လား... သေသွားပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"သမားတော်တဦးဆီမှာ သွားကုနေရတယ်တဲ့၊ ဒါပေမယ့် ခက်တာက ဘယ်သမားတော်ဆီမှာလဲဆိုတာ စုံစမ်းလို့ မရသေးဘူး ငါတို့က အဲဒီ သမားတော်ကို စုံစမ်းနေတာ..."

စွမ်းရှိမင်းက မျက်မှောင်ကုပ်လိုက်၏။

"အဲဒါနဲ့ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ"

တတိယကြယ်က ရယ်မောကာ...

"မင်းတို့ လုပ်ဇာတ်ခင်းပြီး ဒီကို လာတာကော မဖြစ်နိုင်ဘူးလား၊ ငါတို့က အစစအရာရာ သတိရှိရတယ်..."

"ကျွန်တော် ဒီလိုလုပ်ခဲ့ပြီပဲ ထားပါအုံး၊ ဘယ်လို ထူးခြားမှာလဲ"

ကြယ်သုံးလုံးသည် တဦးမျက်နှာတဦး လှမ်းကြည့်ကြပြန်၏။ ပြီးမှ တတိယကြယ်က...

"မင်းဟာ ဘုရင့်ဘဏ္ဍာတော်တွေ ကိစ္စ လာစုံစမ်းတဲ့ သူလျှိုတယောက် မဟုတ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ"

"ခင်ဗျားတို့ မယုံရင်လဲ ကျုပ်ကို သတ်ပစ်လိုက်ပေါ့ဗျာ၊ အေးသွားရော မဟုတ်လား"

တတိယကြယ်က ခေါင်းညိတ်ပြလိုက်ပြီး...

"အေး... မင်းကိုတော့ ကြိုက်သွားပြီ၊ တို့က အမှန်အတိုင်း ထွက်ပြေးလာတဲ့ လူတယောက်ကို လက်ခံထားဖို့ ဝန်မလေးသလို သူလျှိုတယောက်ကို သတ်ဖို့လဲ သိပ်ဝန်လေးတာ မဟုတ်ဘူး"

"ကျွန်တော်လည်း ရိပ်မိပါတယ်"

"မင်းအခု ငါ့သမီးအိမ်မှာ နေတယ် မဟုတ်လား"

"ဟုတ်ပါတယ်"



"တလအတွက် ငါးရာပေးရမယ်"

စွမ်းရှိမင်းက ခေါင်းကို ခပ်လေးလေးပင် ညိတ်ပြလိုက်လေသည်။

"ငါးရာဆိုလဲ ငါးရာပေါ့"

"ကဲ မင်းပြန်နိုင်ပြီ"

စွမ်းရှိမင်းသည် သူ့အနေဖြင့် ကြယ်သုံးလုံးနှင့် ဆက်လက် စကားပြောဆိုနေ၍လည်း အကြောင်းထူးမည် မဟုတ်သဖြင့် အခန်းထဲမှ ပြန်ထွက်လာခဲ့တော့သည်။

သူတို့သည် သူ့ကို မယုံသင်္ကာ စစ်ဆေးနေကြသည်။ သာမန် သူခိုးဓားပြဆိုလျှင် အကြောင်းမဟုတ်။ မြို့စားကြီးကို ဓားနှင့် ထိုးခဲ့ခြင်းအတွက် သူ့ကို ဤမျှ စစ်ဆေးနေကြရခြင်း ဖြစ်သည်။

စွမ်းရှိမင်း ထွက်သွား၍ အတန်ကြာသည်အထိ အခန်းထဲတွင် တိတ်ဆိတ်ငြိမ်သက်နေသည်။

အဝါနှင့်အပြာရောင် ပိုးဖဲဝတ်စုံကြီးကို ဝတ်ဆင်ထားသော လူတယောက်သည် ထိုအခန်းထဲသို့ ရောက်ရှိလာလေသည်။

ထိုလူကြီး ဝင်ရောက်လာသည်နှင့် ကြယ်သုံးလုံးသည် နေရာမှထကာ ထိုပုဂ္ဂိုလ်ကြီးအား အရိုအသေပေးလိုက်ကြသည်။

ယင်းပုဂ္ဂိုလ်ကြီးသည် ကြယ်သုံးလုံးကဲ့သို့ပင် မျက်နှာဖုံးအနက်ကြီးကို စွပ်ထားပေသည်။

"ဘယ့်နှယ်လဲ စွမ်းရှိမင်းဆိုတဲ့အကောင်ကို မင်းတို့ စစ်ဆေးတာ ကျေနပ်မှုရရဲ့လား"

"ကျွန်တော်တို့ အယောက်တော်တွေဆီက ကြားရတာက

www.burmeseclassic.com



တော့ မြို့စားကြီးဝမ်ကြည်ဖုန်း ဓားထိုးခံရတယ်၊ တပ်သားသုံးဦး လည်း ဒဏ်ရာရသွားတယ်ဆိုတာကတော့ မှန်နေတယ်"

တတိယကြယ်က ဖြေကြားလိုက်ခြင်း ဖြစ်ပေသည်။

နောက်ထပ် ရောက်ရှိလာသော ပုဂ္ဂိုလ်ကြီးမှာ စနေဂြိုဟ် ပင်တည်း။ ဤဒေသ၏ အကြီးအကဲပင်။

သူသည် တတိယကြယ်အား စူးစိုက်ကြည့်ကာ...

"ဆုကွေ ထုတ်ထားတယ် ဆိုတာကကော"

"အဲဒါလဲ အမှန်ပါပဲ"

စနေဂြိုဟ်က...

"ဒီကောင်ဟာ အင်မတန် သိုင်းပညာ ထက်မြက်တယ်လို့ သိရတယ်"

တတိယကြယ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"မင်းတို့ သူ့ကို ချွင်းချက်မရှိ ယုံကြည်သွားပြီလား"

ပထမကြယ်က...

"ဒီလိုလဲ မဟုတ်သေးပါဘူး၊ သူ့ရဲ့ လုပ်ဆောင်ချက်တွေကို စောင့်ကြည့်ဖို့ ဆုံးဖြတ်ထားပါတယ်"

"အင်း... ကောင်းတယ်... ကောင်းတယ်၊ ငါကိုယ်တိုင်လည်း ဒီကောင့်သတင်းကို အခိုင်အမာဖြစ်အောင် စုံစမ်းအုံးမယ်"

ကြယ်သုံးလုံးသည် စနေဂြိုဟ်အား ပြိုင်တူကြည့်လိုက်ကြလေသည်။

"ကျွန်တော်တို့ သွားစုံစမ်းပေးပါ့မယ်"

စနေဂြိုဟ်က ခေါင်းခါလိုက်လေသည်။



"မင်းတို့ သူ့ကို ပေါ်ပေါ်ဆဆ မထင်နဲ့"

"ကျွန်တော်တို့ သတိထားပါ့မယ်"

"သူ့ရဲ့ သိုင်းပညာကို ငါသိချင်တယ်"

တတိယကြယ်က ခေါင်းညိတ်ပြလိုက်ပြီး...

"စိတ်ချပါ၊ ဒီည ထိပ်တန်းသိုင်းသမားသုံးဦး လွှတ်ပြီး စမ်းသပ်လိုက်ပါ့မယ်"

စနေဂြိုဟ်က ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီလေ"

♣ ♣ ♣

စွမ်းရှိမင်းသည် အိမ်သို့ ပြန်ရောက်သည်နှင့် ကုလားထိုင် တလုံးပေါ်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

သူ၏ဦးနှောက်ထဲတွင် အတွေးပေါင်း မြောက်မြားစွားက ဝင်ရောက်လာပြီ ဖြစ်သည်။

သူ စဉ်းစားခန်းဝင်ရပေမည်။

သူသည် ငွေငါးသောင်းကျော်ကျော်ရအောင် မရှာနိုင်ပါက ဒီနယ်မြေတွင် နေရတော့မည် မဟုတ်ပါ။

"ငွေ... ငွေ... ငွေ..."

ငွေကို မည်သို့ ရှာဖွေရမည်နည်း။

ထိုငွေကလည်း လုယက်ဓားပြတိုက်ရုံမှလွဲ၍ အခြားရှနိုင်စရာ နည်းလမ်းမရှိပါ။

ယင်းကဲ့သို့ ဓားပြသွားတိုက်ပါကလည်း သူ့အား သိရှိသူ

www.burmeseclassic.com

www.burmeseclassic.com



များက ဝိုင်းဝန်းဖမ်းဆီးနိုင်သည်။

တရားဥပဒေ စိုးမိုးသော နယ်မြေတွင် သူ့ကို မသိသူ မရှိပါ။ တစ်သောင်းဟူသော ဆုငွေသည် မက်မောစရာပင် ဖြစ်၏။

အကယ်၍ ဤနယ်မြေသို့ ပြန်မလာတော့ဘဲ တခြားတနယ်တကြေး သွားပါလျှင် သူ့အတွက် လုံခြုံမှု ရှိနိုင်ပါမည်လား။

လုံခြုံမှု မရှိနိုင်ပါ။

စွန်ရဲစွမ်းရီမင်းဆိုလျှင် သိုင်းလောကသား အတော်များများက သိရှိထားကြပြီ ဖြစ်သည်။

သူ့ကို ဝိုင်း၍ ဖမ်းဆီးကြပေလိမ့်မည်။

တဘက်တွင်လည်း ဥပဒေမဲ့နယ်မြေကို ရောက်ရှိပြီးမှ ပြန်ထွက်သွားသော သူ့ကို ကြယ်သုံးလုံးက လိုက်လံ၍ ဒုက္ခပေးနိုင်သည်။ နောက်တချက်...

သူသည် ယခုအချိန်ထိ ပိုကျူ၏ သတင်းအစအနကိုမှ မသိရသေးသည်မှာ စိတ်ထဲတွင် ကြိတ်မနိုင်ခဲမရ ဖြစ်နေမိသည်။

ပိုကျူ... မိန်းကလေး... မည်သည့်နေရာ ရောက်နေပါသနည်း။ အမှန်တော့...

စွမ်းရီမင်းသည် ပိုကျူကို သံယောဇဉ် ငြိတွယ်နေပြီ မဟုတ်ပါလား။

သူသည် ပိုကျူအား အသက်စွန့်၍ အကူအညီပေးပါမည်ဟု ကတိပြုထားခဲ့ပြီ ဖြစ်သည်။

ယခုအခါ ပိုကျူအား ကူညီရန်ဝေးစွ၊ သူ၏ဒုက္ခက ပိုမို၍ ကြီးမားနေသည် မဟုတ်ပါလား။ သူ့ဒုက္ခက ပိုကြီးနေသည်။

သူမအား မည်ကဲ့သို့ စုံစမ်းရပါမည်နည်း။



တနည်းတော့ ရှိသည်။

ဤနယ်မြေတခုလုံးအား ပိုက်စိပ်တိုက်၍ ရှာဖွေမည်ဆိုပါလျှင် တနေရာတွင် တွေ့နိုင်မည် ဖြစ်ပေသည်။

ကြယ်သုံးလုံးတို့သည် လျှို့ဝှက်ချက်တခု ရှိနေမည်မှာ အမှန်ဟု သူကယူဆမိသည်။ အဘယ်ကြောင့်ဆိုသော်...

ချိုလင်းစု၏စကားထဲတွင်လည်း လျှို့ဝှက်ချက် ရှိသည်ဟု ရိပ်မိရှိလာသည်။

ကြယ်သုံးလုံးကလည်း သူ့အား ပန်းပဲပညာကော မတတ်ဘူးလားဟု မေးသည့်အချက်ကို သတိရလာသည်။

ပန်းပဲပညာတတ်ပါလျှင် သူတို့က ဘာခိုင်းစေမည်နည်း။

ထိုအချက်ကိုလည်း စွမ်းရီမင်းက သံသယမကင်းပေ။

သူတို့သည် ကလန်ကဆန်လုပ်သော ထိပ်တန်းသိုင်းသမားများကို သတ်ပစ်မည်ဟုဆိုသည်။

ထိုလူတွေသည် မည်သည့်အတွက်ကြောင့် မခုခံပါသနည်း။

ခုခံ၍ မရနိုင်သောကြောင့်ပေလော။

တိုက်ရင်း သေသွားကြသလော။ သို့မဟုတ်...

မသမာသောနည်းဖြင့် ဖမ်းဆီးပြီး သတ်ဖြတ်ခြင်းပေလော။ သူက အတွေးပေါင်းမြောက်မြားစွာကို တွေးနေစဉ်မှာပင် ချိုလင်းစုက သူ့အနားသို့ ရောက်ရှိလာတော့သည်။

"ရှင့်ကို ကြယ်သုံးလုံးက ဘာတွေ အမိန့်ချမှတ်လိုက်သလဲ"

"စုံလို့ပဲ"

သူမက ပြုံးလိုက်လေသည်။

"အဲဒီအတွက် ရှင်စိတ်ညစ်စရာတွေ အများကြီး ဝယ်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ် မဟုတ်လား"

"ဆိုပါတော့"

"လာ... ဒါဖြင့် အရက်ကောင်းကောင်းကို တဝကြီး သောက်ပစ်လိုက်"

စွမ်းရိမင်းသည် ချိုလင်းစုကို စိုက်ကြည့်လိုက်သည်။

သူမသည် သူ့အပေါ် အမှန်ပင် စေတနာထားသည်ဟု ယူဆမိသည်။

ထို့ပြင်လည်း ယင်းမိန်းကလေးသည် သူ့အား စိတ်ဝင်စားနေသည်ဟုလည်း ထင်မိပြန်လေသည်။

သူသည် စိတ်ကူးတမျိုး ပေါက်လာသည်။ ထိုစိတ်ကူးမှာ—

ချိုလင်းစု၏အလိုကို လိုက်ပြီး လျှို့ဝှက်ချက်များကို နှိုက်ထုတ်ရန်ပင် ဖြစ်တော့သည်။

ဤသို့ ကြံစည်ရခြင်းမှာ သူမသည် ဥပဒေမဲ့မြို့၏အကြောင်းကို တော်တော်များများကို သိထားမည်ဟု ထင်ရသောကြောင့်ပင် ဖြစ်ပါသည်။

စားသောက်ခန်းထဲသို့ ရောက်သောအခါ ချိုလင်းစုသည် အရက်အိုးကို ချပေးသည်။

"ရော့... တချို့လူတွေဟာ စိတ်ညစ်ရင် အရက်သောက်တယ်လို့ ကျွန်မ ကြားဖူးတယ်"

"အင်း... ခင်ဗျားဟာ တော်တော်ကို အလိုက်သိတတ်သူပဲ။ ဒါပေမယ့် ကျုပ်က စားစရိတ် ငါးရာပေးရမယ်တဲ့"

ချိုလင်းစုက ရယ်မောလိုက်လေသည်။

"ဒီကိစ္စနဲ့ဆိုရင်တော့ ရှင်စိတ်မညစ်ပါနဲ့လေ"



စွမ်းရိမင်းက မျက်လုံးတချက် ဝေ့ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"ကျွန်မလျှော့စားပြီး၊ ရှင့်ကို ကျွေးပါ့မယ်"

"ခင်ဗျားကို ကျုပ် ကျေးဇူးတင်ပါတယ်ဗျာ"

"ရှင်စိတ်မညစ်တော့ဘူး မဟုတ်လား"

"ကျုပ်စိတ်ဆင်းရဲတာ ဒါကြောင့် မဟုတ်ပါဘူးဗျ"

သူမက မျက်မှောင်ကုပ်လိုက်ပြီး...

"အင်း... ဘာကြောင့်လဲ"

"ကျုပ်... စားပြသွားတိုက်ရတော့မယ်"

"ရှင်က မတိုက်ချင်ဘူးလို့ မငြင်းဘူးလား"

"မရဘူး လျော်ကြေးပေးစရာလဲ ရှိတယ်"

"အို... ဟုတ်လား၊ ဘာအတွက်လဲ"

စွမ်းရိမင်းက ပိုက်ဆံကိစ္စနှင့် ပတ်သက်ပြီး ပုရင်စီးအား [illegible]တ်ပစ်ခဲ့ရသော အကြောင်းများကို ပြောပြလိုက်လေသည်။

"အို... ဒါဆို ရှင်က မိန်းကလေးတယောက်အတွက် သက်[illegible]က်ဝင်ပြီး ဓားစာခံလိုက်တာပဲ"

"အဲဒီ သဘောပဲ ဆိုပါတော့ဗျာ"

"အဲဒီ မိန်းကလေးကကော"

စွမ်းရိမင်းသည် ချိုလင်းစုအား မျက်လုံးလှန်၍ ကြည့်လိုက်[illegible]နောက် ဟီးတိုးပြောလေ၏။

"ကျုပ်က အဲဒီကိစ္စ ခင်ဗျားကို မေးချင်နေတာ"

သူမက သက်ပြင်းချကာ...

"အင်း... မဟုတ်မှလွဲရော"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟင်..."

သူမသည် ကပျာကယာ စကားကို ပြန်ပိတ်ပြီး...

"အို... ဘာမှမဟုတ်ပါဘူးရှင်"

စွမ်းရီမင်း၏စိတ်ထဲတွင် ချိုလင်းစုသည် တခုခုကို သိရှိနေ မည်ဟု တထစ်ချယုံကြည်ထားလေသည်။

"ခင်ဗျား ပြောမပြလဲနေပေါ့ဗျာ၊ ကျုပ်မှာက အားကိုးစရာ ဆိုလို့ ဒီနယ်မြေမှာ ခင်ဗျားတယောက်ပဲ ရှိတာ"

ချိုလင်းစုသည် သူမ၏စိတ်ထဲတွင် အတော်မကောင်းပုံ သွား၏။ သို့သော် ထုတ်ဖော်ပြောရမှာ ဝန်လေးနေပုံလည်းရသည်

"ကျွန်မ မပြောချင်လို့ မဟုတ်ပါဘူးရှင်၊ ဒီနယ်မြေက စည် ကမ်းအကြောင်း ရှင်လည်းသိသားပဲ"

"ဟုတ်ပါတယ်လေ... ကျုပ်ကလည်း အတင်းအကျပ် မခိုင် ပါဘူးလေ"

သူမသည် စွမ်းရီမင်းအား စူးစမ်းသလို ကြည့်နေသည်။

"ရှင်က သူ့ကို ဘာလို့ တွေ့ချင်တာလဲ"

စွမ်းရီမင်း ရုတ်တရက် ဘာပြန်ဖြေရမှန်း မသိဖြစ်သွာ လေသည်။ အတန်ကြာမှ...

"သူဟာ ဒုက္ခသည်လေးပါ၊ ပိုပြီးများ ဒုက္ခရောက်နေ လားလို့"

"ရှင့်ကို မြင်ရတာ ကျွန်မ စိတ်မကောင်းပါဘူး၊ တတ်နိုင် တနေ့ ကျွန်မ ကူညီပါ့မယ်"

"အဲဒီလောက် ပြောဖော်ရတာပဲ တော်လောက်ပါပြီဗျာ"

"ကဲပါ... ရှင်သိပ်ပြီး စိတ်ညစ်စရာတွေ တွေးမနေပါ



ကျွန်မနဲ့ အရက်အတူတူ သောက်ရအောင်"

သူမသည် ပြောပြောဆိုဆို အရက်နှစ်ခွက်ကို ထည့်ကာ တခွက်ကို စွမ်းရီမင်းအား လှမ်းပေးရင်း တခွက်ကို သူမကိုယ်တိုင် သောက်ချလိုက်လေသည်။ အမှန်ဆိုလျှင်...

ချိုလင်းစုသည်လည်း သနားစရာကောင်းသော မိန်းက လေးတဦး ဖြစ်ပါ၏။

သူမသည်လည်း တတိယကြယ်၏ အုပ်ထိန်းခြင်းအောက် တွင် နေရသူကလေး ဖြစ်သည်။

တတိယကြယ်သည် သူ့အား ဤအိမ်၌ ထားခြင်းမှာ သူ၏ လှုပ်ရှားမှုများကို ချိုလင်းစုက စောင့်ကြည့်နိုင်ရန်ပင် ဖြစ်သည်။

သို့သော် ချိုလင်းစုသည် အသက်အရွယ် ရောက်နေပြီဖြစ် သော မိန်းကလေးတဦး ဖြစ်၏။

ထို့ကြောင့်... သူမသည် သက်တူရွယ်တူ စွမ်းရီမင်းအား စိတ်ဝင်စားမိသည့်အတွက် သူ၏တာဝန်များ ပေါ့လျော့နေပေသည်။

သို့သော်လည်း ထိထိရောက်ရောက် မကူညီရဲသည်မှာ သူမ၏အပြစ် မဟုတ်ပေ။

အကယ်၍ ကြယ်သုံးလုံးက သိရှိသွားပါလျှင် သူမသည်ပင် ဒုက္ခရောက်သွားနိုင်သည် မဟုတ်ပါလား။

စွမ်းရီမင်းအနေဖြင့် သူမကို ဒုက္ခမရောက်စေချင်ပါ။

ထို့ကြောင့် သူမထံမှ အကူအညီကို အတင်းအကျပ် မရယူ ပေ။

သူတွေးနေစဉ်မှာပင် ချိုလင်းစုသည် အရက်နှစ်ခွက်ဖြင့် ကုန် သွားပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်... သူမသည် အတော်ပင် မူးနေပြီဖြစ်ကြောင်း စွမ်းရိမင်းက သိလိုက်သည်။

"ခင်ဗျား မူးနေပြီလား"

ချိုလင်းစုသည် ရီဝေသော မျက်လုံးများဖြင့် လှမ်းကြည့် ရင်း...

"သိပ်မမူးပါဘူးရှင်၊ ဘာလဲ... ရှင်က ကျွန်မအတွက် စိုးရိမ် နေလို့လား"

"ဘယ်သူမဆို တစုံတခု ဖြစ်သွားမှာကိုတော့ ကျုပ်က စိုး ရိမ်တာပဲ၊ အထူးသဖြင့် အားနွဲ့တဲ့ မိန်းကလေးတွေပေါ့ဗျာ..."

"မစိုးရိမ်ပါနဲ့ရှင်၊ တကယ်တော့ ရှင့်အတွက် ကျွန်မက စိုး ရိမ်မိတာပါ"

"ကျုပ်အတွက် စိုးရိမ်တယ် ဟုတ်လား"

"ဟုတ်တယ်..."

"ဘာဖြစ်လို့..."

"အို... စိုးရိမ်ချင်လို့ စိုးရိမ်တာပေါ့ရှင်"

ချိုလင်းစု၏ အရက်ရှိန်တက်နေသော မျက်နှာကလေးမှာ စောစောကထက် နီရဲသွားသည်။

သို့ရာတွင် သူမသည် စွမ်းရိမင်းကို ရဲရဲတင်းတင်းပင် ငေး စိုက်ကြည့်နေ၏။ သူမ၏အကြည့်မှာ ရွှန်းလဲ့တောက်ပနေသည်။

မျက်နက်ဝန်းများနှင့် နှုတ်ခမ်းအစုံသည် အလိုလို ပြုံးနေ သည်ကို စွမ်းရိမင်း ကောင်းစွာ ရိပ်စားလိုက်မိလေ၏။

စားသောက်ခန်းကလေးသည် အတန်ကြာအောင် တိတ် ဆိတ်ငြိမ်သက်နေသည်။



စွမ်းရိမင်းရော ချိုလင်းစုပါ တယောက်မှ စကားမပြော ဖြစ်ကြပေ။

ထို့ကြောင့် တခန်းလုံးမှာ အမ်ကျသ်ပင် ကြားလောက် ဖြစ် နေသည်။

လွန်စွာ တိတ်ဆိတ်နေသည်။

သူတို့နှစ်ယောက်သည် တယောက်နှင့်တယောက် စကားမ ပြောဖြစ်ကြသော်လည်း အကြည့်ချင်း ဆုံမိကြသည်။

နှစ်ယောက်စလုံး၏မျက်လုံးများက အဓိပ္ပါယ်များစွာ ပါ သော စကားများကို ပြောဆိုနေကြသည်။

ချိုလင်းစုသည် စွမ်းရိမင်းအား ရွှန်းလဲ့သော မျက်လုံးအစုံ ဖြင့် ငေးမောကြည့်နေသည်။

ထို့အတူ စွမ်းရိမင်းကလည်း မျက်တောင်မခတ်ဘဲ ပြန်၍ ကြည့်နေလိုက်သည်။

အကြည့်ဖြင့် စကားပြောနေမိသည်။

တိတ်ဆိတ်သောညသည် သူတို့၏စိတ်ကို အတိုင်းအဆ မရှိ လှုပ်ရှားစေသည်မှာ ဆန်းလှသည်တော့ မဟုတ်ပေ။

အတန်ကြာမှ ချိုလင်းစုက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက် သည်။

"အစ်ကို... စွမ်းရိမင်း..."

"ပြောပါ... ချိုင်လင်းစု"

"အစ်ကိုဟာ လူကောင်းတယောက်ပါနော်"

"ကျုပ်ဒီကို ရောက်လာရတာကတော့ မြို့စားကြီးကိုတိုက် မိလို့ပါ။ အဲဒါက လွဲရင် လူကောင်းတယောက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုဟာ စားပြလူဆိုးတယောက်တော့ မဟုတ်ပါဘူး"

"ဒါပေမယ့်... အခု ဖြစ်တော့မယ်လေ"

သူမသည် စွမ်းရီမင်းအား စူးစူးဝါးဝါးကလေး ကြည့်ကာ...

"ကျွန်မ ကျွန်မ သွားအိပ်တော့မယ် အစ်ကိုရယ်"

သူမသည် မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်၍ ငိုလိုက်သည်။

စွမ်းရီမင်းအတွက် ဝမ်းနည်းသွားခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

သူမသည် ငိုယိုရင်းမှ စားသောက်ခန်းအတွင်းမှ ပြေးထွက်သွားလေတော့သည်။

တယောက်တည်း ငူငူကြီး ကျန်ခဲ့သူမှာ စွမ်းရီမင်းပင် ဖြစ်လေသည်။

♣ ♣ ♣



အခန်း(၂၅)

## ဆူးကြားမှပန်းခါး

စွမ်းရီမင်းသည် လုံးဝအိပ်မပျော်ပါ။

ထို့အတူ... ချိုလင်းစုသည်လည်း အိပ်ပျော်မည် မဟုတ်သေးဟု သူထင်သည်။

သူသည် ချိုလင်းစုအား ချစ်ဟန်ပြ၍ လျှို့ဝှက်ချက်များ နှိုက်မည်ဟု ကြံစည်ထားမိ၏။

လက်တွေ့တွင် ချိုလင်းစုသည်လည်း လှန်စွာမှ သနားစရာကောင်းသော မိန်းကလေးတဦး ဖြစ်နေ၏။

ထိုမိန်းကလေးကို သူ့အနေဖြင့် လိမ်လည်လှည့်ဖြားသင့်ပါ့ဓါလော။

ဤသို့ဆိုသော် မျက်မမြင်မလေးပိုကျူ။

သူမသည်လည်း သနားစရာ မကောင်းပေဘူးလား။

စွမ်းရီမင်းသည် သက်ပြင်းရှည်တချက်ကို ချရင်းမှ ခေါင်းခြုံ၍ အိပ်ပျော်ရန် ကြိုးစားလိုက်လေသည်။

ယင်းအခိုက်မှာပင် သူ၏နားထဲတွင် ခြေသံ ကြားလိုက်ရသ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ခေါင်းမြီးခြုံထားသော စောင်အား ရုတ်တရက် ဖွင့်လိုက်မိသည်။

တွေ့ရသော မြင်ကွင်းကြောင့် သူ၏မျက်လုံးအစုံ ပြူးကျယ်သွားလေတော့သည်။ အဘယ်ကြောင့်ဆိုသော်...

ဓားကိုယ်စီကိုင်ထားသော လူသုံးယောက်သည် သူ့အား မားမားကြီးရပ်၍ ကြည့်နေသည်ကို တွေ့လိုက်ရသောကြောင့်တည်း။

စွမ်းရှိမင်းက ကပျာကယာ လူးလဲထ၍ ရင်ဆိုင်လိုက်သည်။

"မင်းတို့ ဘယ်သူတွေလဲ"

စွမ်းရှိမင်းက ခပ်ဝေါက်ဝေါက်မေးလိုက်သည်။

သို့သော် မည်သည့်ဖြေကြားသံမှ မကြားရဘဲ၊ လူသုံးဦးသည်သူတို့၏ဓားများဖြင့် စွမ်းရှိမင်းထံသို့ တလှမ်းချင်းတိုးဝင်ကာ တိုက်ခိုက်ကြတော့သည်။ သူတို့တိုက်ခိုက်ပုံမှာ စံနစ်ကျသည်။

သုံးယောက်တိုက်ခိုက်ရာတွင် ပူးပေါင်းတိုက်ကွက်မျိုးဖြင့် တိုက်ခိုက်ကြခြင်းဖြစ်သည်။ စံနစ်တကျ တိုက်ခိုက်ကြခြင်းဖြစ်သည်။

စွမ်းရှိမင်းလည်း မနေသာတော့ပေ၊ ခုတင်ဘေးတွင် အသင့်ထောင်ထားသော ဓားကိုဆွဲ၍ ရန်သူသုံးယောက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရလေတော့သည်။

ထခဏအတွင်းမှာပင် စွမ်းရှိမင်း၏အိပ်ခန်းထဲ၌ ဆူညံသွားလေတော့သည်။

"ထန်း...ထန်း...ထန်း"

"ဟိုက်"

"ဝုန်း"

"ဒိုင်း"

အသံများနှင့်အတူ...



"အား"

ဟူသောအသံတသံက ပေါ်ထွက်လာပြန်သည်။

ရန်သူတဦးသည် ယင်းအသံနှင့်အတူ ရင်ဘတ်တွင် ဒဏ်ရာတချက်ဖြင့် လွင့်စင်ထွက်သွားပြီး ငြိမ်သက်သွားတော့သည်။

ရန်သူသုံးဦး၏ တိုက်ကွက်များမှာ ရက်စက်သယောက် ပြင်းထန်လှပေသည်။

သို့သော် မကြာမီမင် ရန်သူတဦးအား သတ်လိုက်နိုင်သဖြင့် ကျန်နှစ်ဦးမှာ အနည်းငယ်စိုးရွံ့သွားမိကြသည်။

ထို့ကြောင့် တိုက်ခိုက်မှု တုံ့ဆိုင်းသွားကာ နောက်သို့ ကပျာကယာ ခုန်ဆုတ်သွားကြတော့သည်။

စွမ်းရှိမင်းသည် ထိုနှစ်ဦးအားလည်း မညှာနေနိုင်တော့ပါ။

ညှာလျှင် သူသွားပါလိမ့်မည်။

ဤလူများသည် သူ့အား အသေသတ်ရန် လာကြသူများဖြစ်ပါသည်။

ဤနေရာ ဤဒေသသည် ညှာတာ၍ရသော ဒေသမဟုတ်သည်ကို သူကောင်းကောင်းကြီး သိထားသည်။

ထို့ကြောင့် ရှေ့သို့တဟုန်ထိုး ခုန်ထွက်ကာ စွန်ရဲဓားသိုင်းကွက်ဖြင့် ပြင်းပြင်းထန်ထန်တိုက်ခိုက်သည်။

သိုင်းကွက်နှစ်ဆယ်အတွင်းမှာပင် နောက်တဦး၏အော်သံက လွှမ်းမိုးသွားတော့၏။

"အား...အား"

ထိုလူသည် နားကျင်စူးရသောအော်သံနှင့်အတူ ကြမ်းပေါ်သို့ လဲကျငြိမ်သက်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ကျန်တဦးသည် ဆက်လက်မယှဉ်ပြိုင်ဝံ့တော့ဘဲ ပြတင်းပေါက်မှ ခုန်ဆင်းထွက်ပြေးလေတော့သည်။

စွမ်းရီမင်းသည် ထိုလူကို လက်လွှတ်မခံပါ။

အရိပ်တခုပမာ ထိုလူ၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားသည်။ သိပ်ဝေးဝေး မပြေးလိုက်ရခင်မှာပင် စွမ်းရီမင်း ထိုလူကိုမီသွားသည်။

ထို့ကြောင့် ရန်သူသည် သူ၏လက်ထဲမှဓားဖြင့် ရုတ်တရက်ပြန်ခုတ်လေသည်။

ထိုလူ၏တိုက်ခိုက်ပုံများမှာ အဆင့်အတန်း မနိမ့်ကျလှပေ။

ရန်သူ၏ ရောင်လင်သိုင်းကွက်များက စွမ်းရီမင်း၏မျက်လုံးအစုံကို ပြူးကျယ်သွားစေသည်။

စွမ်းရီမင်းသည် ဒုတိယရန်သူကို သတ်ဖြတ်ခဲ့စဉ်က ဓားနှင့်ပစ်ပေါက် သတ်ဖြတ်ခဲ့ခြင်းဖြစ်၍ ယခုလက်နက်မဲ့ ဖြစ်နေပေ၏။

ထို့ကြောင့် ရန်သူကိုလက်နက်မဲ့ သိုင်းကွက်များနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေရသည်။

ရန်သူ၏သိုင်းကွက်များ အဆင့်မနိမ့်လှသော်လည်း သူ၏စွန်ရဲလက်သည်း တိုက်ကွက်များသည် ဓားကိုင်ရန်သူကို ကြိမ်ဖန်များစွာ ဒုက္ခပေးနိုင်ခဲ့သည်။

ရန်သူသည် သူ၏ပရိယာယ်ကြွယ်ဝသော လက်သိုင်းကွက်များကို မချေဖျက်နိုင်ဘဲ နောက်သို့သာ တဆုတ်တည်းဆုတ်ခွာနေရသည်။

စွမ်းရီမင်း၏ စွန်ရဲသိုင်းကွက် လေးငါးကွက် အတွင်းမှာပင် ရန်သူ၏ဓားသည် သူ့လက်ထဲသို့ ရောက်လာလေတော့သည်။



"ကျုပ်...ကျုပ်ကို ချမ်းသာပေးပါ"

ရန်သူသည် ချက်ချင်းပင်နောက်သို့ လေးလှမ်းမျှ ခုန်ဆုတ်သွားပြီး ထိတ်လန့်ကြောက်ရွံ့စွာ တောင်းပန်လိုက်သည်။

"မင်းတို့ ဘယ်သူတွေလဲ"

"ကျုပ်တို့ လက်မရွံ့ကြေးစားတွေပါ"

"ဘယ်သူက ခိုင်းတာလဲ"

ရန်သူကမဖြေပါ။

စွမ်းရီမင်းသည် ဓားကိုတချက်ဝင့်လိုက်ပြီး ရန်သူ၏ရင်ဝသို့ ချိန်ရွယ်လိုက်သည်။

"ကျုပ်...ကျုပ်ပြောပါ့မယ်"

ရန်သူသည် ကြောက်ကြောက်နှင့်သာ ထိုကဲ့သို့ ပြောလိုက်သော်လည်း ဖြေသံကထွက်မလာပါ။

"ပြောလေကွာ"

စွမ်းရီမင်းက စိတ်မရှည်စွာအော်ဟစ်မေးမြန်းလိုက်သဖြင့်..

"ကျုပ်က ဖွင့်ပြောလည်း သူတို့ကသတ်မှာပဲ"

စွမ်းရီမင်းမှာ တချက်ငိုင်သွားသည်။

သူသည် အရှုံးပေးနေသောရန်သူကို သတ်လိုစိတ်မရှိပါ။ ထို့ပြင် ယခုအခါ သူ့မှာ သိလိုသောအချက်များက ရှိနေသည်မဟုတ်ပါလား။ ထို့ကြောင့် သူက ရန်သူ၏မျက်နှာကို သေသေချာ ကြည့်လိုက်ပြီး...

"မင်းနာမည်"

"ကေးမှု"

"ဟိုနှစ်ယောက်ကကော"

www.burmeseclassic.com

www.burmeseclassic.com



"ကျိုက္ကနဲ့ အုံ့တုပါ"

"မင်း ငါပြောတာလိုက်နာယင် အသက်ချမ်းသာပေးမယ်"

"လိုက်နာပါ့မယ်"

"မင်းကို ဘယ်သူခိုင်းတာလဲ"

"သူတို့ကသိယင် ကျွန်တော့်ကိုသတ်မှာ"

"ငါ ထိန်ဝှက်ထားပါ့မယ်၊ အဲဒါတော့ စိတ်ချပါ"

ကေးမှုသည် အတန်ကြာအောင် စဉ်းစားပြီးမှ…

"ကြယ်သုံးလုံး"

စွမ်းရှိမင်းသည် ကေးမှု၏စကားကြောင့် နားမလည်သလို ဖြစ်သွားရသည်။

"သူတို့က ငါ့ကိုဘာဖြစ်လို့ သတ်ခိုင်းရတာလဲ"

"ပညာစမ်းခိုင်းတာပါ။ ဒါက ပထမပိုင်းပါ"

"ငါ့ကို အသေမသတ်ခိုင်းဘူးလား"

"အကယ်၍ မလွဲသာမရှောင်သာယင်တော့ သတ်ခဲ့ဖို့မှာ ပါတယ်၊ အဲဒါက ဒုတိယပိုင်းပေါ့"

စွမ်းရှိမင်းသည် အံကိုတင်းတင်းကြိတ်လိုက်သည်။

"နောက်ဆုံးတော့ ငါ့ကိုသတ်ခိုင်းတာပဲ"

"ဆရာရယ်"

"ဘာလဲပြော"

"သူတို့ကို ကျွန်တော်ဖွင့်ပြောတယ်လို့ အသိပေးမှာလား မပြောပါနဲ့ဆရာရယ်"

"မင်း သိပ်ကြောက်နေသလား"

"သူတို့က အင်မတန်ရက်စက်တာ၊ လူမဆန်ပါဘူးဆရာ"



"ဒါဖြင့် ငါမေးတာတွေ အမှန်အကန်အတိုင်းဖြေပါ"

"ဟုတ်…ဟုတ်ကဲ့ ဖြေပါ့မယ်"

"ကြယ်သုံးလုံးဟာ သူတို့နာမည်တွေ ဘယ်သူတွေလဲ"

"အဲ…အဲဒါတော့ မသိတာအမှန်ပါပဲဆရာ၊ ကျွန်တော် မဟုတ်ဘူး၊ ဘယ်သူမှမသိကြပါဘူး ဆရာ"

စွမ်းရှိမင်း တချက်တွေဝေသွားသည်။

သူက ကေးမှု၏မျက်နှာကို တချက်အကဲခတ်လိုက်သည်။ သူ့ကို လိမ်ညာပြောဆိုနေသည့် အမူအရာမျိုးမရှိသဖြင့်…

"သူတို့နေတော့ကော"

"ဆရာ ညနေကရောက်သွားတဲ့အိမ်ကြီးရဲ့ အနားမှာပါပဲ၊ တယောက်တအိမ်စီ နေကြတယ်"

"စနေဂြိုဟ်ဟာ ဘယ်သူလဲဆိုတာကော မင်းသိသလား"

ကေးမှုက ခေါင်းကိုခါယမ်းယင်း…

"သူ့ကိုသိဖို့ဆိုတာ ပိုပြီးမဖြစ်နိုင်ပါဘူး"

"ရုပ်ကော မြင်ဖူးသလား"

"မမြင်ဖူးပါဘူး"

"နေတာကကော"

"ပန်းဂေဟာမှာပါ"

"ပန်းဂေဟာဆိုတာ ဘယ်မှာလဲ"

"ညနေကအိမ်ကြီးရဲ့ အနောက်ဘက်မှာပါ"

စွမ်းရှိမင်းသည် အတန်ကြာအောင် စဉ်းစားနေပြီးမှ ကေးမှု၏မျက်နှာကို လှမ်းကြည့်လိုက်လေသည်။

ကေးမှုအသက် သိပ်မကြီးသေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ရှိလှမှ နှစ်ဆယ်ကျော်ကျော်ပင်ဖြစ်သည်။

ထို့ကြောင့်လည်း သူ၏သိုင်းပညာမှာ သိပ်ပြီးထက်မြက်လှခြင်းမရှိသေးဟု စွမ်းရှိမင်းက ထင်မိသည်။

"မင်းဘယ်မှာ နေသလဲ"

"မြောက်လမ်းမကြီးမှာပါ"

"နောက် မင်းကိုတွေ့ချင်ယင်"

"နဂါးအရက်ဆိုင်မှာ အမြဲတမ်းရှိနေပါတယ်"

"ကောင်းပြီ..မင်းသွားတော့"

"ဆရာ"

"ပြော"

"ကျွန်တော် ဖွင့်ထုတ်တာတွေ"

စွမ်းရှိမင်းက သူ့စကားမဆုံးမီ လက်ကာပြလိုက်သည်။

"မင်းသွားမှာသာသွားပါ"

ဓားသမား ထွက်ခွာသွားလေတော့၏။

သူက ကျေးဇူးတင်သည့်အကြည့်ဖြင့် ကြည့်သွားသည်။

အိမ်ထဲသို့ ပြန်ဝင်လာသောအခါ ချိုလင်းစုသည် ထိတ်ထိတ်ပျာပျာဖြင့် သူ့ကိုဆီးကြိုနေသည်။

သူမက အခန်းထဲမှ အလောင်းနှစ်လောင်းအား လက်ညှိုးထိုးပြယင်းမှ...

"ဘယ်လိုဖြစ်တာလဲ အစ်ကိုရယ်"

"မြင်တဲ့အတိုင်းပဲလေ"

"အစ်ကို အခုဘယ်က ပြန်လာတာလဲ"

"တယောက်လွတ်သွားလို့ အမီလိုက်တာ"



"မိလား"

စွမ်းရှိမင်းက အမှန်အတိုင်းပြောမည်ကြံပြီးမှ ခေါင်းယမ်းပြလိုက်သည်။ ဤမိန်းကလေးကို ထိန်ချန်မှ ဖြစ်ပေလိမ့်မည်။

"မမိခဲ့ဘူး..သူလွတ်သွားတယ်"

ချိုလင်းစု သက်ပြင်းတချက်ချယင်း...

"ကေးမှုပဲဖြစ်မှာ"

"သူတို့ကို မင်းသိသလား"

"သိတာပေါ့အစ်ကိုရယ်၊ သူတို့တတွေဟာ ကြယ်သုံးလုံးရဲ့ လက်မရွံ့လူသတ်သမားတွေပဲ၊ ကြယ်သုံးလုံးဟာ အရှုပ်ကိစ္စတွေမှာသူတို့ကို ခိုင်းတာ"

"သူတို့ ငါ့ကိုဘာလို့ လာသတ်တာလဲ"

ချိုလင်းစု၏မျက်နှာ သိသိသာသာ ညှိုးငယ်သွားပြီး..

"အစ်ကို..ကျွန်မအပေါ် အထင်လွဲသလားဟင်"

စွမ်းရှိမင်းက သူ့နားထင်ကို လက်ညှိုးနှင့်ထောက်ပြသည်။

"ငါ့မှာ ဦးနှောက်ရှိပါတယ်"

ချိုလင်းစုက တွေဝေနေပြီးမှ ထိတ်လန့်သောလေသံကလေးဖြင့် ပြန်ပြောသည်။

"အစ်ကိုရော ကျွန်မပါ ဒုက္ခရောက်တော့မယ်နဲ့ ထင်ပါရဲ့"

စွမ်းရှိမင်းက နားမလည်ဟန်ဖြင့်...

"ကျုပ်ဒုက္ခရောက်တော့မယ်ဆိုတာကတော့ ထားပါတော့၊ မင်းကဘာလို့ ဒုက္ခရောက်ရမှာလဲ"

ချိုလင်းစုက ကြမ်းပေါ်တွင် လဲကျသေဆုံးနေသော [illegible] စ်ယောက်ကို ညွှန်ပြယင်း...

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကို အစ်ကိုသတ်ပစ်ဖို့ မကောင်းဘူး"

"တကယ်လို့ သူတို့ကို ကျုပ်ကမသတ်ယင်၊ သူတို့ကကျုပ်ကိုသတ်မှာကို မတွေးမိဘူးလား၊ သူတို့က ကျုပ်ကိုလာသတ်တာပဲ"

ချိုလင်းစု၏ မျက်နှာကလေးမှာ လင်ပုတ်ကဲ့သို့ မှိုင်းမှုန်သွားသည်။ ပြီးမှသူမက...

"ဒီလူတွေဟာ ကြယ်သုံးလုံးရဲ့ လက်မရွံ့လူသတ်သမားတွေပဲ၊ သူတို့ကို သတ်လိုက်တဲ့အတွက် အစ်ကိုရောကျွန်မကိုပါ ကြယ်သုံးလုံးက အပြစ်ပေးမှာ သေချာတယ်"

စွမ်းရီမင်းက ကြောက်ရွံ့ခြင်းမရှိဘဲ...

"သူတို့မေးတော့လဲ ကျုပ်တို့ကို ဒီလူတွေကလာပြီး၊ လုယက်တိုက်ခိုက်လုပ်ကြံပါတယ်လို့ ပြောလိုက်ရုံပဲပေါ့"

ချိုလင်းစုက ခေါင်းကိုခါယမ်းလျက်....

"အစ်ကိုက သူတို့ယုံလိမ့်မယ်လို့ ထင်နေသလား"

"ဒါဖြင့် ဘယ်လိုဖြစ်နိုင်မလဲ"

"အစ်ကိုက ကျွန်မကို မတရားစော်ကားဖို့ ကြံစည်လို့ ဝင်တိုက်တာပါလို့ပြောယင် ဘယ်လိုလုပ်မလဲ"

စွမ်းရီမင်းက ချိုလင်းစုကို တချက်စူးစိုက်ကြည့်ယင်း...

"ဒါမဖြစ်ဘူးဆိုတာ မင်းတယောက်လုံး သက်သေရှိနေတာပဲမဟုတ်လား"

"သူတို့က ကျွန်မကို ဒီအတိုင်းပြောရမယ်ဆိုယင်ကော"

"မင်းသဘောက ဘယ်လိုလဲ"

"သူတို့သင်ပေးတဲ့အတိုင်း မပြောယင် ကျွန်မကိုရန်ရှာကြမှာသေချာတယ်၊ သူတို့သင်ပေးတဲ့အတိုင်း ပြောပြန်ယင်လည်း၊ အစ်ကိုဒုက္ခရောက်မှာစိုးတယ်"



စွမ်းရီမင်းက စိတ်ပျက်လက်ပျက် ခေါင်းကိုခါယမ်းလိုက်၏။ ပြီးမှ....

"မင်းတို့ရဲ့ ဥပဒေမဲ့နယ်မြေဟာ မတရားမှုတွေ လွှမ်းမိုးနေတာပဲ၊ လွတ်လပ်တဲ့ ဘို့နယ်မြေက ဒုစရိုက်ဂိုဏ်းတွေအတိုင်းပဲ"

"ဒါပေမယ့် ကျွန်မကို သတ်ချင်သတ်ပါစေ၊ အမှန်အတိုင်းပဲဖြေမယ်"

စွမ်းရီမင်းက ချိုလင်းစုကို စိုက်ကြည့်လိုက်သည်။

သူ့အပေါ် ချိုလင်းစုထားရှိသော စေတနာကို စိတ်ထဲမှကျိတ်၍ လေးစားသွားသည်။

ထို့ကြောင့် သူကနှုတ်ခမ်းတွန့်၍ ပြုံးလိုက်ပြီး...

"နေပါစေကွာ၊ သူတို့ပြောခိုင်းသလို မင်းပြောလိုက်ပါ၊ ကျုပ်အတွက်ကြောင့်တော့ မင်းအသက်တချောင်း ဆုံးရှုံးမခံပါရစေနဲ့၊ အရေးကိစ္စပေါ်လာယင် ကျုပ်ကိုယ်တိုင်ပဲ ဖြေရှင်းပါ့မယ်"

"သြော်...အစ်ကိုရယ်"

ချိုလင်းစုသည် ထိုမျှသာညည်းညူလျက် ချက်ချင်းဆိုသလိုပင် နောက်ဖေးဆောင်၌ နေသော သူ၏အိမ်ဖော်နှစ်ဦးကို လှမ်းခေါ်လိုက်လေသည်။

အိမ်ဖော်နှစ်ဦး ရောက်လာသောအခါ....

"နင်တို့ အဲဒီအလောင်းနှစ်လောင်းကို ယူသွားကြပါ"

အိမ်ဖော်နှစ်ယောက်သည် မယုံကြည်နိုင်သောမျက်နှာဖြင့် စွမ်းရီမင်းအား မော့ကြည့်လိုက်ကြသည်။

စွမ်းရီမင်းသည် အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ...

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဘယ်လိုရည်ရွယ်ချက်နဲ့ ကျုပ်ကိုလာသတ်တာလဲ ဆိုတာ ခန့်မှန်းလို့ရမလား"

ချိုလင်းစုက ခေါင်းကိုအသာအယာညိတ်ပြလိုက်ပြီး…

"ဟုတ်တယ်…အစ်ကို့ကို သူတို့ရန်ရှာတယ်ဆိုတာတော့ သေချာနေပြီ"

"ကျုပ်…ဒီမှာနေချင်တဲ့စိတ်လည်း မရှိတော့ပါဘူးဗျာ၊ ဥပဒေမဲ့နယ်မြေဆိုတာ မဟုတ်ဘူး၊ မတရားတဲ့နယ်မြေပဲပါ"

"ဘာဖြစ်လို့လဲ"

"ဒီနယ်မြေက သွားချင်တိုင်းသွားလို့ရတာမှမဟုတ်ဘဲ၊ သူတို့ရဲ့အမိန့်မရှိဘဲ ကြိုးတံတားဟာဖြတ်သန်းခွင့်မရှိဘူး"

"ကျုပ်ကို ဓားပြသွားတိုက်ခိုင်းတဲ့အခါ မပြန်လာယင်ကော မဖြစ်ဘူးလား၊ ဟိုဘက်နယ်မြေက အကျယ်ကြီးပါ"

"သူတို့လူတွေ အပြင်မှာ ဘယ်လောက်ရှိနေတယ်ဆိုတာ အစ်ကိုသိလို့လား၊ သူတို့ရဲ့လျှို့ဝှက်လူတွေ ရှိတယ်"

"အင်း…ကိစ္စက ကြယ်သုံးလုံးကော၊ စနေဂြိုဟ်ကော အကုန်ကိစ္စချောမှ ဒီဒုစရိုက်မြို့ဟာ ချုပ်ငြိမ်းမှာပဲ"

"ရှင်"

ချိုလင်းစုသည် စွမ်းရှိမင်း၏မျက်နှာကို မမြင်ဘူးသကဲ့သို့ ရူးရူးဝါးဝါးကြည့်လိုက်လေသည်။

"ငါပြောတာ မဟုတ်ဘူးလား၊ အခုကြည့်ပါအုံး၊ ဒုက္ခရောက်လို့ဒီကိုထွက်ပြေးလာတယ်၊ ဒီကျမှ ဒုက္ခတွေကပိုဆိုးနေတယ်"

"အင်း…ကျွန်မလည်း မတွေးတတ်တော့ပါဘူးရှင်"

"ဒါထက် ချိုလင်းစု"



"ဘာလဲ….အစ်ကို"

"ကြယ်သုံးလုံးဟာ ဘယ်သူတွေလဲဟင်"

သူမသည် မျက်လုံးတချက်ဝိုင်းသွားပြီး…

"ကျွန်မအဖေကလွဲပြီး ကျွန်မဘယ်လိုလုပ် သိပါ့မလဲရှင်"

"မင်းအဖေနာမည် ဘယ်သူလဲ"

သူမ၏မျက်နှာမှာ သိသိသာသာ ပျက်သွားတော့၏။

သူမသည် ပြောရကောင်းနိုးနိုး၊ မပြောရကောင်းနိုးနိုးနှင့် ဝေခွဲမရအောင် ဖြစ်နေသည်။

စွမ်းရှိမင်းက တချက်ပြုံးလိုက်ပြီး…

"ဝန်လေးနေယင် မပြောပါနဲ့ကွာ၊ ကိစ္စမရှိပါဘူး"

"အစ်ကို စိတ်ဆိုးသွားသလားဟင်"

စွမ်းရှိမင်းကပြုံး၍ ခေါင်းယမ်းပြလိုက်သည်။

"မဆိုးပါဘူး၊ ဒါပေမယ့် တနေ့မှာ ကြယ်သုံးလုံးဟာ ဘယ်သူတွေလဲ၊ စနေဂြိုဟ်ဟာ ဘယ်သူဆိုတာ မသိရဘဲနဲ့တော့ ငါမသေချင်သေးဘူးကွ"

သူကြိမ်းဝါးလိုက်လေတော့သည်။

♣ ♣ ♣

www.burmeseclassic.com



အခန်း(၂၆)

## ကြယ်တလုံး၏ဒေါသ

ချိုလင်းစုသည် မျက်လုံးကလေးအကြောင်သားဖြင့် နားထောင်နေမိသည်ကလွဲ၍ ဘာမှမတတ်နိုင်ပေ။

မတတ်နိုင်သည့်အပြင် စွမ်းရီမင်း၏ကြိမ်းဝါးမှုများကို ကြယ်သုံးလုံးထံပြန်၍ သတင်းပို့ရမည်ဖြစ်ပါသည်။

သို့သော် ထိုကဲ့သို့ သတင်းပို့လိုက်ပါက စွမ်းရီမင်း၏အန္တရာယ်မှာ ပိုမိုကြီးမားလာပေတော့မည်။

မည်ကဲ့သို့ဆောင်ရွက်ရမည်ကို သူမအနေနှင့် ဆုံးဖြတ်ရပေ။ သူမမှာ ကြယ်သုံးလုံးနှင့် စွမ်းရီမင်းအကြားတွင်ညပ်နေသည်။

သူမသည် စွမ်းရီမင်းအပေါ်၌ တကယ်တမ်းမေတ္တာရှိနေပြီလား။ သူမကိုယ်သူမ မစဉ်းစားတတ်အောင် ဖြစ်နေတော့သည်။

စွမ်းရီမင်းကိုယ်တိုင်လည်း အတွေးပေါင်း မြောက်များစွာဖြင့်ချာချာလည်နေ၏။

ကေးမှု သူ့ကိုနောက်ဆုံးအညံ့ခံသွားစဉ်က ယခုကဲ့သို့လှုပ်ကြခြင်းမှာ သူ၏သိုင်းပညာအဆင့်ကို စမ်းသပ်လိုသောကြောင်း



ဆိုသည်။

ကေးမှု၏ပြောဆိုချက် မှန်ကန်နိုင်ပါ၏လော။

ကေးမှုသာ လိမ်လည်ပြောဆိုခြင်းမပြုပါက သူ့အဖော်နှစ်ယောက်သေဆုံးရသည့်ကိစ္စနှင့်ပတ်သက်၍ ဘာမှစိုးရိမ်စရာမရှိတော့ပေ။

ကြယ်သုံးလုံးမှာ သူ၏သိုင်းပညာအဆင့်ကို သိရှိပြီး တစုံတရာစေ့နိုင်းတော့မည်မှာ သေချာလှသည်။

ထိုသို့မဟုတ်ဘဲ ချိုလင်းစုပြောသည့်အတိုင်း မိမိကို အန္တရာယ်ပေးလိုသောကြောင့် ချောင်းမြောင်းလုပ်ကြံနိုင်းရိုးမှန်လျှင်မူသူ့တွင် အမှန်ပင်အန္တရာယ်ကျရောက်နေပြီမှာ သေချာလှ၏။

သူထိုသို့စဉ်းစားနေစဉ်မှာပင် သူ့အတွေးထဲသို့ ချိုလင်းစုနှင့်ပိုကျူးတို့ ဝင်ရောက်လာပြန်သည်။

ချောမောလှပသော မိန်းမပျိုလေးနှစ်ဦး။

ချိုလင်းစုနှင့်ပိုကျူး။ ချိုလင်းစုသည် သူနှင့် မနေ့တနေ့ကမှတွေ့ဆုံရသော်လည်း သူ့အပေါ်တွင် စိတ်ဝင်စားနေကြောင်း သူကောင်းစွာ ရိပ်စားမိသည်။

ယခုပင် သူမအသက်ကိုစွန့်၍ သူ့ကိုကယ်တင်ရန် သူမနှုတ်ဖျားမှ ဖွင့်ဟပြောဆိုခဲ့လေပြီ။

တကယ်တမ်းဆိုပါမူ ချိုလင်းစုသည် တတိယကြယ်၏မွေးစားသမီးကလေးဖြစ်သည်။

ငယ်ရွယ်နုပျိုသကဲ့သို့ ရုပ်ဆင်းချောမောလှပသည်။ သူမ၏လှပသော ရုပ်ဆင်းအင်္ဂါသည် ဒုစရိုက်သမားများ ကြီးစိုးနေရာယူသည့်ဥပဒေမဲ့နယ်မြေတွင် အန္တရာယ် ကင်းရှင်းနိုင်ပါ၏လော။

www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက်မှုကို အရက်ချိုတခွက် သောက်ရသည်လောက်မျှ အပန်းမကြီးသော တတိယကြယ်ထံတွင် ချိုလင်းစု ဆက်လက်နေ ထိုင်သင့်ပါ၏လော။

သူကလေးအတွက် တွေးမိသောအခါ သူ့ရင်ထဲတွင် မ သက်မသာ ခံစားမိရတော့၏။

ပိုကျူ မျက်မမြင်ဒုံကွဲတမလေး သူ့အပေါ်တွင် သံယောဇဉ် အတွယ်အတာ ကြီးမားလွန်းသူကလေး မကြာမီကမှ သူကိုယ်တိုင် ချစ်ရေးဆိုခဲ့သော မိန်းမလှကလေး။

သူကလေးသည်လည်း လွန်စွာ မြတ်နိုးတွယ်တာစရာ ကြင်နာစရာ၊ သနားကရုဏာသက်စရာ မိန်းကလေးတယောက်ပင် ဖြစ်သည်။

သူသည် ကြယ်သုံးလုံးလက်ထဲမှ ကယ်ထုတ်ရန် ကိစ္စသည် လည်း အမှန်ပင် အရေးကြီးနေသည်။

တကယ်တမ်းဆိုပါမူ ချိုလင်းစုရော၊ ပိုကျူပါ သနားစရာ ကောင်းသော မိန်းကလေးများ ဖြစ်ကြသည်။

သူ့အပေါ် သံယောဇဉ် တွယ်တာမှုခြင်းလည်း တူညီသည် မည်သို့ဆိုစေ...

ထိုမိန်းကလေးနှစ်ယောက်ကို အန္တရာယ် ဆူးငြောင့်ခလုတ် အတွင်းမှ ကယ်တင်ရမည်ဟု သူဆုံးဖြတ်လိုက်၏။

နောက်ဆုံးအချက် သူ့ခေါင်းထဲသို့ ဝင်လာသော အတွေး တခုမှာ ဥပဒေမဲ့နယ်မြေကို ဒုစရိုက်လုပ်ငန်းများဖြင့် လက်ဝါးကြီး အုပ် စိုးမိုးထားသော စနေဂြိုဟ်နှင့် ကြယ်သုံးလုံးပင် ဖြစ်သည်။

ကြယ်သုံးလုံး။



ဒုစရိုက်လောကတွင် အယုတ်မာဆုံး၊ အရက်စက်ဆုံး၊ ကောက်ကျစ်စဉ်းလဲဆုံး နာမည်ကြီးဓားပြများ ဖြစ်သည်။

နယ်မြေအသီးသီးတွင် နှစ်စဉ် သူတို့ ကျူးလွန်ခဲ့သော ဒုစ ရိုက်များလည်း မရေတွက်နိုင်တော့ပေ။

သို့တိုင်အောင် အာဏာပိုင်များသည် သူတို့ကို ဖမ်းဆီးအ ရေးယူနိုင်ခြင်း မပြုခဲ့သေးပေ။

ဖမ်းဆီးအရေးမယူနိုင်ရုံမျှမက ပြစ်မှုကျူးလွန်ပြီး ချိန်တွင် မြေလျှိုးမိုးပျံသကဲ့သို့ ပျောက်ဆုံးနေခဲ့သည်။

**ပျောက်ဆုံးနေခြင်းမှာ** ဤဥပဒေမဲ့နယ်မြေထဲ လာခိုနေ **ခြင်းဖြစ်သည်။**

**ယခု သူသည်** ကြယ်သုံးလုံးတို့ ကြီးစိုးရာ ဥပဒေမဲ့နယ်မြေ **သို့ ရောက်ရှိ**လာခဲ့သည်။

ယနေ့ပင် ကြယ်သုံးလုံးနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံခဲ့ပြီး ဖြစ်သည်။

သို့ငြားလည်း ကြယ်သုံးလုံး သုံးယောက်သည် သူတို့မျက် နှာများကို မျက်နှာဖုံးများ အုပ်ထားကြသဖြင့် မည်သူမည်ဝါမှန်း မသိခဲ့ကြပေ။ သူတို့သည် လျှို့ဝှက်ဖုံးကွယ်သူများ ဖြစ်ကြ၏။

လျှို့ဝှက် ဖုံးကွယ်သော အလုပ်လုပ်ကြမည်မှာလည်း သေ ချာသည်။

စင်စစ် သူသည် ထိုလူသုံးဦး မည်သူမည်ဝါ ဖြစ်သည်ကို သိချင်နေသည်။ နောက်တယောက်...

စနေဂြိုဟ် သို့မဟုတ် ဥပဒေမဲ့နယ်မြေ၏ အရှင်သခင်။

လက်ရုံးရည်နှင့် နှလုံးရည် ပြည့်စုံပြီး ဉာဏ်ပညာ ထက်

www.burmeseclassic.com

www.burmeseclassic.com



မြက်လွန်းသော မြို့စားကြီးဝမ်ကြည်ဖုန်း၏ လက်ရုံး၊ တပ်မှူးကြီးချုပ်များကို ပိပိရိရိ သတ်ဖြတ်နိုင်ခဲ့သော ကြယ်သုံးလုံး၏ခေါင်းဆောင်ကြီး။

သူသည်လည်း မည်သူမည်ဝါမှန်း မသိရသေးသည့်အပြင် ယခုအချိန်တွင်လည်း စနေဂြိုဟ်သည် ဖြူသလား၊ မည်းသလားပင် မသိရသေးပေ။

သို့ရာတွင် စနေဂြိုဟ်သည် ကြယ်သုံးလုံးကိုပင် အုပ်ချုပ်နေသူ ဖြစ်သောကြောင့် အထင်သေး၍ မဖြစ်ပေ။

ယခု ကေးမူနှင့် အဖော်နှစ်ယောက်ကို သတ်လိုက်မိသည် အတွက် ချိုလင်းစု ပြောသကဲ့သို့ သူ့တွင် အမှန်ပင် အန္တရာယ်ရနေပြီလော။ သူ့ကို အန္တရာယ်မပြုနိုင်မီ သူက လက်ဦးမှုကို အရယူမည် ဖြစ်သည်။

သို့စေကာမူ သူသည် အလင်းရောင်ထဲကလူ ဖြစ်၍ စနေဂြိုဟ်နှင့် ကြယ်သုံးလုံးမှာ အမှောင်ထဲကလူ ဖြစ်သည်။

သူတို့တွင် အင်အားလည်း ရှိကြသည်။

အချိန်မရွေး ပုံစံအမျိုးမျိုးဖြင့် သူ့အနီးတွင် လှုပ်ရှားနေနိုင်သည်။

ယခု ထိုလူလေးဦးသည် သူ့အနီးတွင် သူ့လှုပ်ရှားမှုကို စောင့်ကြည့်နေပြီလား မပြောနိုင်ပေ။

ထိုသို့ စောင့်ကြည့်နေမည်ဆိုပါက မြင်းလှည်းမောင်းသမားလည်း ဖြစ်နိုင်သည်။ အရက်ဆိုင်အဘိုးအိုလည်း ဖြစ်နိုင်သည်။

နောက်ဆုံး လောင်းကစားဒိုင်အနေနှင့်လည်း ဖြစ်နိုင်သည်။



မည်သည့်နေရာမှမဆို ပုံစံအမျိုးမျိုးနှင့် ပေါ်ထွက်လာနိုင်သည်။ သို့ဆိုပါလျှင်...

စွမ်းရှိမင်းသည် သူဆုံးဖြတ်ထားသည်အတိုင်း ချိုလင်းစုနှင့် ပိုကျူကို အန္တရာယ်တွင်းက ကယ်ထုတ်နိုင်ပါမည်လား။

စနေဂြိုဟ်နှင့် ကြယ်သုံးလုံးအပေါ်တွင် လက်ဦးမှု အရယူနိုင်ပါမည်လော။

အချိန်ကသာ အဆုံးအဖြတ် ပေးနိုင်တော့မည် ဖြစ်ပါသည်။

♣ ♣ ♣

တညလွန်မြောက်၍ တမိုးသောက်ခဲ့လေပြီ။

မျှော်လင့်ထားသည့်အတိုင်း ဇီရိုလှည်းကြီးတစီးသည် အိမ်ရှေ့သို့ ထိုးဆိုက်လာလေ၏။

ဇီရိုလှည်းကြီး၏နောက်ဘက်တွင်မူ မြင်းစီးသမားရှစ်ဦး လိုက်ပါလာသည်။

မြင်းစီးသမားတိုင်းတွင် လက်နက်မျိုးစုံ ကိုင်ဆောင်ထားကြသည်။ ထို့ပြင် နီညိုရောင်တူညီဝတ်စုံကိုလည်း ဆင်မြန်းထားကြ၏။

ချိုလင်းစုသည် ဇီရိုလှည်းကြီးကို တွေ့မြင်လိုက်သည်နှင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် ထိုဇီရိုလှည်းကြီးမှာ သူမ၏ မွေးစားဖခင် တတိယကြယ်၏ အသုံးပြုနေကျ ဇီရိုလှည်းကြီး ဖြစ်နေသောကြောင့်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ ယခုပင် အိမ်ရှေ့သို့ ထိုးရပ်လာသော ဗီရိုလှည်းကြီးပေါ်မှ တတိယကြယ် ဆင်းလာနေပြီ မဟုတ်ပါလား။

သို့ရာတွင် နံနက်ခင်း မြူလယ်မှာပင် တတိယကြယ်သည် မျက်နှာကို လူမြင်မခံဘဲ မျက်နှာဖုံးကို စွပ်ထားသည်။

ရင်ဘတ်တွင် တပ်ဆင်ထားသော ကြယ်သုံးလုံးကြောင့် တတိယကြယ်ဟု သိလိုက်ရခြင်းပင် ဖြစ်သည်။

ဗီရိုလှည်းကြီးပေါ်မှ တတိယကြယ် ဆင်းလာသည်နှင့် မြင်းစီးသမားရှစ်ယောက်လည်း မြင်းပေါ်မှ လွှားကနဲ လွှားကနဲ ခုန်ဆင်းကာ တတိယကြယ်နောက်မှ လိုက်ပါလာခဲ့ကြ၏။

ချိုလင်းစုသည် တတိယကြယ် မည်သည့်အတွက် ဤအိမ်ကြီးသို့ လာခဲ့ရကြောင်း ကြိုတင်ခန့်မှန်းမိပြီးသား ဖြစ်နေသည်။

ထို့ကြောင့်လည်း စွမ်းရီမင်းအတွက် စိုးရိမ်ပူပန်စိတ်များ ပွားများရလေတော့သည်။

ထိုစဉ်မှာပင် တတိယကြယ်သည် နီညိုရောင်ဝတ်စုံဝတ် ကိုယ်ရံတော်ရှစ်ယောက် ခြံရံလျက် တံခါးဝသို့ ရောက်ရှိလာသည်။

ချိုလင်းစုက တံခါးဝသို့ ပြေးထွက်သွားပြီး...

"ဖေဖေ... ဒီကို လာတာ အကြောင်းထူးများ ရှိသလား"

တတိယကြယ်က သူ့ကို ချက်ချင်းပြန်မဖြေဘဲ ဧည့်ခန်းတွင်းသို့ ဆက်လက်လျှောက်လာသည်။

ဧည့်ခန်းကုလားထိုင်သို့ ရောက်လျှင် ကုလားထိုင်ပေါ်၌ ထိုင်လိုက်၏။ ပြီးမှ ချိုလင်းစုကို စူးစူးစိုက်စိုက် ကြည့်ရှုလိုက်သည်။

ချိုလင်းစုသည် သူ့ရှေ့တွင် ခပ်ယို့ယို့ရပ်လျက် ခေါင်းငုံ့ထားလိုက်သည်။



စွမ်းရီမင်းကမူ အခန်းတခုအတွင်းမှ တတိယကြယ်နှင့် ချိုလင်းစုတို့၏အကြောင်းကို အကဲခတ် ကြည့်ရှုနေသည်။

တတိယကြယ်သည် အတန်ကြာအောင် မျက်နှာဖုံးတွင် ဖောက်ထားသော မျက်ပေါက်ကျဉ်းနှစ်ခုမှ စူးရှတောက်ပသော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်ရှုနေပြီးမှ အေးစက်တင်းမာသော လေသံဖြင့် စတင်စကားဆိုလိုက်လေတော့သည်။

"ချိုလင်းစု"

"သမီး နားထောင်နေပါတယ် ဖေဖေ"

"ညက ဒီမှာ ဘာဖြစ်တယ်ဆိုတာ ပြောပြစမ်း"

ချိုလင်းစုသည် ချက်ချင်း ပြန်မဖြေဘဲ သူမနှင့် မျက်နှာချင်းဆိုင် အခန်းတွင်း မတ်တတ်ရပ်၍ သူတို့ဘက်သို့ လှည့်ကြည့်နေသော စွမ်းရီမင်းကို တချက် လှမ်းကြည့်လိုက်သည်။

စွမ်းရီမင်းကမူ ဘာမှမဖြစ်သကဲ့သို့ အေးစက်တည်ငြိမ်စွာပင် ရပ်နေသည်။

တတိယကြယ်သည် ချိုလင်းစုထံမှ ချက်ချင်း အဖြေပြန်ထွက်မလာသဖြင့် စိတ်မရှည်စွာ ပြောလိုက်သည်။

"ချိုလင်းစု"

ချိုလင်းစုက ထိတ်လန့်တုန်လှုပ်စွာ ပြန်ထူးလိုက်သည်။

"ရှင်... ဖေဖေ"

"ငါမေးတာကို ဘာကြောင့် ခုထိ ပြန်မဖြေသေးတာလဲ၊ ညက ဒီမှာဘာတွေ ဖြစ်ပျက်ခဲ့သလဲလို့ ငါမေးနေတယ်"

သူမသည် အဖြေရကျပ်နေပုံ ရသည်။

မဖြေလျှင်လည်း မဖြစ်သေး။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဗိုးနဲ့ အဲ့တုတ်တို့ကို ဟိုကောင်က သတ်လိုက်တယ်ဆို ကေးမှု လာသတင်းပို့တယ် ဟုတ်လား"

ချိုလင်းစုက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်... ဟုတ်ပါတယ် ဖေဖေ"

"ဘယ်က စဖြစ်တယ်ဆိုတာ သမီး ဘာမှ မသိလိုက်ဘူး သူတို့ ရန်ဖြစ်ပြီးမှ သိပါတယ်"

တတိယကြယ်သည် အခန်းတွင်း၌ ရပ်နေသော စွမ်းရှိမင်း အား လှမ်းကြည့်ယင်း...

"ဟေ့ကောင်... မင်းတို့ ဘာဖြစ်ကြတာလဲ"

စွမ်းရှိမင်းက တတိယကြယ်ရှေ့သို့ လျှောက်လာပြီး...

"ကျုပ်ကို လာသတ်လို့ ပြန်ခုခံလိုက်တာပါ"

"သူတို့တတွေဟာ ငါတို့ရဲ့ အမှုထမ်းတွေကွ"

စွမ်းရှိမင်းက ဟက်ကနဲ တချက်ရယ်မောယင်း...

"ဘာလဲ လျော်ကြေးပေးရမှာပဲလား"

စွမ်းရှိမင်းက ခပ်ချဉ်ချဉ်ဖြင့် ပြန်မေးလိုက်ခြင်း ဖြစ်သည်။

တတိယကြယ်က ခက်ထန်သော လေသံဖြင့်...

"လျော်ကြေးကတော့ သေချာတယ်၊ အေး... တို့ ခေါင်း ဆောင်ကြီးက ဘယ်လို လျော်ကြေးမျိုး တောင်းခံမယ်ဆိုတာ သူ့အ မိန့်ရမှ မင်းသိရလိမ့်မယ်"

"သေဒဏ်အပြင်တော့ ဘာမှ ရှိမှာမဟုတ်ဘူး"

"အေး... မင်းသေဒဏ်ကျဖို့တော့ နီးစပ်ပါတယ်"

"ဟုတ်ကဲ့... ဝမ်းသာပါတယ်"

စွမ်းရှိမင်းမှာ မထူးတော့ပြီမို့ ပြောချင်သလိုသာ စွတ်ပြော



ချသည်။ သူသည် ဘာကိုမှ မမှုချင်တော့ပေ။

လောကကြီးသည် ခက်လှ၏။

တခါတရံ အရွဲ့တိုက်၍ လုပ်သောအလုပ်များ၊ ပြောဆိုမှု များသည် အကျိုးသက်ရောက်သွားတတ်သည်။

"ဘာ... မင်းက သေရမှာ ဝမ်းသာတယ် ဟုတ်လား"

"စောစောသေတော့ စောစောဝဋ်ကျွတ်တာပေါ့"

"ဒါဖြင့် ဟိုလှိုဏ်ထဲကို ခုန်ချပြီး သေလိုက်ပါလားကွ"

"အကျိုးမရှိတဲ့ သေခြင်းမျိုးနဲ့တော့ ကျုပ် မသေချင်ဘူး၊ တခုခုတော့ တန်ဖိုး ရှိရမှာပေါ့"

တတိယကြယ်၏မျက်လုံးအစုံမှာ မီးဝင်းဝင်းတောက်သွား ရသည်။ အတော်ကလေး ဒေါသဖြစ်နေဟန်တူ၏။

သူက ခက်ထန်သော လေသံဖြင့်...

"မင်းက အကျိုးရှိရှိ သေချင်တယ်ဆိုတော့ ဘာလုပ်သွား ချင်သေးလို့လဲ"

စွမ်းရှိမင်းက ပခုံးနှစ်ဖက်ကို တန်ပါပါ တွန့်ရင်း...

"အဲဒီအချိန်ကျရင် ခင်ဗျားတို့ သိမှာပေါ့"

တတိယကြယ်သည် ဒေါသဖြင့် ခေါင်းကို ဆတ်ကနဲ ညိတ် လိုက်သည်။

"ကောင်းပြီ... မင်း ဒီကနေ့ တို့ခေါင်းဆောင်ကြီးရဲ့ အမိန့် ကိုသာ ထိုင်စောင့်ပေတော့"

တတိယကြယ်သည် သူ့စကားကို မဆက်တော့ဘဲ နေရာမှ ခုန်းကနဲ ထလိုက်သည်။

ပြီးလျှင် တံခါးဆီသို့ ခြေသံပြင်းပြင်းဖြင့် ထွက်ခွာသွားသ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကိုယ်ရံတော်ရှစ်ယောက်လည်း နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားကြလေတော့သည်။

ချိုလင်းစုကမူ သက်ပြင်းတချက်ကို ချလိုက်ပြီး အိမ်ပေါ်မှ ဆင်းသွားသော မွေးစားဖခင်အား လှမ်းကြည့်နေမိသည်။

တတိယကြယ်သည် ဗီရိုရထားပေါ်သို့ တက်၍ ရထားမောင်းထွက်သွားတော့မှ စွမ်းရီမင်းကို လှည့်ကြည့်လိုက်သည်။

စွမ်းရီမင်းက...

"ခင်ဗျားအဖေကလည်း ဒေါသချည်းပဲ"

"ကျွန်မ မပြောဘူးလား၊ သူတို့ဟာ ရှင့်အပေါ် မတရားအကောက်ကြံနေတယ်ဆိုတာ"

"ဒီလောက် မုန်းနေရင်လဲ ကျုပ်ကို သူတို့သတ်ဖို့ နည်းလမ်းတွေ အများကြီးရှိသားပဲ၊ ဘာလို့မသတ်တာလဲ"

"ဒီနယ်မြေမှာ ရောက်လာတဲ့ ထူးခြားတဲ့လူတွေကို စနေငြိုဟ်ရဲ့ အမိန့်မရဘဲ ဘယ်တော့မှ သူတို့ မသတ်ရဘူးရှင့်"

"ဟင်... ဟုတ်လား၊ ဒါဖြင့် ကျုပ်ဟာ ထူးခြားတဲ့ လူတယောက်ပေါ့"

"အင်း... အစ်ကိုဟာ ထူးတော့ထူးခြားတာပဲ၊ ဘာတွေ ထူးခြားတယ်ဆိုတာတော့ ကျွန်မလည်း မပြောတတ်ဘူး၊ အစ်ကို့မှာ မသိတဲ့ စွမ်းအင်တွေ ရှိနေသလားတော့ မဆိုနိုင်ဘူး..."

ထိုစကားကြောင့် စွမ်းရီမင်းသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

"ခင်ဗျားလည်း ထူးခြားတာပဲ"

"ရှင်..."



"ဒီလူတွေဟာ ဘာမှ မေးလို့ မရဘူး"

"ဟုတ်လား"

"ခင်ဗျားတယောက်ပဲ ကျုပ်ကို ပြန်ပြောဖော်ရတယ်"

"အဲဒါသိလား"

စွမ်းရီမင်းသည် သူမအား မျက်မှောင်ကုပ်၍ ကြည့်လိုက်၏။ သူမ၏ရင်ထဲတွင် မည်သို့သော ခံစားချက်များ ရှိနေသည် ကို စွမ်းရီမင်း ကောင်းကောင်း ရိပ်စားမိသည်။

သူက နားမလည်ဟန်ဆောင်၍...

"မသိဘူး... အဲဒါ ဘာကြောင့်လဲ"

သူမသည် နှုတ်ခမ်းစူ၍ မျက်စောင်းထိုးလိုက်လေသည်။

"ဟွန်း... ရှင်သိပ်မုန်းဖို့ ကောင်းတယ်"

"ဩော်... ဒါကြောင့်ကိုး"

ချိုလင်းစုသည် သူ့အနားမှ ခြေဆောင့်ပြီး ထွက်သွားလေသည်။

စွမ်းရီမင်းသည် သူမကို ကြည့်ကာ တဟားဟားနှင့် ရယ်မောရင်း ထိုနေရာမှပင် ကျန်ရစ်ခဲ့လေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၇)

## သမားတော်ကြီး

စွမ်းရီမင်းသည် မိန်းကလေးများနှင့် ပတ်သက်၍ စန်းပွင့်သည်ဟုပဲ ဆိုရပေတော့မည်။

သူ့တွင် အမျိုးသမီးများ နှစ်သက်စွဲလမ်းနိုင်သော ချောမောပြေပြစ်၍ ယောကျ်ားပီသသော ရုပ်ရည်၊ ထူးချွန်သော သိုင်းပညာနှင့် နိုင်မာသော ရဲစွမ်းသတ္တိ အစရှိသော အရည်အချင်းများ ရှိနေသည် မဟုတ်ပါလား။

မိန်းကလေးများ တကယ် မသိသည်မှာ သူသည် အားနည်းသူ မှန်သမျှကို သနားညှာတာတတ်ခြင်းဖြစ်ပေသည်။

စွမ်းရီမင်းသည် ချိုလင်းစု စိတ်ဆိုးသွားမှန်း သိသဖြင့် ချိုလင်းစုနောက်သို့ လိုက်ပါလာခဲ့သည်။

ချိုလင်းစုသည် စားသောက်ဆောင်သို့ ရောက်ရှိနေသည်။

နံနက်စာစားရန်အတွက် စားသောက်စားပွဲတွင် အသင့်ပြင်ဆင်ထားပြီး ဖြစ်သည်။

စွမ်းရီမင်းက သူ့အနီးရှိ ကုလားထိုင်တလုံးတွင် ဝင်ထိုင်



လိုက်လေသည်။

"ရှင် ကျွန်မအနားကို မလာပါနဲ့"

သူမ၏ စိတ်ကောက်နေသည့် အမူအရာမှာ မုန့်မရသော ကလေးငယ်တဦးနှင့် တူလှသည်။

စွမ်းရီမင်းက တကယ့် နားကြားလွဲဟန်ပြုပြီး ထိုင်ခုံကို သူမ အနီးသို့ တိုးကပ်လိုက်ယင်း...

"ကျုပ်ကို ခေါ်တာလား"

ချိုလင်းစုက နှုတ်ခမ်းကိုစူလျက်...

"ရှင်မသိချင်ယောင် ဆောင်မနေနဲ့၊ အနားမလာနဲ့လို့ ပြောတာ"

စွမ်းရီမင်းက မချိုမချဉ်ပြုံးရင်း...

"စောစောက ပြောရောပေါ့ဗျာ၊ ကျုပ်လည်း အရက်ကြိုက်တယ်ဆိုတာ ခင်ဗျားသိသားနဲ့၊ ဟိုမှာဆိုရင် ကျုပ်နေ့တိုင်း သောက်တာပဲ..."

"ရှင့်ကို ကြာလေ စေတနာမဲ့လာလေပဲ သိလား"

"အဲဒီလို မေတ္တာထားတတ်လို့လဲ ကျုပ်က ခင်ဗျားကို ချစ်နေရတာ"

ချိုလင်းစုသည် အရက်ခွက်ကို ကပျာကယာ စားပွဲပေါ်သို့ချကာ စွမ်းရီမင်း၏ ကျယ်ပြန့်သော ကျောပြင်ကြီးကို တဝုန်းဝုန်းနှင့် ထုနေလေတော့သည်။

"ကဲ... အစွဲ့တိုက်ပြီး ပြောအုံး"

စွမ်းရီမင်းတကိုယ်လုံး တွန့်လိမ်ဟန်ပြုပြီး...

"အား... ကြောက်ပါပြီ မမလေးရယ်၊ နောက် ဘျွန်တော်

www.burmeseclassic.com



အရွဲ့မတိုက်ဝံ့တော့ပါဘူး"

ထိုအခါ ငိုမဲ့မဲ့ဖြစ်နေသော ချိုလင်းစု၏မျက်နှာသည် ပြုံး ယောင်သန်းလာ၏။

စွမ်းရှိမင်းမှာ မိန်းကလေးအား ချော့မော့သည့် ပညာက လည်း အပြည့်အဝပင် ရှိနေသည်ကို မဟုတ်ပါလား။

မိန်းကလေးတို့၏ သဘောထားကို သူသိသည်။

ချိုလင်းစုသည် သူ့ခုံတွင် ပြန်ထိုင်ကာ အရက်ခွက်ကို မော့ သောက်လိုက်သည်။

အရက်ခွက်ထဲတွင် အရက်တစက်ကလေးမျှပင် မကျန် တော့ပေ။ အံ့ဩစဖွယ် သောက်ခြင်းပင်။

စွမ်းရှိမင်းက အံ့အားသင့်ဟန်ဖြင့် ကြည့်ရင်း...

"ခင်ဗျား ဒီလိုပဲ အရက်အများကြီး သောက်တတ်သလား"

"လူတွေဟာ စိတ်ညစ်တဲ့အခါ အရက်သောက်တာ အ ကောင်းဆုံးပဲလို့ ရှင်ပဲ ပြောခဲ့တယ် မဟုတ်လား"

စွမ်းရှိမင်းမှာ မျက်ခုံးနှစ်ခု အပေါ်သို့ တက်သွားသည်။

"ခင်ဗျား စိတ်ညစ်နေတယ် ဟုတ်လား"

"ကျွန်မ အရင်က တခါမှ ဒီလို စိတ်မညစ်ဘူး"

"အခု ဘာဖြစ်လို့ ညစ်ရတာလဲ"

"ရှင်ရောက်လာလို့"

"တော်ကြာမှ ကျုပ်ရောက်တာ နောက်ကျနေတယ်တော ထင်အုံးမှာ"

စွမ်းရှိမင်းသည် ပြောပြောဆိုဆို ထိုင်ရာမှထသွားပြီး သူ ၏ပါးနှစ်ဖက်ကို လက်ဝါးနှင့် ညှပ်ကိုင်ပြီး မော့လာသော နဖူးပြ



အား အသာအယာ ငုံ့နမ်းလိုက်သည်။

ချိုလင်းစုသည် စွမ်းရှိမင်း၏ ရုတ်တရက် အပြုအမူကြောင့် ရင်ထဲ၌ နွေးကနဲ ခံစားသွားရလေသည်။

စွမ်းရှိမင်း၏ မထင်မှတ်သော ပေါ့ပ်ရှားမှုကို စိတ်မဆိုးအား ဘဲ သူ့ပါးပြင်နှစ်ဖက်ကို ညှပ်ကိုင်ထားသော စွမ်းရှိမင်း၏လက်နှစ် ဖက်ကို သူမ၏နူးညံ့သော လက်နှစ်ဖက်ဖြင့် ညှပ်ကိုင်ထားလိုက် သည်။

ပြီးလျှင် သူမ၏မျက်လုံးသည် အလိုလို မှိတ်လျက်သားဖြစ် သွားလေတော့သည်။

အတန်ကြာတော့မှ သူမက မျက်လုံးဖွင့်လိုက်သည်။

ဤတွင် သူမအား ရွှန်းရွှန်းစားစား ကြည့်နေသော စွမ်းရှိ မင်းကို တွေ့လိုက်ရသည်။ သူ့အကြည့်က ဝင်းလက်တောက်ပနေ၏။

သူမ၏ပါးပြင်တခုလုံးတွင် သွေးရောင်များ လျှမ်းနေတော့ သည်။ ချိုလင်းစု၏နှုတ်မှ မည်သည့် မကျေနပ်သံမှ မထွက်လာ တော့ပေ။

ထို့ပြင် စိတ်ဆိုးနေသော အမူအရာကလေးများလည်း ကွယ်ပျောက်သွားပြီး ဖြစ်ပါသည်။

သူမသည် ခေါင်းကလေးငုံ့၍ တသိမ့်သိမ့် ခုန်နေသော လုံးသံကို နားစွင့်နေလေသည်။

"ချိုလင်းစု"

သူမ၏ခေါင်းကလေးက တဖြည်းဖြည်း မော့လာသည်။

"ရှင်..."

"ကျုပ်နည်းနည်း ရိုင်းသွားသလား"

www.burmeseclassic.com

www.burmeseclassic.com



သူမက ဘာမှ ပြန်မပြောပေ။

ပြောရမည့် စကားများ ပျောက်ဆုံးနေသည်။

သူ့ရှေ့တွင် ရှိနေသော အရက်ခွက်ကို စွမ်းရီမင်းရှေ့သို့ တွန်းပို့ပေးလိုက်သည်။

စွမ်းရီမင်းက နားမလည်ဟန်ဖြင့် ကြည့်ရင်း...

"ဟင်.. မင်းအရက် မသောက်တော့ဘူးလား"

ချိုလင်းစုက ချစ်စဖွယ်ပြုံးရင်း ခေါင်းကို အသာခါလိုက်သည်။ လေသံတိုးတိုးဖြင့် ပြန်ပြောသည်။

"ကျွန်မ စိတ်မညစ်တော့ဘူး"

စွမ်းရီမင်းသည် ကလေးဆန်လွန်းသော ချိုလင်းစုကို စိုက်ကြည့်လိုက်သည်။ သနားစရာကလေးပင်။

ထို့နောက်... သူ့ထိုင်ခုံတွင် ပြန်ထိုင်ကာ သူသည် အရက်သုံးခွက်ကို တခွက်ပြီးတခွက် ဆက်၍ သောက်လိုက်သည်။

ထိုအခါ သူ၏ရင်မျှား၊ ဝမ်းဗိုက်များသည် ပူလောင်၍ ဆင်းသွားတော့သည်။

သွေးများကလည်း နိုးကြွားလာသည်ဟု ထင်လိုက်ရသည်။

ပိုကျူကို ချက်ချင်းသတိရလာသဖြင့် စိတ်ထဲမှကျိတ်၍ေ... ရွတ်လိုက်လေ၏။

"ပိုကျူရယ် မင်းကိုငါမေ့လို့မဟုတ်ပါဘူး၊ အခြေအနေ... ဖန်တီးလာတာပါ"

သူသည် အရက်တခွက်ကို ထပ်မံထည့်လိုက်ပြန်၏။

ချိုလင်းစုက အရက်ခွက်ကို လှမ်းဆွဲယင်း သူ့ကိုကရု... မျက်လုံးများဖြင့် စိုက်ကြည့်ယင်း...



"အစ်ကို"

"ပြောပါ ချိုလင်းစု"

"အရက်တွေသိပ်မသောက်ပါနဲ့လား အစ်ကိုရယ်"

စွမ်းရီမင်းက သူမကို တချက်ပြုံးကြည့်ယင်း...

"အစ်ကိုအရက်သောက်တာကို မင်းကမကြိုက်ဘူးလား"

ချိုလင်းစုက ခေါင်းကိုခါယမ်းလျက်...

"မကြိုက်လို့မဟုတ်ပါဘူး၊ အခုအချိန်မှာ အစ်ကို့အခြေအနေက နည်းနည်းမှ အတိမ်းအစောင်းမခံဘူးဆိုတာ သတိပြုပါအုံး အစ်ကို၊ ကြယ်သုံးလုံးကို အစ်ကိုဂရုမစိုက်တော့ဘူးလား"

စွမ်းရီမင်း၏မျက်နှာသည် ချက်ချင်းပင် တည်ငြိမ်သွား၏။

"ချိုလင်းစု"

"ပြောပါအစ်ကို"

"အစ်ကို့ကို တခုလောက်ကူညီပါ"

"ကျွန်မ ဘာကိုကူညီရမှာလဲ အစ်ကို၊ ကျွန်မတတ်နိုင်တာဆိုယင် ကူညီပါ့မယ်"

"ဒီနယ်မြေရဲ့ လျှို့ဝှက်ချက်တွေကို အစ်ကိုသိပ်သိချင်တယ်"

ချိုလင်းစုက သက်ပြင်းချလိုက်သည်။

"ကျွန်မသိတာဆိုယင် ပြောရမှာ ဝန်မလေးပါဘူးရှင်"

"ဒါဖြင့် မင်းလည်း သိပ်မသိဘူးဆိုပါတော့"

"ဟုတ်ပါတယ် အစ်ကို"

"အစ်ကိုတခု မေးပါရစေ"

"မေးလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုသွားမေးယင် သိနိုင်မလဲဟင်"

ချိုလင်းစုသည် သူ့မျက်နှာကို မော့ကြည့်လိုက်သည်။

"ခက်ပါလားအစ်ကိုရယ်၊ ဘာဖြစ်လို့ ဒါလောက်တောင် စပ်စုချင်ရတာလဲဟင်၊ ဒီနယ်မှာ မစပ်စုရဘူးတဲ့"

"ဝါသနာပေါ့ကွာ၊ အစ်ကိုမှ မနေနိုင်တာ"

သူမသည် တစုံတခုကို သတိရသွားသည့်အလား လက်ဖျစ်တချက်တီးလိုက်သည်။

"ဟုတ်ပြီ...ကျွန်မတခု သတိရပြီ"

"ဘာလဲဟင်"

"ဘဘကျူး..ဘဘကျူး"

"ဘာလဲ သမားတော်ကြီးကို ပြောတာလား"

"ဟုတ်တယ်၊ ဘဘကျူးက အစ်ကို့လိုပဲခေါင်းသိပ်မာတဲ့ သမားတော်ကြီးပေါ့၊ သူပြောချင်ရာ စွတ်ပြောနေတာပဲ"

"သူ့ကိုကော ကြယ်သုံးလုံးက မသတ်ဘူးလား"

သူမက ခေါင်းခါယမ်းလိုက်လေသည်။

"သတ်ချင်လည်းသတ်၊ မင်းတို့ကို ငါလုံးဝ ဂရုမစိုက်ဘူးလို့ အမြဲပြန်ပြောတယ်"

စွမ်းရီမင်းက စဉ်းစားယင်း ခေါင်းညိတ်လိုက်သည်။

"အင်း..ဒါလောက်ခေါင်းမာနိုင်တာဟာ သူ့မှာအကြောင်း ရှိရမယ်၊ သူ့ကို မင်းကောင်းကောင်းသိသလား"

"သိတယ်၊ ကျွန်မကို သူချစ်လည်းချစ်တယ်"

"ဒါဖြင့် ငါ့ကို အဲဒီကိုပို့ပေးပါလား"

"ဟိုကျယင် စကားကြည့်ပြောနော်"



"ဘာဖြစ်လို့လဲ"

"ဘဘကျူးက လူ့ဝွစာကြီး"

စွမ်းရီမင်းသည် ဉပဒေမဲ့နယ်မြေ၏ လျှို့ဝှက်ချက်ကို သိရတော့မည်ဖြစ်သဖြင့် ချိုလင်းစုတောင်းသော ကတိကိုပေးလိုက်သည်။

ထို့ကြောင့် ချိုလင်းစုသည် သူ့ကို ဘဘကျူးထံသို့ ပို့ပေးလိုက်လေတော့သည်။

လူ့ဝွစာဆိုသည်မှာ ဘယ်သူနှင့်မှမတူဘဲ အပြောရခက်၊ အဆိုရခက်၊ ပေါင်းသင်းဆက်ဆံရခက်သော လူမျိုးကိုဆိုလိုသည်။

ဘဘကျူးခေါ် ကျူးလွန်သည် ထိုကဲ့သို့သော လူစားမျိုးဖြစ်သည်။ တယောက်ကဖြူလျှင် တယောက်ကမည်းသည်။

တဘက်ကလုံးလျှင် သူကခြမ်းသည်။

အရာရာတွင် ဉပဒေမဲ့နယ်မြေမှလူများနှင့် ဆန့်ကျင်တတ်သည်။ မလုပ်ပါနဲ့ဆိုသောအရာကိုမှ လုပ်ဖြစ်အောင်လုပ်တတ်သကဲ့သို့ မပြောပါနဲ့ဆိုသော စကားကိုမှ ပြောဖြစ်အောင် ပြောတတ်သည်။

ဤလိုလူကို လူ့ဝွစာဟု မပြောလျှင် မည်သူ့ကိုပြောရပါမည်နည်း။ သို့သော် သူ့အားကြယ်သုံးလုံးက လုံးဝမသတ်ပါ။

အဘယ်ကြောင့်ဆိုသော် သူသည် ကျွမ်းကျင်ထက်မြက်လှသော ဆေးပညာရပ်ကြီးတဦးဖြစ်သောကြောင့်တည်း။

သူ့အား ကြယ်သုံးလုံးအဖွဲ့ ဖမ်းဆီးလာခြင်းမှာ သူ၏ဆေးသောကြောင့်သာ ဖြစ်လေသည်။

သို့သော် သူရောက်စက လူသုံးဦးကို တိုက်နိုက်သဖြင့် ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ချင်းပြီးသေဆုံးရသည်။ ထိုလူများသည် စနေဂြိုဟ်၏အားအ ထားဆုံးသော လူများ ဖြစ်သည်။

ထို့ကြောင့် သူ့အားလျော်ကြေးပေးရမည်ဟု အကြပ်ကိုင်လာသောအခါ သူကလည်း ဆေးကုခတောင်းလေသည်။

သူ၏ဆေးကုခမရလျှင် ထိုသူအား ကုသမပေးပါ။

ရသောငွေများကို သူကစုထားသည်။

လျော်ကြေးငွေများပြည့်လျှင် သူ့ကိုပြန်လွှတ်ပေးမည်ပြောထားသဖြင့် သူသည် ငွေကိုသာ ကျိတ်စုနေပေသည်။

သို့သော် ငွေကတော်တော်နှင့် မပြည့်ပေ။

အဘယ်ကြောင့်ဆိုသော် သူ၏လျော်ကြေးငွေသည် တစ်သိန်းတိတိဖြစ်နေသောကြောင့် ပေတည်း။

သမားတော်ကြီးကျူလျှန်သည် သူ့ရှေ့တွင် ထိုင်နေသောစွမ်းရီမင်းအား အသေအချာ စူးစိုက်ကြည့်လိုက်သည်။

"မင်း ဒီရောက်လာတာ မကြာသေးဘူးနဲ့ထင်တယ်"

"ဟုတ်ပါတယ်"

"လူဘယ်နှစ်ယောက်ကိုသတ်ပြီး ထွက်ပြေးလာတာလဲ"

စွမ်းရီမင်းသည် သမားတော်ကြီးကို အကဲခတ်၍ ပြန်ကြည့်လိုက်သည်။

သူသည် စကားပြောရခက်သော ရှူ့ဝှစာကြီးဟု ချိုလင်းစုကမှာကြားလိုက်သည်။

ထို့ကြောင့် ကျူလျှန်နှင့် ရင်းနှီးခင်မင်အောင် မည်သို့ပေါင်းသင်းဆက်ဆံရမည်ကို စဉ်းစားနေမိသည်။

"ဟော့ကောင် ငါမေးနေတာ မကြားဘူးလား"



"ကြားပါတယ်ဘဘကျူ"

ကျူလျှန်သည် စွမ်းရီမင်းအား အံ့ဩသကဲ့သို့ တချက်မော့ကြည့်လိုက်လေသည်။

"မင်းက ငါ့နာမည်ကိုတောင် သိနေတယ်ဟုတ်လား"

"ချိုလင်းစုက ပြောထားပါတယ်"

ကျူလျှန်သည် မျက်မှောင်ကုပ်လိုက်သည်သူသည် အလိုမကျဟန်ဖြင့် တရှုံးရှုံးတရှားရှားဖြစ်သွားပြီး...

"တယ်...ဒီကောင်မလေး၊ ဒါထက်နေစမ်းပါအုံး မင်းလာရတဲ့ကိစ္စက"

"ဘဘနဲ့စကားပြောချင်လို့ပါ"

ကျူလျှန်သည် ထိုင်ရာမှ ရုတ်တရက်ထလိုက်ပြီး...

"သွား...သွား...အခုထွက်သွားစမ်းပါကွာ"

"ဘာဖြစ်လို့လဲ ဘဘကျူရဲ့"

"ငါ အလကားထိုင်ပြီး စကားမပြောနိုင်ဘူးကွ၊ ငါ့အဖို့ငွေကသိပ်အရေးကြီးနေတယ်၊ ပိုက်ဆံမရမယ့် အလုပ်တွေကို ငါဘာမှမလုပ်ချင်ဘူး၊ မင်းနဲ့စကားပြောယင် ငါငွေရမှာလား"

စွမ်းရီမင်းက ဘဘကျူသည် ငွေမက်သော သမားတော်တဦးဟု ထင်မိလိုက်သည်။

ထို့ကြောင့် သူက မျက်နှာကိုပြုံးရွှင်စွာ ထားလိုက်ပြီး...

"ကျွန်တော် စကားလာပြောတာကလဲ အလကားမဟုတ်ပါဘူး ဘဘရဲ့"

"ဟုတ်လား...ငွေရမယ့် စကားမျိုးလား"

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



“ပြောစမ်း...ဘယ်လောက်ရမှာလဲ”

“ဒီတနေ့အတွက်ဆိုယင် ဘာဘာဘယ်လောက်လိုချင်သလဲ ပြော”

“မင်းက...ငါနဲ့ တနေ့လုံးပြောရမှာက ဘာစကားတွေမို့လဲကွ”

စွမ်းရှိမင်းက ချိုသာစွာပြုံးလိုက်လေသည်။

“ဒီလိုပေါ့...ဘာဘာဆီမှာ ဗဟုသုတလေးဘာလေးယူဖို့ပေါ့”

“မင်း တနေ့အတွက် တစ်ထောင်တော့ ပေးရလိမ့်မယ်”

“ဗျာ”

“တစ်ထောင်”

စွမ်းရှိမင်းသည် မျက်လုံးပြူး၍ ကျူလှျွန်အား ကြည့်လိုက်လေသည်။

သူသည် သူ့အိတ်ကို ရုတ်တရက် စမ်းသပ်ကြည့်ယင်းမှ ခေါင်းကိုတဖြည်းဖြည်းချင်း ခါယမ်းလိုက်လေသည်။

“ကျွန်တော့်မှာ အဲဒီလောက်တော့မပါဘူး ဘာဘာရယ်”

ကျူလှျွန်က မျက်မှောင်ကုပ်လိုက်သည်။

“ဘယ်လောက်ပါသလဲ”

စွမ်းရှိမင်းက သူ့အိတ်ထဲမှ ငွေတစ်ရာကိုနှိုက်၍...

“ကျွန်တော် စရံတစ်ရာပေးထားမယ်”

ကျူလှျွန်က ပြုံးရွှင်စွာဖြင့် ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီလေ၊ ကျန်တာကို ဘယ်တော့ပေးမလဲ”

“ညနေကျယင် ရှိုလင်းစုဆီက တောင်းပေးပါ့မယ်”

ကျူလှျွန်က ခေါင်းကိုဆတ်ကနဲညိတ်လိုက်၏။



“အေး...ငါယုံတယ်..ပေးအခုတစ်ရာ”

စွမ်းရှိမင်းက ငွေတစ်ရာကို သူ၏အိတ်ထဲမှ ထုတ်ပေးလိုက်လေသည်။ ကျူလှျွန်သည် စေ့မစေ့ ရေတွက်ကာ....

“ကဲ...မင်းက ငါ့ဆီကဘာသိချင်တာလဲ၊ အဖျားပျောက်တဲ့နည်းလား၊ ချောင်းဆိုးရင်ကြပ်ပျောက်တဲ့ ဆေးနည်းလား၊ ဒါမှမဟုတ်”

စွမ်းရှိမင်းက ကပျာကယာ လက်ကာပြလိုက်လေသည်။

“ဒါ...ဒါတွေ မဟုတ်ပါဘူး ဘာဘာရယ်”

“ဒါဖြင့်....ဘာလဲ”

“ဒီလိုပါ...ကြယ်သုံးလုံးဟာ ဘယ်သူတွေလဲဆိုတာ ကျွန်တော်သိချင်ပါတယ်၊ နောက်ပြီး...စနေဂြိုဟ်...”

ဤတကြိမ် လက်ကာပြလိုက်သူမှာ ကျူလှျွန်ပင်ဖြစ်သည်။

သူသည် လက်ကာပြရုံတင်မကဘဲ စောစောက ငွေတစ်ရာကိုလည်း ပြန်ပစ်ပေးလိုက်လေသည်။

“ရော့...မင်းစရံငွေတစ်ရာ..ပြန်ယူသွားတော့”

စွမ်းရှိမင်းက ကြောင်အမ်းအမ်းဖြစ်သွားပြီး...

“ဘာဖြစ်လို့လဲ ဘာဘာကျူရဲ့”

“မင်း မြန်နိုင်သလောက် မြန်မြန်လေး ငါ့ရှေ့ကထွက်သွားပါတော့ကွာ၊ ဘာမှထပ်မမေးပါနဲ့”

သူသည် ယင်းသို့ပြောပြီး မျက်နှာကို တဘက်သို့လွှဲထားလိုက်သည်။

“ဘာလဲဘာဘာ...ကျွန်တော်မေးတဲ့ မေးခွန်းနဲ့၊ ပေးတဲ့ငွေနဲ့ မတန်လို့လား”

www.burmeseclassic.com

www.burmeseclassic.com



"ဟော့...သူငယ်...မင်းအနေနဲ့ သိန်းတစ်ရာလောက်ပုံပေးလဲ ငါမပြောနိုင်ဘူးကွ"

"ဘာဖြစ်လို့လဲ ဘဘရယ် သူတို့ကို သိပ်ကြောက်နေလို့လား"

"ဘာ"

"ဘဘကျူက ကြယ်သုံးလုံးကို ကြောက်နေသလားလို့ မေးတာပါ"

ကျူလျှန်သည် မျက်နှာတခုလုံး နီရဲသွားပြီး ခက်ထန်သွားပုံရလေသည်။

"ငါ့ကို လူတကာကြောက်နေတဲ့ အကောင်လို့များ ထင်နေသလား"

စွမ်းရီမင်းက ပြုံးလိုက်လေသည်။

သူသည် ဘဘကျူ၏စိတ်ထားကို အနည်းငယ်ရိပ်စားမိလာပြီဖြစ်ပါသည်။ တကယ့်လူ့ဥစ္စာ သမားတော်ကြီးပေတည်း။

ဘဘကျူသည် သူ့အားကလန်ကဆန် ပြောရမည့်လူမဟုတ်ပါ။

ထို့အတူ သူ့အား အထင်သေးလျှင်လည်း မခံတတ်သောစိတ်ထားရှိနေကြောင်း ရိပ်စားမိသောအခါ စွမ်းရီမင်းက စကားကိုတမျိုးပြောင်းလိုက်လေသည်။

"ဟုတ်ပါတယ်...ဘဘကျူ၊ သူတို့ကိုမကြောက်ဘူးဆိုတာ ကျွန်တော်ယုံပါတယ်၊ ဒီလူတွေ ဘာကြောက်စရာလိုသလဲ"

သူ၏စကားထဲတွင် မြှောက်ပင့်သည့် သဘောမျိုးပါသွားပြန်သည်။



"ဟော့ကောင်...မင်းငါ့ကို မြှောက်ပင့်ပြောနေတာလား"

"ကျွန်တော် အဲဒါမျိုး ဘယ်တော့မှဝါသနာမပါဘူး၊ ဘဘကျူရဲ့မျက်နှာအနေအထားကို ကြည့်ကတည်းက မကြောက်တတ်၊ မလန့်တတ်တဲ့ မျက်နှာမျိုးဆိုတာ ကျွန်တော်သိထားတာပဲ"

ကျူလျှန်သည် ကျေနပ်သွားသလို ခေါင်းတချက်ညိတ်လိုက်လေသည်။

"အေး...မင်းလူကဲခတ်မမှားဘူးဆိုယင်၊ မင်းကိုအဖြေမပေးတာ ကြောက်လို့တော့ မထင်လိုက်နဲ့"

"ဘာလို့လဲ...ဘဘရယ်"

"ငါလည်း သူတို့ဘယ်သူတွေဆိုတာ သိကိုမသိလို့"

ထိုစကားကို ကျူလျှန် လိမ်လည်ပြောဆိုလိုက်ခြင်း မဟုတ်ပေ၊ ဘဘကျူသည် မညာတတ်ပေ။

အမှန်ပင် မသိ၍မသိကြောင်း ဖြေကြားလိုက်ခြင်းဖြစ်၏။

သူသည် စွမ်းရီမင်းအား အထူးအဆန်းသဖွယ် စူးစိုက်ကြည့်လိုက်သည်။

"ဒါထက်...မင်းက နေစမ်းပါအုံး၊ သူတို့ဘယ်သူဘယ်ဝါဆိုတာသိတော့ ဘာလုပ်မလို့လဲ"

"ဒီလိုလေ...ဘဘကျူရဲ့၊ ကြယ်သုံးလုံးဟာ ဒီနယ်မြေမှာ သူတို့ကိုလွန်ဆန်ရဲတဲ့လူ ဘယ်သူမှမရှိဘူး မဟုတ်လား"

"အေး...အဲဒါတော့ ဟုတ်တယ်ကွ"

"နောက်ပြီး ဘယ်သူဘာပဲလုပ်လုပ် သူတို့သိတာပဲ"

"အင်း"

"အဲဒါကြောင့် သူတို့တတွေဟာ ဘယ်သူဘယ်ဝါတွေဆို

www.burmeseclassic.com

www.burmeseclassic.com



တာသိထားရတော့ အဲဒီလူရှေ့မှာ ရှောင်ရှားလို့ရတာပေါ့"

ကျူးလျှန်သည် မျက်မှောင်ကုပ်ယင်း စဉ်းစားနေယင်းမှ ခေါင်းညိတ်လိုက်လေသည်။

"အေး...ဟုတ်တယ်၊ ဒီကလူတွေဟာ သူတို့ဘယ်သူဘယ်ဝါဆိုတာ တယောက်မှမသိကြဘူး၊ ဒါပေမယ့် သူတို့ကတော့ ဘယ်သူတွေဘာလုပ်တယ်၊ ဘာပြောတယ်ဆိုတာ အကုန်သိနေကြတာပဲ"

"အဲဒါကြောင့် ပြောတာပေါ့ ဘဘကျူးရယ်၊ တကယ်တော့ သူတို့ဟာ ကျွန်တော်တို့နဲ့နေ့ရှိသ၍ တွေ့မြင်နေရပေမယ့်၊ ဘယ်သူဘယ်ဝါဆိုတာ မသိရတော့ မခက်ဘူးလား"

"သူတို့ကိုသိတော့ကော မင်းကဘာလုပ်မလို့လဲ"

"သတ်ပစ်မလို့"

ကျူးလျှန်သည် မျက်လုံးမျက်ဆံများ ပြူးသွားတော့သည်။

အမှန်စင်စစ် ထိုစကားကို စွမ်းရှီမင်းကလည်း မပြောလိုပါ။

သို့သော် ဘဘကျူးဆိုသည့်လူစားသည် ကိုးယို့ကားယားစကားများလျှောက်ပြောမှသာ သူလိုချင်သော အချက်အလက်များသိရှိလာမည်ဟု ထင်မိသောကြောင့် ထိုကဲ့သို့ ပြောလိုက်ခြင်းဖြစ်သည်။ ကျူးလျှန်သည် စွမ်းရှီမင်းအား မျက်လုံးများပြူး၍ ကြည့်ယင်းမှ...

"မင်း ဒီကိုရောက်လာတာ ဘာရည်ရွယ်ချက်နဲ့ ရောက်လာတာလဲ"

"ဘာမှမရှိဘူး၊ မင်းပြစ်မင်းဒဏ်သင့်လို့ထွက်ပြေးလာတာ"

"ဒါဖြင့်လည်း ဒီမှာ အေးအေးဆေးဆေး နေရောပေါ့ကွာ"

"နေလို့မှမရဘဲ"



"ဘာကြောင့် နေလို့မရတာလဲ"

စွမ်းရှီမင်းက သူ့ကိုလေးစားဟန်ဖြင့် ကြည့်လိုက်ပြီး...

"ကျွန်တော် ကောင်းကောင်းနေပေမယ့် သူတို့က ကျွန်တော့်ကိုဒုက္ခပေးနေတော့ ကျွန်တော် ဘယ်လိုလုပ်ပြီး အေးအေးဆေးဆေး နေရမှာလဲ၊ ဒီလိုမှမဟုတ်ယင် ဒီကထွက်ပြေးရမယ်"

ကျူးလျှန်က သူ့ကိုအကဲခတ်သလို ကြည့်ယင်း...

"မင်းကို သူတို့က ဘာတွေဒုက္ခပေးနေလို့လဲ"

"အခု ကျွန်တော့်ကို အန္တရာယ်တခုခုပေးဖို့ ကြိုးစားနေကြတယ်၊ စနေဂြိုဟ်ဆီက အမိန့်ရတာနဲ့ သတ်ချင်လည်းသတ်ပစ်နိုင်တယ်၊ ဖမ်းချင်လည်းဖမ်းနိုင်တယ်၊ ဒုက္ခပေးချင်လည်း ပေးနိုင်တယ်"

"မင်းက သူတို့မကြိုက်တာ ဘာတွေလုပ်မိမှန်းမသိတာ"

"တတိယကြယ်ရဲ့ လက်ရုံးနှစ်ယောက်ကို သတ်ပစ်လိုက်မိတယ်"

"ဟေ...မင်းက တကယ့်မီးခဲကိုမှ သွားကိုင်တာကိုကွ"

ကျူးလျှန်က မျက်လုံးအစုံ ပြူးကျယ်သွား၏။

အံ့အားသင့်ပြီး ပြန်ပြောလိုက်သည်။ စွမ်းရှီမင်းက...

"ဒါတင် ဘယ်ဟုတ်အုံးမလဲ"

"ပြောပါအုံး"

"ဥပဒေမဲ့နယ်မြေထဲကို ဝင်စက စစ်ဆေးရေးမှူးတစ်ယောက်ကို လည်းသတ်ခဲ့သေးတယ်"

ကျူးလျှန်က စိတ်ပျက်လက်ပျက် ခေါင်းကိုခါယမ်းလိုက်သည်။ ပြီးမှ...

"ဒါနဲ့ မင်းကောင်းကောင်းနေတယ်ဆိုကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ကျွန်တော်က ကောင်းကောင်းနေရက်နဲ့ သူ့လူတွေက သတ်အောင်လုပ်တော့ သတ်ပစ်လိုက်ရတာပေါ့၊ အဲဒါကိုကြယ်သုံးလုံးက မကျေနပ်ဘူး။ ပထမစစ်ဆေးရေးမှူးကိုသတ်တော့ ကျွန်တော့်ကို လျော်ကြေးတောင်းတယ်"

"ဟုတ်လား၊ လျော်ကြေးက ဘယ်လောက်လဲ"

"ငါးသောင်း"

"အခုနှစ်ယောက်ကို သတ်တဲ့အတွက် လျော်ကြေးမပေးရသေးဘူးဆိုပါတော့ တကယ့်ကောင်ပဲ"

"ဟုတ်ကဲ့"

"ဟား..ဟား..ဟား မင်းလည်း ငါ့လိုပါပဲလား"

စွမ်းရှိမင်းက နားမလည်ဟန်ဖြင့် ကျူလျှန်ကို စိုက်ကြည့်ယင်း မေးလိုက်သည်။

"ကျွန်တော်လည်း ဘဘကျူလိုပဲ ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ငါလည်း သူတို့လူသုံးယောက်ကို သတ်မိလို့ လျော်ကြေးတစ်သိန်းပေးဖို့ အကြွေးတင်နေတယ်ကွ"

"ဗျာ"

ဒီတခါ အံ့သြသွားရသူမှာ စွမ်းရှိမင်းပင်ဖြစ်တော့၏။

"ဒါဆို ဘဘကျူလည်း ဓားပြသွားတိုက်ရမှာပေါ့၊ သူတို့က လျော်ကြေးမပေးနိုင်ယင် ဓားပြတိုက်ခိုင်းတာပဲ"

ကျူလျှန်က ခေါင်းကိုခါယမ်းလျက်...

"ငါကတော့ ဓားပြသွားမတိုက်ပါဘူး"

"ဟင်...ဒါဖြင့် ငွေဘယ်ကရမလဲ"



"ဆေးကုတယ်လေ၊ ဒါကြောင့်မို့ ငါဟာငွေမရတဲ့အလုပ်ကို ဘာမှလုပ်ချင်တဲ့ စိတ်မရှိဘူး"

"ဆေးကုတော့ကော လူတစ်ယောက်ကို ဘယ်လောက်ရလို့လဲဘဘရဲ့"

"ငါကတော့ ဘယ့်သူလာလာ တယောက်ကို တစ်ထောင်ပဲပေါ့၊ ရောဂါကြီးကြီး သေးသေး တစ်ထောင်ပဲ"

"ဟာ...တယ်ဟုတ်ပါလား၊ ဘဘက ဘာရောဂါတွေကုပေးရတာလဲ"

"အေး...ထူးတော့အထူးဆန်းသားကွ၊ ဘာလို့လဲဆိုတော့ ငါက ကုချင်တာက သေလုမြောပါးဖြစ်နေတဲ့လူတွေကို ကုပေးချင်တာ၊ ဒီမှာက အဲဒါတွေ သိပ်မရှိပါဘူးကွာ"

"ဟင်...ဒါဖြင့် ဘာရောဂါတွေကို ကုပေးနေရသလဲဘဘ"

"သူတို့ မလိုအပ်တဲ့လူတွေရဲ့ သိုင်းပညာကို ဖျက်ဆီးပေးရတယ်လေ"

ကျူလျှန်သည် ဆေးပညာမှာ အလွန်ပင်ထက်မြက်သည်။

ကုန်ကုန်ပြောရလျှင် မည်သည့်ရောဂါကိုမဆို စွယ်စုံကုသနိုင်သော ဆေးပညာရှင်ကြီးတဦးပင် ဖြစ်သည်။

လွန်ခဲ့သောနှစ်က စနေဂြိုဟ်သည် ဝမ်းဗိုက်တွင် ဒဏ်ရာအကြီးအကျယ်ရခဲ့သည်။ သမားတော် ကျူလျှန်ကုသပေးခဲ့သဖြင့် ဓားဒဏ်ရာလုံးဝ ပျောက်ကင်းကာ အသက်ချမ်းသာရာရခဲ့သည်။

ထိုအခါ စနေဂြိုဟ်သည် ကျူလျှန်အား ကျေးဇူးတင်လွန်း၍ နယ်မြေ၏သမားတော်ကြီးအဖြစ် ကောင်းမွန်စွာ ချီးမြှောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကျူလျှန်သည် ပြည်မသို့သာ အတင်းအဓွထွက်ခွာသွားလိုသည်။

ဤသည်ကို ကြိုးသမား အစောင့်များက တားဆီးသောကြောင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ရာ အစောင့်သုံးဦးလုံးသေဆုံးသွားရခြင်းဖြစ်သည်။

ထိုအခါ စနေဂြိုဟ်သည် ကျူလျှန်အား ပြန်မလွှတ်ချင်သဖြင့် သူ့လူများ သေဆုံးသွားသည့်အတွက် လျော်ကြေးတစ်သိန်းပေးရမည်ဟု အကြပ်ကိုင်လိုက်သည်။

လျော်ကြေးတစ်သိန်း ပြေလည်အောင် ပေးဆပ်နိုင်ပါကပြည်မသို့ ပြန်ခွင့်ပြုမည်ဟုလည်း ကတိခံထားသည်။

ကျူလျှန်မှာ ဘာမှမတတ်နိုင်တော့ဘဲ လျော်ကြေးပေးနိုင်ရန် လူတယောက်ကို တစ်ထောင်နှင့် ကုသနေခြင်း ဖြစ်လေသည်။

ယခုအခါ သူ၏အလုပ်မှာ အဟော်ကလေး တွင်ကျယ်နေလေသည်။ အဘယ်ကြောင့်ဆိုသော်....

ကြွယ်သုံးလုံးသည် သိုင်းပညာရှင်အချို့အား မကြာခဏခေါ်လာ၍ သူ့ထံမှ ဆေးတမျိုးကို တိုက်ကျွေးနိုင်းသောကြောင့်တည်း။

ထိုဆေးမှာ ရှိသမျှအကြောအခြင်များ လှုပ်ရှားတက်ကြွခြင်း မရှိတော့ဘဲ ထုံထိုင်းသွားခြင်းပင် ဖြစ်သည်။

ကျူလျှန်ကလည်း ထိုအလုပ်ကို မလုပ်ချင်ပေ။

သို့ရာတွင် ငွေတစ်သိန်းလျော်ကြေးပေးရန် ရှိနေသည့်အပြင် ဤဒေသသို့ရောက်ရှိနေသူများမှာ လူကောင်းသူကောင်များ မဟုတ်သဖြင့် ထိုအလုပ်ကို လက်ခံလိုက်ခြင်း ဖြစ်တော့သည်။



စွမ်းရှိမင်းမှာ ဘဘကျူ၏အကြောင်းများကို သိလိုက်သောအခါ ရင်ထဲ၌နင့်ကနဲ ခံစားသွားရသည်။

သူသည် အတန်ကြာအောင် စဉ်းစားနေပြီးမှ...

"အဲဒီဘဘကျူရဲ့ဆေး တိုက်ပြီးတဲ့လူတွေ ဘယ်ကိုပို့လိုက်သလဲ"

"မသိဘူးကွ၊ အဲဒါငါ့အလုပ်မဟုတ်တော့ ငါလည်းမလေ့လာမိဘူး"

စွမ်းရှိမင်းသည် ကျူလျှန်နှင့် လေပြည်မိနေပြီဖြစ်သောကြောင့် သူသိလိုသောအချက်ကို ချက်ချင်းမေးမြန်းလိုက်သည်။

"သိုင်းပညာ အဖျက်ဆီးခံရတဲ့လူတွေကကော ဘယ်သူတွေလဲဆိုကာ မသိဘူးလား ဘဘကျူ"

"လူမျိုးစုံပါပဲကွာ၊ ငါလည်း သေသေချာချာတော့ မသိပါဘူး၊ တချို့ကျတော့လည်း ဘုရင့်တပ်က တပ်မှူးတွေလည်းပါရဲ့၊ တချို့ကျတော့လည်း မိန်းကလေးတွေ"

"ဗျာ...မိန်းကလေးတွေပါတယ် ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီမိန်းကလေးတွေကလည်း သိုင်းပညာတက်မြက်လို့ဖြစ်မှာပေါ့ကွာ၊ မနေ့တနေ့ကဆို မျက်မမြင်လေးတယောက်တောင် အဲဒီဆေးကို တိုက်လိုက်ရသေးတယ်"

"ဗျာ...မျက်မမြင်လေးဟုတ်လား...ဘဘကျူ"

ကျူလျှန်သည် စွမ်းရှိမင်း၏ အမူအရာကိုကြည့်၍ အံ့ဩသွားဖြစ်သွားကာ မေးလိုက်မိသည်။

"ဟုတ်တယ်၊ ဒါထက်မင်းက ဘယ်လိုဖြစ်သွားတာလဲ"

"အဲဒီ မျက်မမြင်လေးက အခုဘယ်မှာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ခက်ပါလား…ဒါတွေ ငါစိတ်မဝင်စားပါဘူးလို့ ပြောနေမှပဲ၊ ဘယ်သိမှာလဲကွ"

စွမ်းရိမင်းမှာ ပိုကျူးအတွက် ရင်လေးသွားရတော့သည်။

သူမသည် ထက်မြက်သော သိုင်းပညာရှင်မလေးတဦး ဖြစ်သည်။

ဤသည်ကို ကြယ်သုံးလုံးကကြိုတင်သိရှိထားဟန်တူသည်

ထို့ကြောင့် သူမတတ်ကျွမ်းသော သိုင်းပညာကို ကျူးလျှန်၏အကူအညီ ဖြင့် ဖျက်ဆီးပစ်လိုက်ခြင်းဖြစ်မည်။

ကျူးလျှန်သည် ထိုင်ရာမှထ၍…

"ကဲ…ကဲ…မင်းကို ငါစကားပြောရတာ အချိန်တွေပုတ်တယ်၊ ငါဆေးဖော်ရအုံးမယ်…သွားတော့ကွာ"

ကျူးလျှန်သည် ပြောပြောဆိုဆို အခန်းထဲသို့ ဝင်သွားတော့သည်။

စွမ်းရိမင်းက တစုံတခုပြောဆိုရန် ကြံစည်လိုက်သော်လည်း အခန်းတံခါးပိတ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ထို့ကြောင့်….

သူသည် သမားတော်ကြီးအိမ်မှ ခေါင်းငိုက်စိုက်ချ၍ ထွက်ခွာလာခဲ့လေတော့သည်။

♣ ♣ ♣



အခန်း(၂၈)

## လူမိုက်ဟူသည်

ကြယ်သုံးလုံးသည် အတော်ပင် မကျေမနပ်ဖြစ်နေသည်။

သို့သော်လည်း နေရာတကာတွင် စနေဂြိုဟ်အား မလွန်ဆန်ခဲ့ပေ။

စနေဂြိုဟ်သည် သိုင်းအရာတွင် ပြိုင်စံရှားသော ပုဂ္ဂိုလ်ကြီးတဦးဖြစ်သည်။ ထို့ပြင်လည်း…

ဥပဒေမဲ့နယ်မြေတခုလုံးကို သူကချုပ်ကိုင်လာခဲ့သည်မှာ နှစ်အတော်ကြာပြီဖြစ်သည်။ ထို့ကြောင့်….

သူ၏ဩဇာကို ဥပဒေမဲ့နယ်မြေ၌ တဦးတယောက်မှ မလွန်ဆန်ရဲသကဲ့သို့ ကြယ်သုံးလုံးသည် မကျေမနပ် ဖြစ်နေသော်လည်း စနေဂြိုဟ်၏ဩဇာအာဏာကို လုံးဝ မလွန်ဆန်ရဲပေ။

ပထမကြယ်သည် စနေဂြိုဟ်အား တချက်စူးစူးဝါးဝါး ပြန်ကြည့်ကာ မရဲတရဲဖြင့် မေးလိုက်သည်။

"ခေါင်းဆောင်ကြီးက သူ့ကို သတ်ပစ်ဖို့ ဘာလို့ အမိန့်မပေးသေးတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



စနေဂြိုဟ်သည် ကြယ်သုံးလုံးကို တချက် ပြန်ကြည့်လိုက်ကာ အေးဆေးစွာ ပြောလေ၏။

"မင်းတို့က တဆိတ်ရှိရင် သတ်ဖို့ပဲ စဉ်းစားနေတာကိုး"

"ဒီကောင်ကတော့ သတ်မှကို ဖြစ်မှာ ခေါင်းဆောင်"

"မင်းတို့ တနေ့ကလဲ ကေးမှုတို့သုံးယောက်ကို သတ်နိုင်းလိုက်ပြီ မဟုတ်လား၊ ဘယ်လိုဖြစ်သွားသလဲ ပြောကြပါဦး..."

ဒုတိယကြယ်က ဝင်ပြောသည်။ သူ့လေသံက မာသည်။

"သူ့ကို ကျွန်တော်ကိုယ်တိုင် သွားသတ်မယ်လေ"

စနေဂြိုဟ်က မျက်မှောင်ကုပ်၍ ကြည့်လိုက်လေသည်။

"ငါ... မင်းကို တခု ပြောပါရစေ"

ကြယ်သုံးလုံးသည် တယောက်မှ ပြန်မပြောဘဲ ငြိမ်သက်နေကြသည်။

"တို့နယ်မြေကို ဘုရင့်တပ်က အထောက်တော်တွေ ရောက်နေတယ်ဆိုတာ မင်းအသိပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

ထိုစဉ် တတိယကြယ်က...

"သူ့ကိုလည်း အဲဒီ အထောက်တော်သုံးဦးလိုပဲ ဆေးတိုက်ပြီး နိုင်းထားလိုက်ရင် မကောင်းဘူးလား"

စနေဂြိုဟ်က တတိယကြယ်အား လှမ်းကြည့်ကာ...

"မင်းတို့က သူ့ကို အထောက်တော်တယောက်လို့ပဲ ထင်ထားလို့လား"

"ဒီလိုတော့ တိတိကျကျ မပြောနိုင်ပါဘူး"

"ဒီတော့... ငါမေးမယ်၊ သူဟာ တကယ်လို့ ထောက်လှမ်း



ရေးသမား ဖြစ်ခဲ့ရင် ဒီကိစ္စဟာ အေးသွားမယ် ထင်သလား၊ နောက်က အဆက်မပြတ် လိုက်လာအုံးမှာပဲ"

ပထမကြယ်က...

"ဒါဆို... သူ့ကို ဒီအတိုင်းပဲ ကြည့်နေရတော့မှာလား"

"ဒီလိုလဲ ဘယ့်ဟုတ်ပါ့မလဲ၊ တို့ရဲ့ အကြံအစည်တွေ မပြီးဆုံးခင်တော့၊ ရုတ်ရုတ်သဲသဲ ဖြစ်မသွားအောင်တော့ ကြိုးရှည်ရှည်နဲ့ လှန်ထားရအုံးမှာပဲ"

"ဒါဖြင့်... သူ့ကို ဓားပြတိုက်နိုင်းမယ့် အစီအစဉ်ကော"

"အဲဒါကို ငါမကန့်ကွက်ပါဘူး၊ သူ့ကို ဓားပြတိုက်နိုင်းပါ၊ အဲဒီအခါမှာ သူ့ရဲ့ ခြေလှမ်းတွေကို သိရမှာပဲ၊ ဒါပေမယ့်... နောက်ကနေပြီး သူဘာတွေလုပ်တယ်ဆိုတာ ယုံကြည်စိတ်ချရတဲ့လူတယောက် ထည့်လိုက်ပါ"

ဒုတိယကြယ်သည် အနည်းငယ် ကျေနပ်သွား၏။

"ကောင်းပြီလေ... ဒါဆိုရင် ကျွန်တော်တို့ ကြည့်ပြီး စီစဉ်လိုက်ပါ့မယ်"

♣ ♣ ♣

ကေးမှုသည် ကြေးစားလူသတ်သမားတဦး ဖြစ်သည်။

သို့သော် သူတယောက်တည်းတော့ မဟုတ်ပါ။

သုံးယောက် ဖြစ်သည်။ ကေးမှု၊ ကျိုဝီး နှင့် အံ့တုဒို့ သုံးယောက်သည် တချိန်က လျှမ်းလျှမ်းတောက် နာမည်ကြီးခဲ့သော ကြေးစားလူသတ်သမားများပင် ဖြစ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်သည် ဘုရင့်ရဲမက်များက ဖမ်းဆီးပြီး သေဒဏ်ပေးရန် သူတို့နောက်သို့ ခြေရာခံ၍ လိုက်ခဲ့ကြသည်။

ဘုရင့်ရဲမက်များ၏အင်အားကို မယှဉ်သာသောအခါ သူတို့ ပုန်းရှောင် ပြေးလွှားရမည့်နေရာမှာ ဥပဒေမဲ့နယ်မြေသို့သာ ဖြစ် တော့သည်။

ဤနယ်မြေသို့ ရောက်ရှိလာသည်နှင့် သူတို့သုံးဦးအား ကြယ်သုံးလုံးက မြှောက်စားထားသည်။

ကြယ်သုံးလုံးအနေနှင့် မလိုလားအပ်သော လူများကို သူ တို့သုံးဦး၏လက်ထဲသို့ လွှဲအပ်လိုက်လျှင် အလိုလို ပျောက်သွား မည်သာ ဖြစ်ပေသည်။

ထို့ကြောင့်လည်း **စွမ်းရီမင်းအား ထိုကဲ့သို့ သုတ်သင်ရန်** [illegible] လွှတ်လိုက်ခြင်း ဖြစ်သည်။

သို့ရာတွင်စွမ်းရီမင်းလို အစွမ်းထက်သော သိုင်းသမားနှင့် တွေ့ရှိသောကြောင့် လူသတ်သမားသုံးဦးအနက် နှစ်ဦးမှာ ကျဆုံး သွားရလေသည်။

ထိုအခါ ကေးမူမှာ အကြီးအကျယ် တုန်လှုပ်ချောက်ချား သွားခဲ့ရသည်။

သူသည် စွမ်းရီမင်း၏မျက်နှာကို မော့မကြည့်ရဲလောက် အောင်ပင် ဖြစ်သွားရလေသည်။

လူမိုက်နှင့် သူရဲကောင်းဆိုသည်မှာ အလွန်ပင် ကွာခြား လေသည်။လူမိုက်သည် အရာရာကို ဘာမှ မစဉ်းစား ဆုံးဖြတ်ဉာဏ် မရှိ။ သတ်ဆိုလျှင် သတ်၏။

လူကောင်းလူဆိုး ခွဲခြား မနေပါ။



ထို့နောက် သူတို့ကိုယ်တိုင်သူတို့လည်း လူမိုက်ကြီးများဟူ သောဘွဲ့ကို တပ်မက်စွာ ခံယူထားတတ်ကြသည်။

ဤသည်ကိုပင် ဂုဏ်ယူနေကြ၏။

လွှဲမှားစွာ ဂုဏ်ယူကြခြင်း ဖြစ်သည်။

ထို့ပြင် တဦးတယောက်တည်း လှုပ်ရှားခြင်းထက် သုံးလေး ဦးအဖော်နှင့်မှ လှုပ်ရှားတတ်ကြသည်။

အများစုနှင့် အနိုင်ယူခြင်း တမျိုးပင်။ သို့သော်...

သူတို့သည် သူများ၏အသက်ကို ပုရွက်ဆိတ်တကောင် လောက်သာ သဘောထားပြီး သတ်ဖြတ်ပုံကြသော်လည်း သူတို့ ကိုယ်တိုင်သေရမည်ဆိုလျှင်လည်း အလွန်အမင်း ကြောက်တတ် သော လူစားမျိုး ဖြစ်လေသည်။

သူရဲကောင်းဆိုသည်က ထိုကဲ့သို့ မဟုတ်ပေ။

တိုင်းပြည်အတွက်၊ လူမျိုးအတွက်ဆိုလျှင် လူတယောက်ကို သတ်ရမှာ ဝန်လေးသူမဟုတ်။

အများအပြားကို သတ်ရမှာလည်း လက်မနှေးပေ။

ထို့ကြောင့် လူမိုက်နှင့် သူရဲကောင်း၏ကွာခြားမှုမှာ လုံးဝ မတူညီပေ။

လူမိုက်တွင် ဦးနှောက်နှင့် နှလုံးသားမရှိ။

သူရဲကောင်းတွင် ဦးနှောက် နှလုံးသား ရှိ၏။ လူမိုက်တွင် အနိုင်ကျင့်မှုနှင့် အကြောက်တရားသာ ရှိသည်။

စားသောက်ဆိုင်ထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်နေပေသည်။

ထိုရုတ်ရုတ်သဲသဲ မြင်ကွင်းက လုံးဝကြည့်မကောင်းပါ။

လူတယောက်ကို သန်မာထွားကျိုင်းသော လူတယောက်

www.burmeseclassic.com

www.burmeseclassic.com



က ချုပ်ကိုင်ထားသည်။

ကျန်နှစ်ယောက်က ထိုလူအား စိတ်ရှိလက်ရှိ ထိုးကြိတ်နေကြသည်။

ချုပ်ကိုင်ခြင်း ခံထားရပြီး အထိုးခံနေရသောလူမှာ မျက်နှာတခုလုံး ညိုမည်းကာ ပါးစပ်မှလည်း သွေးများက ယိုစီးနေ၏။

အရပ်ရှည်ရှည် မုတ်ဆိတ်နှင့်လူသည် သူ၏ကြီးမားသော လက်သီးများကို ထိုလူအား အဆက်မပြတ် ထိုးနေပြီး ပါးစပ်မှလည်း

"ကဲ... အနိုင်ကျင့်အုံး၊ မိုလ်ကျအုံး၊ အခုတော့ မင်းဘာတတ်နိုင်သေးသလဲ"

"ဒီကောင်... အခု မထောင်ရဲတော့ပါဘူးကွာ၊ သေအောင်သာ သတ်ပစ်လိုက်ပါ"

အရက်ဆိုင်မှ ဆိုင်ရှင်အဘိုးအိုမှာ ထိုအဖြစ်အပျက်ကို စိတ်မချမ်းမသာနှင့် ကြည့်နေမိသည်။

နောက်ဆုံးတော့ ဆိုင်ရှင်အဘိုးအိုသည် မနေနိုင်တော့ဘဲ ထိုင်ရာမှ ထလာကာ မေးလိုက်မိသည်။

"မင်းတို့က ဘာဖြစ်လို့ သူ့ကို ဒီလောက်တောင် ဆုံးမနေရတာလဲ"

အရပ်ရှည်ရှည် မုတ်ဆိတ်မွေးနှင့်လူက...

"ဒီကောင်က ကြေးစားလူသတ်သမားလေ၊ သူတို့သုံးယောက်စလုံး ရှိတဲ့အချိန်က အင်မတန်ဆိုးတဲ့ကောင်တွေပေါ့၊ ကျုပ်တို့ကို အမြဲအနိုင်ကျင့်တယ်၊ ကျုပ်တို့မှာ နေစရာ မရှိခဲ့ဘူး..."

"အခု... နှစ်ယောက်က ဘယ်ရောက်သွားလို့လဲ"

"သေပြီလေ"



"ဟင်... ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ စွမ်းရီမင်းဆိုတဲ့အကောင်ကို သွားသတ်တာ၊ ဟိုက ဘယ်လိုပြန်လုပ်လိုက်ခဲ့တယ်တော့ မသိဘူး၊ သူတောင်အပြေးကောင်းလို့ လွတ်သွားတာလို့ ကြားတာပဲ"

ဆိုင်ရှင်အဘိုးအိုက ခေါင်းတညိတ်ညိတ်ဖြင့် ပြောလိုက်၏။

"အင်း... တချိန်တုန်းက အနိုင်ကျင့်ထားတော့လဲ ကိုယ့်အပြည့်ကျတော့လဲ ခံပေါ့ကွာ"

သူသည် ညည်းညူလိုက်ပြီး သူ့နေရာသူ သွားရောက်ထိုင်နေလိုက်သည်။

မုတ်ဆိတ်နှင့်လူသည် သတိမေ့လုမတတ် ဖြစ်နေသော ကေးမူအား ဝမ်းဗိုက်ဆီသို့ လက်သီးတလုံး ပစ်ထိုးလိုက်ပြန်သည်။

ယင်းအခိုက် မုတ်ဆိတ်နှင့်အဖော်နှစ်ဦးသည် ဆိုင်ထဲသို့ ဝင်လာသော လူတယောက်ကို မြင်လိုက်ကြသောအခါ အံ့အားသင့်သွားကြ၏။

အဘယ်ကြောင့်ဆိုသော် ဆိုင်ထဲသို့ ဝင်လာသောလူမှာ စွမ်းရီမင်း ဖြစ်နေသောကြောင့်ပင်တည်း။

ကေးမူအား ချုပ်ကိုင်ထားသည့် ထွားထွားကျိုင်းကျိုင်းလူသည် ချုပ်ကိုင်ထားရာမှ လွှတ်လိုက်ပြီး စွမ်းရီမင်းအား ပြုံးပြလိုက်သည်။ စွမ်းရီမင်းအား ကြိုဆိုသည့်အပြုံး ဖြစ်သည်။

"ခင်ဗျားကို ဒုက္ခပေးတဲ့အကောင်လေ၊ အခု... ကျွန်တော်တို့က ဆက်ပြီး ဆုံးမနေတာ"

စွမ်းရီမင်းသည် ကေးမူအား လှမ်းကြည့်လိုက်သည်။

သူ့မျက်နှာ၌ မည်သည့် အမူအရာမှ မပေါ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကေမူး၏မျက်နှာမှာ ကြည့်မကောင်းအောင်ပင် ယောင်ကိုင်း၍ နေသည်။ ပါးစပ်မှ သွေးများက စီးကျနေသည်။

သွားလည်း ကျိုးသွားပုံရ၏။

သူသည် အားအင်ချိနဲ့စွာဖြင့် စွမ်းရှိမင်းအား မော့ကြည့်နေပေသည်။ သူ့အား ကယ်တင်ပါဟူသော အကြည့်ပင် ဖြစ်၏။

မုတ်ဆိတ်က မျက်နှာလိုမျက်နှာရနှင့် စွမ်းရှိမင်းအား ပြောလေ၏။

"ခင်ဗျားကို ဒုက္ခပေးတဲ့ အကောင်ကို၊ ကျွန်တော်တို့ လူ့ပြည်မှာ သိပ်မထားချင်တော့ဘူး"

"ဟုတ်လား... ကျေးဇူးတင်ပါတယ်"

စွမ်းရှိမင်းသည် ပြောပြီးသည်နှင့် သူ၏လက်သီးတွင် အတွင်းအားအပြည့်သွင်းကာ မုတ်ဆိတ်၏မေးရိုးဆီသို့ အရှိန်ပြင်းစွာဖြင့် ပစ်သွင်းလိုက်သည်။

"ခွပ်..."

"ဝုန်း..."

မုတ်ဆိတ်သည် မထင်မှတ်ဘဲ စွမ်းရှိမင်းသည် သူ့ကို တိုက်ခိုက်လိုက်သဖြင့် ခုခံရှောင်တိမ်းချိန် မရလိုက်တော့ပေ။

သူသည် ဆယ်တောင်နီးပါး ဝေးကွာသည့် အဘိုးအိုများသို့ လွင့်စင်ကျသွား၏။

ဘာမှ နားမလည်သလို အံ့အားသင့်နေသော ထွားကျိုင်းသည့်လူက စွမ်းရှိမင်း၏ရှေ့တွင် လာရပ်လိုက်သည်။

"ခင်ဗျား... ဘယ်လိုလုပ်လိုက်တာလဲ"

စွမ်းရှိမင်းက မဲ့ပြုံးပြုံးလိုက်ပြီး...



"မြင်တဲ့အတိုင်းပဲလေ"

ထွားကျိုင်းသည့်လူသည် မကျေမနပ်ဖြင့် ကေမူအား လက်ညှိုးထိုးပြလိုက်သည်။

"သူက အုပ်စုနဲ့ အနိုင်ကျင့်ပြီး၊ ခင်ဗျားကို လာသတ်တဲ့လူ မဟုတ်လား"

"ဟုတ်တယ်"

"ဒါနဲ့ ခင်ဗျားက"

သူ့စကားကို စွမ်းရှိမင်းက လက်ကာပြ၍ ဖြတ်လိုက်သည်။

"မင်းတို့ကကော သုံးယောက်စုပြီး သူ့ကို အနိုင်ကျင့်တာပဲ မဟုတ်လား"

ထိုအခါတွင် ထွားကျိုင်းသည့်လူမှာ ပါးစပ်ပိတ်သွားတော့သည်။ ထိုစဉ်မှာပင် စွမ်းရှိမင်း၏ညာလက်ဝါးက လျှပ်တပြက် လှုပ်ရှားသွားပြန်သည်။

သူ၏ညာလက်ဝါးသည် သူ့ရှေ့သို့ လာရပ်သော လူထွားကြီး၏မျက်နှာပေါ်သို့ လျှပ်စီးလက်သလို လျင်မြန်စွာ ကျရောက်သွားလေတော့သည်။

လူထွားကြီးသည် စွမ်းရှိမင်း၏လျင်မြန်သော ရိုက်ချက်ကို မရှောင်နိုင်ဘဲ နောက်ဆုတ်နောက်ဆုတ်ဖြင့် ယိမ်းယိုင်သွား၏။

သို့ရာတွင် လဲပြိုသွားခြင်း မရှိဘဲ နောက်ဘက်မှ စားပွဲတလုံးပေါ်သို့ လန်ကျသွားသည်။

သူသည် ချက်ချင်းလူးလဲထကာ အနီးရှိ ကုလားထိုင်တလုံးဖြင့် စွမ်းရှိမင်းအား ဦးခေါင်းတည့်တည့်ချိန်ကာ ရိုက်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရှိမင်းက လုံးဝရှောင်တိမ်းခြင်း မပြုဘဲ ခေါင်းပေါ်သို့ ကျရောက်လာသော ကုလားထိုင်ကို လက်မောင်းနှင့် ဆီးခံကာ ပြန်လည်တွန်းထုတ်လိုက်သည်။

တချိန်တည်းမှာပင် သူ့ခန္ဓာကိုယ်သည် လေထဲသို့ မြောက်တက်သွားက ခြေဖျားတဖက်က လူထွားကြီး၏မျက်နှာကို ဖြတ်ကန်လိုက်ပြန်သည်။

"ဝုန်း..."

ဟူသော အသံနှင့်အတူ လူထွားကြီးသည် မှတ်ဆိတ်အနား တွင် ပုံလျက်သား လဲကျသွားပြန်သည်။

စွမ်းရှိမင်းသည် ကျန်တယောက်ကို လှည့်ကြည့်လိုက်သည်။

သို့သော် အရိပ်အရောင်မျှ မတွေ့ရတော့ပေ။

စွမ်းရှိမင်းက ကျေနပ်စွာ ခေါင်းတချက်ညိတ်ရင်း ကေးမူ အနားသို့ သွားကာ ညင်သာစွာ ဖေးမ၍ တွဲခေါ်သွားလေတော့ သည်။

♣ ♠ ♣

မြင်းလှည်းက အလွန်သေးငယ်သော အိမ်ကလေးတလုံး ရှေ့တွင် ရပ်တန့်သွားသည်။

"ဒါ... မင်းရဲ့အိမ်လား"

ကေးမူက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်... အရင်က ကျွန်တော်တို့သုံးယောက် နေခဲ့ တဲ့ အိမ်ကလေးပဲပေါ့"

သူတို့သည် အိမ်ကလေးထဲသို့ ဝင်ရောက်ခဲ့ကြသည်။



"မင်းဆီမှာ ဆေးရှိသလား"

"ဟုတ်ကဲ့... ရှိပါတယ်"

ကေးမူသည် ဆေးဗူးအချို့ကို ယူလာသည်။

ထို့နောက် သူသည် ဆေးလုံးသုံးလေးလုံးကို ပါးစပ်ထဲသို့ ပစ်သွင်းလိုက်လေသည်။

စွမ်းရှိမင်းက လိမ်းဆေးများကို ဖြည်းညှင်းစွာ သုတ်လိမ်း ပေးလိုက်သည်။ သူ မနာကျင်စေရန် စွမ်းရှိမင်း ဂရုစိုက်သည်။

"ဆရာ့ စေတနာကို သိရတော့ ကျွန်တော်တို့ ကျူးလွန်မိတဲ့ အပြစ်တွေကို နောင်တရမိတယ် ဆရာရယ်"

"ဒါကတော့ အသေးအဖွဲ့ပါကွာ၊ ထပ်ပြောမနေပါနဲ့၊ မင်း တို့လည်း ငါ့ကို သတ်ချင်လို့ သတ်ရတာမှ မဟုတ်ဘဲ"

"ဒါတော့... ဒါပေါ့ ဆရာရယ်၊ ဒါပေမယ့်... ကျွန်တော်တို့ စဉ်းစားဖို့ သင့်ပါတယ်"

"ကဲပါ... ဒါတွေ မေ့ထားလိုက်ပါ၊ မင်းတတ်နိုင်ရင် ငါ့ကို အကူအညီတခုလောက် ပေးစမ်းပါ"

"ဘာလဲ... ဆရာပြောပါ"

"မင်းအနေနဲ့ ကြယ်သုံးလုံးတို့၊ စနေဂြိုဟ်တို့ဟာ ဘယ်သူ ဘယ်ဝါဆိုတာ သိမှာပေါ့နော်"

"ကျွန်တော် ကိုယ်ဖြောရဲပါတယ်၊ မသိတာ အမှန်ပါပဲဆရာ"

စွမ်းရှိမင်းအဖို့ မျှော်လင့်ချက် ကုန်ဆုံးရတော့သည်။

ဤဥပဒေမဲ့နယ်မြေတခုလုံး ကြယ်သုံးလုံးနှင့် စနေဂြိုဟ်တို့ ၏မျက်နှာကို မြင်ဖူးသူတယောက်မှ ရှိကြမည် မဟုတ်ပေ။

စွမ်းရှိမင်းသည် စိတ်ထဲတွင် အတော်ပင် မကျေမနပ် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"စနေဂြိုဟ် ဘယ်သူလဲဆိုတာ ငါသိပ်သိချင်တာပဲကွာ မင်း ကူညီနိုင်ရင် ကူညီပေးစမ်းပါ"

ကေးမှုသည် စွမ်းရီမင်းအား အထိတ်တလန့် မော့ကြည့်ပြီး ခေါင်းကို ခါယမ်းလျက် စိုးရိမ်တကြီး တားမြစ်လိုက်သည်။

"ဒီစကားမျိုးကို ဆရာ သတိထားပြီး ပြောပါ၊ ဘာဖြစ်လို့ လဲဆိုတော့ ဒီအပြင်က လူတွေဟာ တယောက်မှ စိတ်ချရတာ မ ဟုတ်ဘူး၊ စောစောက ကျွန်တော်တို့ စီးလာတဲ့ မြင်းလှည်းသမား ဟာကော စနေဂြိုဟ် မဟုတ်ဘူးလို့ ပြောနိုင်မလား"

"မင်းပြောတာ မှန်တယ်"

"ဆရာက ဘာလို့ ဒါလောက်တောင် သိချင်ရတာလဲ"

"အကြောင်းရှိလို့ပေါ့ကွာ၊ ဒါထက် ဒီမှာ အချုပ်စခန်းတွေ ဘာတွေ မရှိဘူးလားကွ"

"ရှိတော့ ရှိပါတယ်၊ ဒါပေမယ့် ဘယ်သူမှ အဲဒီကို ရောက်ဖို့ မလွယ်ဘူး"

စွမ်းရီမင်းမှာ အနည်းငယ် စိတ်ဝင်စားသွားလေသည်။

"ဟုတ်လား... ဘယ်မှာမို့လို့လဲ"

"ကျွန်တော် ရောက်တော့ မရောက်ဖူးပါဘူး၊ ဒါပေမယ့် ကြားမိတာကတော့ အဲဒီနေရာဟာ စနေဂြိုဟ်နေတဲ့ နေရာရဲ့ အ နောက်ဘက်မှာ ရှိနေတယ်လို့ သိရတယ်"

"အဲဒီကို ဘယ်သူမှ မသွားရဘူးလား"

"အဲဒီနေရာကို မဆိုထားနဲ့၊ စနေဂြိုဟ်ရဲ့ ဂေဟာကိုတောင် ကြယ်သုံးလုံးက လွဲပြီး ဘယ်သူမှ ဝင်လို့ရတာ မဟုတ်ဘူး"



"တော်တော်ခဲယဉ်းသလား"

"ခဲယဉ်းတာတော့ မပြောနဲ့တော့ ဆရာ၊ ဆရာ ဒီနယ်မြေ ကို လာတဲ့အခါ ပေနှစ်ရာကျော်ရှည်တဲ့ ချောက်ကြီးကို ကြိုးပုခက်နဲ့ ကူးရတာထက်တောင် ပိုပြီး ခက်ခဲပါတယ်၊ ဒီနေရာဟာ မင်းနေပြည် တော်ထက် အချုပ်အချယ်များပါတယ်"

စွမ်းရီမင်းမှာ အံ့သြသွားသည်။

"ဟ ဒါဆိုရင် တို့အခုနေတဲ့ နေရာဟာ ကျွန်းတခုလို သီး ခြားသက်သက် ဖြစ်နေတာပေါ့ ဟုတ်လား"

"ဟုတ်တယ်"

စွမ်းရီမင်းသည် သက်ပြင်းတချက်ကို ရှည်လျားစွာ ချလိုက် မိလေတော့သည်။

ကေးမှုသည် စွမ်းရီမင်း၏မျက်နှာကို သေချာစွာ စူးစိုက် ကြည့်လိုက်သည်။

"ဆရာ..."

"အင်း... ပြောပါ"

"ဆရာဟာ ဘုရင့်ကပ်က သူလျှိုတယောက်များ ဖြစ်နေသ လား"

စွမ်းရီမင်းက ကေးမှုကို ပြုံး၍ ပြန်ကြည့်လိုက်၏။

"မင်းက ဘယ်လိုထင်လို့လဲ"

"ကျွန်တော့် စိတ်ထဲမှာ ဒီကို ရောက်နေတဲ့ ရာဇဝင်လူဆိုး တွေကိုလဲ ဖမ်းဆီးရင်း အဖမ်းခံထားရတဲ့ ဘုရင့်ရဲမက်တွေကိုလည်း ဘယ်တင်ရင်း ရောက်လာတာလို့ ထင်နေမိတယ်"

"မင်း... ငါပြောရင် ယုံမလား"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဟာ လိမ်ညာပြောတတ်မယ့်သူတော့ မဟုတ်ပါဘူး"

စွမ်းရီမင်းက သဘောကျစွာဖြင့် ရယ်မောလိုက်လေသည်။

"**လူတွေဟာ နေရာတကာတိုင်း** အမှန်တွေချည်းပဲ ပြောနေမယ်လို့ **မင်းမယုံနဲ့ကွ**"

"**ဟုတ်တော့ ဟုတ်ပါတယ် ဆရာ**၊ ဒါပေမယ့် ဆရာ့ကိုတော့ ကျွန်တော် ယုံပါတယ်"

"ငါ့စကားကိုလည်း မင်းအရမ်းမယုံပါနဲ့"

"ဗျာ..."

"အေး... ငါအနေနဲ့လဲ ဟုတ်သည့်တိုင်အောင် မဟုတ်ဘူးလို့ ညာရမှာပဲ၊ မဟုတ်ဘဲနဲ့လဲ ဟုတ်တယ်လို့ အခြေအနေအရ ပြောသင့်ရင် ပြောရလိမ့်မယ်ကွ"

ကေးမှုမှာ ပါးစပ်ပိတ်သွားတော့သည်။

စွမ်းရီမင်း ပြောသည်မှာ သဘာဝကျလှပေသည်။

မလိမ်တတ် မညာတတ်သော ပုဂ္ဂိုလ်များသည် ဤနယ်မြေသို့ ရောက်လာစရာအကြောင်း မရှိပါပေ။

ဤနယ်မြေကြီးက အကွေ့အကောက် အရှုပ်အထွေး များလှသော နယ်မြေတခု မဟုတ်ပါလား။ စွမ်းရီမင်းက...

"မင်းက ဒီမှာဖမ်းထားတဲ့ ဘုရင့်ရဲမက်သုံးယောက်ကိုကော မြင်ဖူးလိုက်သလား၊ ဘယ်သူတွေလဲ"

"နှစ်ယောက်ကိုတော့ ကျွန်တော် မသိဘူးဆရာ၊ တယောက်ကတော့ ကွေးလင်မြို့က တပ်မှူးလေးချွန်ကီပါပဲ"

"သူတို့လည်း မင်းပြောတဲ့ အကျဉ်းစခန်းမှာပဲ ရှိနေမှာပေါ့



ဟုတ်လား"

"ဟုတ်တယ် သူတို့ကို သမားတော်ကြီးကျုံလျှန်က ဆေးတိုက်လွှတ်လိုက်တာကို ကျွန်တော် သိရတယ်"

"ဒါဖြင့်... မျက်မမြင်မိန်းကလေးတဦးကို ဆေးတိုက်လွှတ်လိုက်တာကော သိသလား"

ကေးမှုက စဉ်းစားရင်းမှ ခေါင်းယမ်းပြလိုက်လေသည်။

"အဲဒါတော့ ကျွန်တော်လည်း မသိဘူး ဆရာရယ်"

"မင်းတို့တွေဟာ မျက်စိကန်းပြီး နားပင်းနေကြတာပဲ"

"ဒီအတိုင်းပါပဲ ဆရာရယ်"

စွမ်းရီမင်းက ပြုံးလိုက်ပြီး...

"တနေ့ မျက်စိပွင့်ပြီး နားကြားလာရမှာပေါ့ကွာ"

ထိုစကားကြောင့် ကေးမှုမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

ထိုစဉ်မှာပင် စွမ်းရီမင်းသည် ကေးမှုနေအိမ်မှ နှုတ်မဆက်ဘဲ ထွက်ခွာသွားလေ**တော့သည်**။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၉)

## အဖြစ်မှန်

စွမ်းရီမင်း ထွက်သွား၍ မကြာမီမှာပင် သစ်လွင်တောက်ပသော မြင်းလှည်းတစီးက အိမ်ရှေ့တွင် လာရပ်သဖြင့် ကေးမူမှာ မျက်နှာကွက်ကနဲ ပျက်သွားသည်။

အဘယ်ကြောင့်ဆိုသော် ထိုမြင်းလှည်းသည် ဒုတိယကြယ်၏မြင်းလှည်း ဖြစ်နေသောကြောင့်တည်း။

ဒုတိယကြယ်သည် အကြောင်းတစုံတရာ မရှိဘဲ မိမိအိမ်ရှေ့သို့ ရောက်လာမည် မဟုတ်သကဲ့သို့ စွမ်းရီမင်းကိုလည်း လိုလားခြင်းမရှိပေ။

သူသည် စွမ်းရီမင်းအား လက်ခံစကား ပြောမိသည့်အတွက် တစုံတရာ အပြစ်ပေးတော့မည်ဟု ထင်မိလိုက်သည်။

သူက အပြေးအလွှားပင် မြင်းလှည်းဆီသို့ ထွက်လာခဲ့၏။

မြင်းလှည်းအတွင်းမှ လှပခန့်ညားသည့် ဝတ်စုံကို ဝတ်ဆင်ပြီး မျက်နှာဖုံးကို စွပ်ထားသော ဒုတိယကြယ်သည် ကေးမူအား ကြည့်လိုက်သည်။

"ဘာလဲဟေ့… မင်းဒဏ်ရာတွေက စွမ်းရီမင်း လက်ချက်ကြောင့် မဟုတ်လား"



ကေးမူမှာ သူထင်ထားသည်နှင့် တခြားစီ ဖြစ်သွားသဖြင့် ရင်ထဲမှ အလုံးကြီးတခုက ကျသွားသည်။

သူကလည်း ရောယောင်၍ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်… ဟုတ်ပါတယ်ဆရာ၊ ဒီကောင် တော်တော် ရက်စက်တယ်…"

"အေး… မင်း သူ့ကို ကြပ်ကြပ် သတိထားပါ"

"ဟုတ်ကဲ့"

"ဒါပေမယ့် မင်းနဲ့ သူနဲ့အတူ စားပြသွားတိုက်ရမယ်"

"ဟုတ်ကဲ့"

"သူ့ရဲ့အခြေအနေ အားလုံးကို မင်းအကဲခတ် ကြည့်ရှုရမယ်"

"ဟုတ်ကဲ့"

"အကယ်၍ သူဟာ မရိုးမသားတဲ့ လူတယောက်ဆိုရင် မင်း အခွင့်အခါသင့်တာနဲ့ လမ်းတဝက်မှာတင် ရှင်းပစ်လိုက် ကြားလား၊ မင်းကို သူကလူယုံအဖြစ် ထားရမှာ…"

"စိတ်ချပါ ဆရာကြီး"

သူ၏စကားဆုံးသည်နှင့် မြင်းလှည်းတခါးသည် ပိတ်သွားပြီး ဆက်လက် ထွက်ခွာသွားတော့သည်။

ကေးမူ ပြုံးလိုက်လေသည်။

သူ၏အပြုံးက…

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



မိုးတွင်းပင် ဖြစ်သော်လည်း ကောင်းကင်ပြာတခုလုံးသည် မြူတိမ်များကင်းရှင်း၍ လှချင်တိုင်း လှပနေသည်။

ပြည့်ပြည့်ဝန်းဝန်း လမင်းကြီးသည် မိုးကောင်းကင်၏အလှကို တန်ဆာဆင်ထားရုံမက လောကမှာသားတို့အတွက်လည်း အေးမြကြည်လင်သော အလင်းရောင်ကို ပေးလျက် ရှိနေသည်။

လွှန်းလင်းတောက်ပသော လရောင်သည် ပြတင်းပေါက်မှတဆင့် အိပ်ခန်းအတွင်းသို့ ထိုးကျနေပေသည်။ ထို့ကြောင့်...

အိပ်ခန်းတွင်းရှိ ခုတင်တလုံးပေါ်မှ ကြည်နူးနေကြသော ချစ်သူနှစ်ဦးအား ကောင်းစွာ တွေ့မြင်ရလေသည်။

သူတို့နှစ်ဦး၏ အသက်ရှူသံများက တယောက်နှင့်တယောက် အတိုင်းသား ကြားနေရသည်။

ယခုအခါ သူတို့**နှစ်ဦးမှာ လောက**ကြီးတခုလုံး မေ့ထားကြပြီ ဖြစ်သည်။

ကမ္ဘာမြေကြီးတခုလုံး **ကွဲအက်၍** သွားသည့်တိုင်အောင် သူတို့နှစ်ဦး အပ်ထားသည့်ရင်ချင်းမှာ **ကွာသွား**ကြမည် မဟုတ်ဟုပင် ထင်မှတ်ရသည်။

ထို့ကြောင့်လည်း လမင်းကြီးအား တိမ်များက ရုတ်တရက် ဖုံးအုပ်သွားသည်ကိုပင် မသိလိုက်ကြခြင်း ဖြစ်သည်။

အမှန်တွင် ပြည့်ဝန်းသော လပြည့်ဝန်းကြီးက ရှက်လွန်း၍ သူ၏မျက်နှာကို ကွယ်ဝှက်လိုက်ခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်ပေသည်။

အတော်ကလေးကြာမှ ဖိုးလမင်းကြီးက မျက်နှာကို ပြန်ဖွင့်လိုက်သောအခါ ချစ်သူနှစ်ဦးလည်း စားသောက်ဖွယ်ရာများကို ထိုင်



၍ စားသောက်နေကြပြီ ဖြစ်လေသည်။

"အစ်ကို"

မိန်းကလေး၏ ခေါ်လိုက်သောအသံမှာ ဆွဲဆောင်မှုအပြည့်အဝ **ရှိသည်။**

**"ပြောလေ... ချိုလင်းစု"**

**"ကျွန်မ... အစ်ကို့**ကို လုံးဝ မခွဲနိုင်တော့ဘူး အစ်ကိုရယ်"

**"အစ်ကိုလည်း** ဒီအတိုင်းပါပဲလေ၊ မလွှဲသာလို့သာ သွားရပေမယ့် အစ်ကို ဘယ်သွားချင်ပါ့မလဲကွယ်"

သူမသည် ဘဲဥတလုံးကို စွမ်းရီမင်း၏ ပါးစပ်ထဲသို့ ခွံ့ပေးလိုက်လေသည်။

"အစ်ကို စားပြတိုက်လို့မရယင်လဲ ပြန်**ဖြစ်**အောင် ပြန်ခဲ့ပါအစ်ကိုရယ် ကျွန်မကြွဖန်ပြီး ရှင်းပါ့မယ်"

စွမ်းရီမင်းသည် ချိုလင်းစု၏ မျက်နှာလေးအား ငေးမောကြည့်နေမိသည်။

**မိန်းကလေးများသည် အ**ချစ်နှင့်ပတ်သက်လာလျှင် သတ္တိရှိလာတတ်**ကြသည် ဆိုသောစကားကို** သူကယုံကြည်လက်ခံလိုက်သည်။

"အခုလို အားပေးတာ အစ်ကိုဝမ်းသာပါတယ်ကွာ"

"အစ်ကို့အတွက်ဆိုယင် ကျွန်မ ဘာမဆို ရင်ဆိုင်ပါ့မယ် အစ်ကို"

"ဒီလိုကျဉ်းမြောင်းပြီး ရှုပ်ထွေးလှတဲ့ ဒုစရိုက်နယ်မြေက လွတ်ကင်းရအောင် အစ်ကိုကြိုးစားပါဒုံးမယ်"

သူမက ဝမ်းသာကြည်နူးစွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့ကို တခုကူညီပါလား ချိုလင်းစုရယ်"

"ဘာလဲဟင်"

"ဒီနယ်မြေထဲကို ရောက်နေတဲ့ မျက်မမြင်အမျိုးသမီးလေးကိုဒုက္ခမရောက်အောင် ကယ်ဆယ်ချင်တယ် ညီမရယ်"

"သူက ဘယ်နေရာမှာ ရှိနေတယ်လို့ အစ်ကိုကြားခဲ့သလဲ"

"စနေဂြိုဟ်နေတဲ့ အနောက်ဘက်မှာအကျဉ်းစခန်းရှိတယ်"

"အဲဒီမှာရောက်နေတယ်ဆိုတာ သေချာလို့လား"

"အဲဒီလိုတော့ ကြားခဲ့တာပဲ"

သူမသည် စွမ်းရိမင်းကို စေ့စေ့ကလေးပြန်၍ကြည့်နေယင်း

"သူက အစ်ကိုနဲ့သိပ်ရင်းနှီးသလားဟင်"

စွမ်းရိမင်းသည် သက်ပြင်းတချက်ကို မှုင်းမှုင်းကလေးချလိုက်ပြီး....

"သူဟာ အစ်ကို့ကျေးဇူးရှင်တယောက်ပဲ ညီမ၊ နောက်ပြီး သူ့အဖေလဲ ဒီစခန်းမှာ အဖမ်းခံထားရတယ်"

သူမကလည်း သက်ပြင်းတချက်ကို ရင်လေးစွာချလိုက်၏။

သူ့အဖေဟု ကြားလိုက်သဖြင့် စွမ်းရိမင်းအတွက် စိတ်ပူလျော့နည်းသွားသည်။

"လွယ်တော့မလွယ်လှဘူး အစ်ကို၊ သူတို့သာ သိသွားယင် ကျွန်မလဲသက်သာမှာ မဟုတ်ဘူး၊ ဒါပေမယ့် အစ်ကိုမရှိတုန်း ကျွန်မ ကြိုးစားထားပေးပါ့မယ်"

"သိပ်ပြီးခဲယဉ်းမယ်ဆိုယင်တော့ နေပါစေညီမရယ်"

"ကျွန်မ ကြိုးစားပါ့မယ် အစ်ကို"

စွမ်းရိမင်းသည် သူမ၏ပခုံးကလေးကို ညင်သာစွာလှမ်း



ဖက်လိုက်ပြန်သည်။

ထိုအခါ တိမ်တိုက်တခုက လမင်းကြီးကို ပြန်လည်ဖုံးအုပ်သွားပြန်သည်။

♣ ♣ ♣

အကျဉ်းစခန်း သို့မဟုတ် အလုပ်စခန်းတခုပင် ဖြစ်သည်။

ကျယ်ပြန့်သော အကျဉ်းစခန်းကြီးတခုဆိုပါက ပို၍မှန်ကန်ပေမည်။ အကြောင်းမှာ...

သီးနှံစုံစိုက်ပျိုးသော စိုက်ခင်းများကလည်း တမျှော်တခေါ်ရှိလေသည်။ ထို့ပြင် ကျွဲ၊ နွားများ မွေးမြူရေး။

ဆိတ်၊ ကြက်၊ ဝက်များကိုလည်း ထောင်ပေါင်းမြောက်များစွာမွေးမြူထားသည်။

ဉပဒေမဲ့နယ်မြေတခုလုံး စားသောက်ရန်အတွက် ဤနေရာမှ အစားအစာမျိုးစုံ ထုတ်လုပ်ပေးနေခြင်းဖြစ်သည်။

ထိုလုပ်ငန်းကို **မိန်းကလေး**မြောက်များစွာနှင့် ယောကျ်ားများပါ လုပ်ကိုင်နေရခြင်း**ဖြစ်သည်**။

ထိုယောကျ်ားနှင့် **မိန်းမများသည်** စက်ရုပ်များပမာ လှုပ်ရှားနေကြ၏။

နံနက်မိုးလင်းသည်နှင့် နွားနို့ညှစ်သူက ညှစ်ရသည်။

နွားစာကျွေးသူက ကျွေးရသည်။

အချို့က တိရစ္ဆာန်များကို သူ့အုပ်စုနှင့်သူ ထိန်းသိမ်းစောင့်ရှောက်၍ လုပ်ကိုင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့က စိုက်ပင်ပျိုးပင်များအား ရေလောင်းပေါင်းသင်ရသည်။ တချို့က ခွတ်ခူးရသည့်အပင်များကို ခွတ်ခူးကာ သတ်မှတ်ထားသောနေရာသို့ ပို့ဆောင်ပေးရသည်။

အလုပ်သမားများသည် သတ်မှတ်ထားသောအချိန်တွင် အလုပ်များကို မနိုမကပ်လုပ်ကိုင်နေရသည်။

အကယ်၍ နိုကပ်နေပါက ကျာပွတ်တချောင်းက ကျောပြင်သို့ 'ရှမ်း'ကနဲနေအောင် ကျရောက်သည်။

လူအားလုံး မည်သူမျှ မအားလပ်ကြပေ။

ထိုကျာပွတ်ရှင်ကား အကျဉ်းစခန်း၏ ကြီးကြပ်ရေးမှူးကြီး 'ဝမ်ပိ'ပင်ဖြစ်တော့သည်။

လူပေါင်းနှစ်ရာနီးပါးသည် တယောက်မှ ဝမ်ပိအားမော်မကြည့်ရဲပေ။ ဝမ်ပိ၏ကျာပွတ်သည် ဆူးပင်ကြီးတခုနှင့် တူလှသည်။

သူသည် မည်သူတဦးတယောက်၏ မျက်နှာကိုမျှထောက်ထားတတ်သည့် လူစားမျိုးမဟုတ်ပေ။

ပြီးလျှင် ယောကျ်ားမိန်းမဟူ၍လည်း ခွဲခြားမနေပေ။

အလုပ်မလုပ်ဘဲ နိုကပ်နေသူများ၏ ကျောပြင်ဆီသို့ သူ၏ကျာပွတ်များက အညှာအတာကင်းမဲ့စွာ ကျရောက်လာတတ်သည်။

အကယ်၍ တဦးတယောက်က မခံချင်၍ သူ့အားပြန်လည်ခုခံမည်ဆိုလျှင်၊ သူ၏ကျာပွတ်သုံးချက်မျှ ဆက်လက်၍ရိုက်ချခဲ့ပါလျှင် ထိုနေရာ၌ ပွဲချင်းပြီး ဖြစ်သွားနိုင်တော့သည်။

ဤကဲ့သို့ အုပ်ချုပ်နိုင်ရန် သူ့အား အာဏာလွှဲအပ်ထားသူမှာ အကျဉ်းစခန်းတခုလုံးအား အုပ်ချုပ်ထားရသည့် 'ယမမင်းထန်စီး'ပင်ဖြစ်တော့သည်။



ယမမင်းထန်စီးက ဝမ်ပိထက်ပို၍ ရက်စက်သူဖြစ်သည်။

အထူးသဖြင့် ကြွယ်သုံးလုံးသည် တဦးတယောက်အား သတ်စေလိုပါက ယမမင်းထန်စီးကိုသာ တာဝန်ပေးသည်။

မကြာမီ ထိုလူသည် နက်ရှိုင်းသော ချောက်ကမ်းပါးထဲသို့ ကျရောက်သွားရတော့သည်။ ထို့ကြောင့်...

စခန်းထဲမှလူများသည် ကျားဆယ်ကောင် ဝင်လာပါက လုံးဝမှုမည်မဟုတ်သော်လည်း ယမမင်းထန်စီးနှင့် ဝမ်ပိဟု အသံကြားလိုက်လျှင် ဖိန့်ဖိန့်တုန်သွားကြရသည်။

မိန်းကလေးတဦးသည် နက်ရှိုင်းသောတွင်းထဲမှ မောင်းတက်ကြီးတခုနှင့် ရေခပ်နေရသည်။

သူမသည် နံနက်စာစားပြီးကတည်းက ညနေသို့တိုင်အောင် ရေကို မောင်းထက်ဖြင့်ငင်၍ သစ်သားစည်ကြီးတခုထဲသို့ ထည့်နေရသည်။

သို့သော် ထိုသစ်သားစည်ကြီးမှာ ပြည့်နိုင်သည်ဟူ၍မရှိပေ။ အဘယ်ကြောင့်ဆိုသော် သူမခပ်သမျှ ရေများကို ကျွန်သောအမျိုးသမီးသုံးလေးဦးက လာရောက်ထမ်းယူ၍ သစ်ပင်များ ရေလောင်းနေခြင်းကြောင့် ဖြစ်ပေသည်။

သူမသည် အလွန်ပင်ပန်းနေသည်။ မိုးရွာသွန်းမှသာလျှင် သူမသည် ရေခပ်ခြင်းမှ အနားရလေသည်။

သို့သော် လုံးဝအနားရသွားခြင်း မဟုတ်ဘဲ၊ ဘဲကျောင်းရသော အလုပ်က ရှိနေသေးသည်။

ဤနေရာ၌ မည်သူမျှ အငြိမ်မနေရပေ။

တခုပြီးတခု လုပ်နေရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ မိုးလေးငါးရက်မျှ မရွာရုံမျှနှင့် စိုက်ပျိုးပင်များ သေသွားမည် မဟုတ်သော်လည်း အလုပ်မရှိ အလုပ်ရှာပြီး ရေလောင်းနိုင်းနေခြင်း ဖြစ်လေသည်။

နွေဘက်သာဆိုလျှင် မည်မျှအထိ ရေခပ်ရမည်ကို သူမစဉ်းစားဝံ့တော့ပေ။

သူမသည် ရေများကို အဆက်မပြတ် ခပ်နေရင်းမှ လက်မောင်းများက ညောင်းညာကိုက်ခဲ့လာသဖြင့် ခဏကလေး နားလိုက်လေသည်။

ယင်းသို့ နားလိုက်မိသည်နှင့် ခပ်ရာမ်းလှမ်းမှ ပြေးလာသည့် ခြေသံကို ကြားလိုက်မိလေသည်။

သူမသည် ထိုခြေသံကို လှည့်မကြည့်ဘဲနှင့် သိရှိနေပြီ ဖြစ်လေသည်။ ထိုခြေသံကား အခြားသူ မဟုတ်ပေ။

ဝမ်ပိမှလွဲ၍ အခြားသူ မဖြစ်နိုင်ပေ။

ထို့ပြင်လည်း သူမက လှည့်ကြည့်သည့်တိုင်အောင် ထိုသူကို မြင်နိုင်စွမ်း မရှိပေ။

အဘယ်ကြောင့်ဆိုသော် သူမ၏မျက်စိအစုံသည် လုံးဝမမြင်နိုင်စွမ်းသော မျက်ကန်းမလေးတဦး ဖြစ်နေသောကြောင့်ပါတည်း။ မျက်မမြင်မလေး၏ဘဝကား ဆိုးဝါးလှချေတကား။

ဝမ်ပိသည် အမြဲတမ်း အဖြူရောင်ဝတ်စုံကို ဝတ်ဆင်၍ မျက်နှာဖုံးကိုလည်း အဖြူရောင်ကြီး စွပ်ထားသည်။ ထို့ကြောင့်...

သူ၏မျက်နှာကို မည်သူ တဦးတယောက်မှလည်း မမြင်ဘူးကြပါချေ။

သူသည် ရေခပ်နေသော မိန်းကလေးအနီးသို့ ခြေလှမ်းကဲ့ကြီးများဖြင့် လျှောက်လာပြီး ရပ်တန့်လိုက်သည်။



ထို့နောက် သူသည် ခါးတွင် ချိတ်ထားသော ကျာပွတ်ကို ဆွဲဖြုတ်လိုက်လေသည်။ ထိုစဉ်...

မိန်းကလေးတဦးက အမြန်ဆုံး ပြေးလာ၍ ဝမ်ပိအား အနူးအညွတ် တောင်းပန်လိုက်သည်။

"ဆရာကြီးဝမ်ပိ၊ သူ့ကို မရိုက်ပါနဲ့ရှင်၊ ရိုက်ချင်ရင် ကျွန်မကို ရိုက်ပါ၊ သူနည်းနည်း နားတာကလည်း **နေထိုင်မကောင်းလို့**ပါရှင်"

ဝမ်ပိသည် သူ့အား တောင်းပန်သည့် မိန်းကလေးကို မျက်မှောင်ကုပ်ကြည့်လိုက်လေသည်။

"နင်က သူနဲ့ တခန်းထဲနေတာလား"

"ဟုတ်ပါတယ်"

"အင်း... နေထိုင်မကောင်းရင် ငါ့ကို ကြိုတင်ပြီးပြော၊ ငါ ဆေးဝါးတိုက်မှာပေ့ါ"

"ဟုတ်ကဲ့... နောက်ကို ပြောပါ့မယ်ရှင်"

ထိုအခါမှ မျက်မမြင်မကလေးမှာ ကြောက်ရွံ့တုန်ယင်နေရာမှ သက်ပြင်းကလေးတချက်ကို ချလိုက်နိုင်ပေသည်။

ထိုအခိုက်မှာပင်ကျယ်လောင်သော ခေါင်းလောင်းသံကြီးသည် တနေရာမှ ပေါ်ထွက်လာလေသည်။

ယင်းခေါင်းလောင်းသံကား လွန်စွာမှ မင်္ဂလာရှိလှသော အလုပ်သိမ်းသည့် ခေါင်းလောင်းသံပင် ဖြစ်တော့သည်။

ထိုစခန်းကြီးတွင် အမျိုးသမီးများအတွက် တန်းများကြီးတခုနှင့် အမျိုးသားများအတွက် တန်းလျားဟူ၍ ခွဲခြားထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်... သံဆူးကြိုးများက ကာဆီးထား၏။

ထိုသံဆူးကြိုးများသည် ထိုနေရာတွင်သာမက ကျယ်ပြန့်သော အခန်းကြီးတခုလုံးကို ရစ်ပတ်ကာရံထားသည်။

ယင်းသံဆူးကြိုးများ၏တဘက်တွင် ခွေးဆိုးကြီးများကို မွေးထား၏။

တဦးတယောက်သည် သံဆူးကြိုးဝင်းအတွင်းမှ ထွက်ပြေးမည်ဆိုပါက ထိုခွေးကြီးများကို ဦးစွာ ရင်ဆိုင်ရမည် ဖြစ်၏။

ထိုအခါ အစောင့်များ သိရှိသွားပြီး ထိုလူသည် ယမမင်းထန်စီး၏လက်ချက်ဖြင့် ချောက်ကမ်းပါးသို့ ကျသွားမည်သာ။

အကယ်၍ ခွေးဆိုးများရန်က ကင်းလွတ်သည့်တိုင်အောင်လည်း နောက်ထပ်ကာရံထားသည့် သံဆူးကြိုးများကို ရင်ဆိုင်ရဦးမည် ဖြစ်သည်။

ဤမျှ ခက်ခဲလှသော အဆောက်အအုံအတွင်းမှ မည်သူတဦးတယောက်မှ ထွက်ပြေးရန် စိတ်မကူးဝံ့ကြပေ။

အဆောက်အအုံကြီး၏ အခန်းတခန်းတွင် နှစ်ဦးကျစီ နေထိုင်ကြရသည်။

ဝေယံချင်းသူမသည် ယခင်ကပင် တဦးတယောက်အပေါ် အလွန်ကြင်နာတတ်သော မိန်းကလေးတဦး ဖြစ်၏။

ဘယ်အရာမဆို သူမကသာ အနစ်နာခံချင်သောဆန္ဒ ရှိပေသည်။

ထို့ကြောင့်လည်း သူမသည် မျက်မမြင်မလေးအား ဝမ်ဝိက ရိုက်မည့်ဆဲဆဲမှ နေထိုင်မကောင်း၍ပါဟု ညာပြောပြီး၊ သူမက ဝင်၍ အရိုက်ခံပါရစေဟု တောင်းပန်လိုက်ခြင်း ဖြစ်သည်။



ဝမ်ဝိသည် စိတ်ကောင်းဝင်၍ပဲလား သို့မဟုတ် အလုပ်လွှတ်ကာနီး၍ပေလားတော့ မပြောတတ်။

ယခုတကြိမ် လျှော့လျှော့ပေါ့ပေါ့ အပြစ်မှ ခွင့်လွှတ်လိုက်သည်။

"ဝေယံချင်းရယ်၊ ကျွန်မကို ရိုက်ပြီပဲ ထင်မိလိုက်တာ"

ဝေယံချင်းက မျက်မမြင်မလေးအား ကြည့်၍ ကရုဏာသက်စွာဖြင့် ပြောလိုက်လေ၏။

"အို... ဘာလို့ ရိုက်ရမှာလဲ၊ ဒီလောက် ဒုက္ခရောက်နေတဲ့ လူတယောက်ကို ထပ်ပြီး ဒုက္ခပေးအုံးမယ်ဆိုတာတော့ ကျွန်မလည်း ဘယ်စိတ်ကောင်းပါ့မလဲ"

"ကျွန်မ ဝေယံချင်းကို သိပ်ကျေးဇူးတင်တာပဲရှင်"

သူမသည် ယင်းသို့ ပြောပြီးသည်နှင့် မျက်နှာမှာ သိသိသာသာ ညိုးငယ်သွားပေသည်။ သူမ၏စိတ်သည် တနေရာသို့ လွင့်ပျံ့နေသည်။ ထို့နောက် တိုးတိုးကလေး ရေရွတ်မိလေသည်။

"အစ်ကိုစွမ်းရီမင်းရယ် ညီမအဖြစ်ကို ကြည့်လှည့်ပါအုံး"

သူမရေရွတ်သံကို ဝေယံချင်း မကြားပါ။

သို့သော်... သူမ စိတ်မကောင်း ဖြစ်နေသည်ကိုတော့ ဝေယံချင်း သိသည်။

"ပိုကျူ..."

"ရှင်..."

"ဘာတွေ ဝမ်းနည်းနေတာလဲ သူငယ်ချင်းရယ်"

ဝေယံချင်းက ယခုကဲ့သို့ မေးလိုက်ပါမှ သူမသည် ပို၍ ဝမ်းနည်းလာသည်ဟု ခံစားမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မ မှားသွားတယ် ဝေယံချင်းရယ်”

“ဘာမှားသွားတာလဲ ဟင်”

“ကျွန်မ သည်အဖြစ်မျိုးနဲ့သာ ရင်ဆိုင်ရမယ်ဆိုရင် သင်းတို့ကို တိုက်ခိုက်ရပါတယ်၊ ဒီလိုကောင်မျိုး ဆယ်ယောက်တောင်ကို သေမင်းပြည်ကို အပါ ခေါ်သွားနိုင်တယ်”

ဝေယံချင်းသည် မျက်မမြင်မလေးပိုကျူးအား အသေအချာ စူးစိုက်ကြည့်လိုက်လေသည်။

“ရှင်သိုင်းပညာ တော်တော်ပဲ တတ်ကျွမ်းသလား ပိုကျူး”

ပိုကျူးက ခေါင်းညိတ်ပြလိုက်သည်။

“ကျွန်မ ဒီက လူတွေကို မကြောက်ပါဘူး၊ အဲဒီ ဘာမှန်းမသိတဲ့ ဆေးတခွက်ကို သောက်လိုက်မိကထည်းက ကျွန်မ အကြောအချဉ်တွေ တုံ့ဆိုင်းသွားတာကို ဘယ်လိုမှ စဉ်းစားလို့ မရတော့ဘူး”

“ကျွန်မကိုတော့ အဲဒီဆေး ဘာလို့ မတိုက်သလဲ မသိဘူး”

“ရှင် သိုင်းပညာတတ်သလား”

“ဟင့်အင်း... မတတ်ဘူး”

“သူတို့က ဒီဆေးကို တိုက်တာက သိုင်းပညာတတ်တဲ့လူတွေကို ဖျက်ဆီးချင်လို့ပဲ၊ ဒီဆေးသောက်တဲ့လူဟာ သူ့သိုင်းပညာကို ထုတ်လို့ မရတော့ဘူး”

“ဩော်...”

“အင်း... သူလည်း ဒီလိုပဲ ခံစားနေရမလားဘဲ”

ပိုကျူးက ထိုကဲ့သို့ ညည်းညူခံစားလိုက်ပေရာ၊ ဝေယံချင်းသည် နားမလည်နိုင်အောင် ဖြစ်သွားပြီး သူမ၏မျက်နှာကလေးကို လှမ်းကြည့်လိုက်သည်။



“ခုန ရှင်ဘာပြောတာလဲ ပိုကျူး”

“ဩော်... ကျွန်မမိတ်ဆွေတယောက်နဲ့ အတူလာတာပါ၊ သူလည်း ဒီလိုပဲ ခံစားနေရမလားလို့ပါ”

“မဟုတ်မှလွဲရော... ရှင့်မိတ်ဆွေဟာ ယောကျ်ားတဦးပဲ ဖြစ်ရမယ်”

ပိုကျူးသည် ယွဲ့ယွဲ့ကလေးပြုံး၍ ခေါင်းငုံ့ထားလိုက်မိလေ၏။ အတန်ကြာမှ သူက ဝေယံချင်းအား...

“ဝေယံချင်း...”

“ဟင် ပြောလေ ပိုကျူး”

“ရှင် ယောကျ်ားတယောက်ကို နှစ်နှစ်ကာကာ ချစ်ဖူးသလားဟင်”

ဝေယံချင်းသည် မိန်းမသားချင်းချင်းမို့ ပွင့်ပွင့်လင်းလင်းပင် ဝန်ခံလိုက်သည်။

“ကျွန်မ လူတယောက်ကို အတော် စွဲစွဲလမ်းလမ်း ချစ်မိတာပေါ့ရှင်”

ပိုကျူးက သူမနားတိုးလိုက်ပြီး...

“တယ်ဟုတ်ပါလား၊ ပြောပြပါအုံး သူငယ်ချင်းရယ်”

“ဒါပေမယ့်... တသက်လုံး သူ့မျက်နှာ ကိုယ်ပြန်မကြည့်ရဲတော့ပါဘူးကွာ”

“ဟင်... မင်းဥစ္စာကလည်း ပြောတောင် မပြောရသေးဘူး ကွဲသွားတာက အရင်ပါပဲလားကွ”

“အေး... ကျွန်မဇာတ်လမ်းကိုက ဒီအတိုင်းပဲ စခဲ့တာပါရှင့်”

“ပြောစမ်းပါအုံး ဘယ်လိုဘယ်လို ဖြစ်သွားရတယ်ဆိုတာ”

www.burmeseclassic.com

www.burmeseclassic.com



ဝေယံချင်းသည် သက်ပြင်းတချက်ကို ချလိုက်လေသည်။

ပြီးမှ သူမသည် သူမ၏အကြောင်းကို အေးဆေးတည်ငြိမ်စွာဖြင့် ပြောပြနေမိတော့သည်။

"ကျွန်မမှာ အစ်ကိုတယောက် ရှိတယ်၊ အဲဒီ အစ်ကိုက..."

ပိုကျူက တချက်ပြုံးလိုက်ပြီး...

"ဒုက္ခပါပဲ၊ ရှင့်ရည်းစားအကြောင်း ပြောပြဆိုမှ အစ်ကိုက ဘယ်ကပါလာပြန်တာလဲ"

"အို... ဇာတ်လမ်းက အဲဒီလို စမှရမှာ"

"ကဲ... ပြောပြော"

"ကျွန်မအစ်ကိုဟာ ကျွန်မကိုချစ်သလို၊ ကျွန်မကလည်း သိပ်ချစ်တာ၊ ဒါပေမယ့်... ကျွန်မရဲ့အစ်ကိုဟာ တနေ့တော့ လောင်းကစားဝိုင်းတခုမှာ ငွေအကြီးအကျယ် ရှုံးပြီး ကြံမိကြံရာနဲ့ ဓားပြတိုက်ပါလေရော၊ သူကြံမိကြံရာကြံတာပါ..."

ပိုကျူက စိတ်မကောင်းဟန်ဖြင့်...

"အို... ဖြစ်မှဖြစ်ရလေရှင်"

"အဲဒီလို ဓားပြတိုက်တော့ သူမှန်းလဲသိရော ရဲမက်တွေက လိုက်ဖမ်းဆီးတာပေါ့၊ အဲဒီအခါမှာ ပစ္စည်းမရတဲ့အပြင် ဝရမ်းပြေးဖြစ်ပြီး ဒီနယ်မြေကို ရောက်လာခဲ့တယ်"

ပိုကျူက အံ့အားသင့်ဟန်ကလေးဖြင့်...

"ဟင်... ဒါဆို ရှင့်ရဲ့အစ်ကို ဒီမှာ ရှိတာပေါ့ ဟုတ်လား"

"ရှိပါတယ်၊ ကျွန်မစကားကိုလည်း ဆုံးအောင် နားထောင်ပါအုံး"

"အင်း... အင်း"



ဝေယံချင်းက ဆက်၍ ရှင်းပြပြန်သည်။

"သူဒီနယ်မြေကို ရောက်လာပြန်တော့လဲ ကြယ်သုံးလုံးက ဒီမှာ နေထိုင်ဖို့အတွက် ဓားပြတိုက်ချင်တိုက်၊ မတိုက်ချင်ရင် ငွေငါးသောင်းရှာရမယ် မရှာရင် သတ်ပစ်မယ်လို့ ခြိမ်းခြောက်ပါလေရော၊ ဓားပြတိုက်နိုင်းတာဟာ သူတို့ထုံးစံပဲ..."

ပိုကျူက နာကျည်းခံပြင်းစိတ်ဖြင့် မျက်နှာကလေး တင်းမာသွားပြီး...

"အို... တော်တော်ယုတ်မာတဲ့လူတွေပဲ"

"အဲဒီတော့ သူဟာ ကျွန်မဆီ ပြန်ရောက်လာပြီး ငွေငါးသောင်း ရှာနိုင်းတယ်"

"အင်း... ရှင်က ရှာပေးရကောလား"

"ကျွန်မလည်း ကြံရာမရ ဖြစ်နေတာပေါ့၊ အဲဒီအခါမှာ ကျွန်မကို ကြိုက်နေတဲ့ လူတယောက် ရှိတယ်လေ၊ သူက ပစ္စည်းဥစ္စာ ချမ်းသာတယ်"

"ဩော်..."

"ကျွန်မလည်း အဲဒီလူကို မကြိုက်ပေမယ့် သူ့ဆီက ရတနာအချို့နဲ့ငွေကို တောင်းပြီး ကျွန်မအစ်ကို့ကို ပေးလိုက်တယ်"

ပိုကျူသည် တစုံတရာကို မှတ်သားမိသလို ရှိသဖြင့် စိတ်ဝင်စားလာကာ...

"အင်း... အင်း... ဆက်ပါအုံး"

"အဲဒီလူအပေါ် ဒီလိုလုပ်ရပေမယ့် ကျွန်မ စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ကျွန်မအစ်ကိုရဲ့ ဒုက္ခကို ကယ်ချင်လွန်းလို့ လုပ်မိတာပါ၊ အဲဒီလူကလည်း ကျွန်မ ဒီလိုလုပ်မှန်းလဲသိရော ကျွန်မကို သဲသဲမဲ

www.burmeseclassic.com



မလိုက်ပြီး အနှောင့်အယှက် ပေးတော့တာပါပဲရှင်"

"အင်း... အင်း"

"အဲဒီအချိန်မှာ ကျွန်မက ပြေးရင်းလွှားရင်း မြို့တမြို့မှာ ကျွန်မ တကယ်ချစ်တဲ့ လူတယောက်ကို တွေ့တာပါပဲရှင်"

ပိုကျူသည် ပိုမို၍ စိတ်ဝင်စားလာကာ နားစွင့်နေရင်းမှ...

"အင်း... အခုမှ ချစ်သူအစစ်နဲ့ တွေ့တယ်ပဲဆိုပါတော့"

"ဟုတ်ကဲ့ ကျွန်မလေ အဲဒီလူကို တကယ်ပဲ ချစ်မိပါတယ်၊ သူကလည်း ကျွန်မကို ချစ်လိုက်တာ တုန်နေတာပါပဲ၊ ကျွန်မ ဘာလို ချင်သလဲ အကုန်ဆောင်ရွက်ပေးတယ်၊ သူ့ကိုလေ ကျွန်မအရမ်း သနားတာပဲ၊ သူ..."

"အင်း... ဟုတ်ပြီ... ဟုတ်ပြီ ဆက်ပါအုံး"

"ကျွန်မ အစ်ကို့ ကိစ္စတွေ အားလုံးပြီးတာနဲ့ သူ့ကို လက်ထပ်ဖို့ စဉ်းစားပြီးသားပါ၊ အဲဒီအချိန်မှာပဲ ကျွန်မယောက်ျားတွေ ယူထားမိတဲ့လူက ရုတ်တရက် ရာတွေ့သွားပြီး၊ ကျွန်မကို ဒုက္ခပေးတော့တာပါပဲရှင်"

ပိုကျူသည် ထိုစကားကို ကြားရသောအခါ တစုံတခုကို သတိရလာတော့သည်။ သို့သော် သူမက ဘာမှ မပြောသေးဘဲ...

"အင်း... ဆက်ပါအုံးရှင်"

"အဲဒီအခါမှာ ကျွန်မလည်း ကြံရာမရ ဖြစ်မိပြီး ကျွန်မချစ်သူကို ဖွင့်ပြောမိတယ်၊ ကျွန်မချစ်သူကလည်း စိတ်ဆိုးပြီး အဲဒီလူကို စိန်ခေါ်တာပေါ့"

"အင်း... အဲဒီတော့ ဘာဖြစ်သွားသလဲ"

"သူတို့ စိန်ခေါ်တဲ့နေ့မှာပဲ၊ ကျွန်မအစ်ကိုဟာ ကျွန်မကို



အတင်းလာခေါ်လို့ ထွက်လာခဲ့ရတယ်၊ သူတို့နှစ်ဦး ဘယ်လို ဖြစ်ကြတယ်ဆိုတာတောင် ကျွန်မ မသိတော့ပါဘူးရှင်"

ပိုကျူးမှာ နားမလည်ဟန်ဖြင့်...

"ရှင့်အစ်ကိုက ဘယ်ကို ခေါ်သွားတာလဲ"

"သူက ရသလောက် ငွေနဲ့ပဲ ကြယ်သုံးလုံးကို တောင်းပန်မယ်ဆိုပြီး၊ ကျွန်မကိုပါ ခေါ်လာခဲ့တာ၊ ဒီရောက်တော့ ကြယ်သုံးလုံးက ရာထားတဲ့ငွေက နည်းတယ်ဆိုပြီး ကျွန်မတို့ မောင်နှမ နှစ်ယောက်စလုံးကို အခုလို နှိုင်းထားတာပေါ့၊ ဘယ်နေ့ကျမှ ပြန်လွှတ်မယ်ဆိုတာ မသိသေးပါဘူးရှင်"

ပိုကျူ စဉ်းစားရပေပြီ။

ယခု ဝေယံချင်း ပြောပြခဲ့သော ဇာတ်လမ်းသည် စွမ်းရှိမင်း ပြောပြခဲ့သော ဇာတ်လမ်းနှင့် တထေရာတည်း ဖြစ်နေသည်။

ဤသို့ဆိုလျှင် စွမ်းရှိမင်း စိတ်နာနေသော မိန်းကလေးမှာ ဝေယံချင်းပင် ဖြစ်ရပေမည်။

သို့သော် စွမ်းရှိမင်းက ပြောပြခဲ့သည်မှာ မိန်းကလေး၏ နာမည်သည် ဝေယံချင်း မဟုတ်ပါ။ ထို့ကြောင့် သူမက...

"ဝေယံချင်း"

"ရှင်..."

"အဲဒီတုန်းက ရှင့်နာမည် ပြောင်းထားသေးသလား"

ဝေယံချင်းသည် ပိုကျူအား အလန့်တကြား ကြည့်လိုက်လေသည်။

"ဟုတ်တယ်... အဲဒီတုန်းက ကျွန်မနာမည် ပြောင်းထားတယ်၊ ဒါနဲ့ ရှင်က ဘယ်လိုလုပ် သိတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com

ပိုကျူးက ပြုံးလိုက်လေသည်။

"ကျွန်မသိလို့ ပြောတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ရှင်က ရှင့်နောက်ကိုလိုက်ပြီး အနှောင့်အယှက် ပေးနေတဲ့လူ ခြေရာမခံမိအောင် နာမည်တခုခု ပြောင်းထားလိမ့်မယ်လို့ တွေးမိလို့ မေးတာပါ"

ထိုအခါမှ သူမက ဝန်ခံလိုက်လေသည်။

"ဟုတ်ပါတယ်၊ အဲဒီအချိန်က ကျွန်မနာမည်ဟာ ကြွေအောလင်းတဲ့..."

ထိုညက တညလုံး ပိုကျူး အိပ်မပျော်တော့ပါ။

စိတ်ထားကောင်း၍ သူမအပေါ် အလွန်ညာတာပြီး အစစအရာရာ အကူအညီ ပေးတတ်သော မိန်းကလေးသည် စွမ်းရီမင်း အလွန်မုန်းတီးခဲ့သော မိန်းကလေးတဦး ဖြစ်နေသည်။

သို့သော် သူမုန်းတီးသည်မှာ အဖြစ်မှန်ကို မသိသေး၍သာ ဖြစ်သည်။

ယခုကဲ့သို့ ဝေယံချင်း၏အဖြစ်မှန်ကိုသာ သိလိုက်ရပါလျှင် စွမ်းရီမင်းသည် ဝေယံချင်းအပေါ် ခွင့်လွှတ်နိုင်ပါမည်လား။

ဤသို့ဆိုလျှင် သူမအနေနှင့် ဆုံးရှုံးမှုတခုနှင့် ကြုံရပေတော့မည်။

သို့သော် ထိုကိစ္စသည် သူက တွေး၍ ပူပင်နေစရာ မလိုဟု ထင်မိသည်။ အဘယ်ကြောင့်ဆိုသော်...

စွမ်းရီမင်း၏ မေတ္တာတရားသည်သာ အဓိက မဟုတ်ပါလား။

သူမအနေနှင့် ဝေယံချင်းအပေါ် ဖုံးကွယ်ထား၍ သင့်တော်



ပါမည်လား။

ယခုအခါ စွမ်းရီမင်းသည် ဤနယ်မြေသို့ ရောက်ရှိနေသည်ကိုသာ ဝေယံချင်း သိရှိပါလျှင် မည်ကဲ့သို့နေပါမည်နည်း။

သူ့အနေနှင့် ထိုအကြောင်းကိုတော့ ထုတ်ပြောသင့်သည်ဟု ယူဆမိသည်။ ဝေယံချင်းသည် သူ့ကိုလည်း ညာတာလှသူမဟုတ်ပါလော။

ထို့ကြောင့် သူမသည် တဘက်ခုတင်တွင် ရှိနေသော ဝေယံချင်းအား လှမ်းခေါ်မိလိုက်မိလေ၏။

"ဝေယံချင်း"

သူမလည်း အိပ်ပျော်ဟန် မတူသေးပါ။

သူမ၏အမည်ကို ခေါ်သံကြားလိုက်သည်နှင့် သူမသည် ကပျာကယာ ပိုကျူး အနားသို့ ထလာပြီး...

"ရှင် ကျွန်မကို ခေါ်သလား"

"ဟုတ်ပါတယ်"

ပိုကျူးက ခုတင်ပေါ်တွင် ထထိုင်ရင်းမှ ဝေယံချင်း၏လက်ကို အသာအယာ ဆွဲယူလိုက်သည်။

"ရှင် ဘာပြောစရာ ရှိလို့လဲဟင်"

"ကျွန်မ မေးစရာရှိလို့ပါ"

"ဩော်... မေးပါ ပိုကျူးရယ်၊ တိုင်ပင်ဖော် တိုင်ပင်ဘက်ဆိုလို့ ကျွန်မတို့နှစ်ယောက်ပဲ ရှိတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်မ ရှင့်ကို တခု မေးကြည့်မလို့ပါ"

"ဘာလဲဟင်"

www.burmeseclassic.com



"ကျွန်မထင်တာ မမှားဘူးဆိုရင် **စောစောက** ပြောသွားတဲ့ ရှင့်ရဲ့ချစ်သူဆိုတာ စွမ်းရိမင်း မဟုတ်လားဟင်"

ဝေယံချင်းသည် အမှန်ပင် မျက်လုံးပြူးသွားတော့သည်။

သူမ၏ရင်သည်လည်း ဒိန်းကနဲ လှုပ်ရှားသွားလေ၏။

"အဲဒါ ရှင် ဘယ်လိုလုပ်သိသလဲဟင်"

ပိုကျူကု ပြုံးရယ်ရင်းမှ...

"ကျွန်မ ဒီကိုလာတော့ မိတ်ဆွေတယောက်နဲ့ အတူလာတာလို့ မပြောခဲ့ဘူးလား"

"အင်း... ပြောခဲ့တယ်လေ"

"အဲဒီမိတ်ဆွေဟာ စွမ်းရိမင်းပဲ"

"ရှင်..."

ဝေယံချင်း၏မျက်နှာတွင် မည်ကဲ့သို့သော အမူအရာမျိုး ဖြစ်နေမည်ကို ပိုကျူတယောက် မြင်နိုင်စွမ်း မရှိသော်လည်း သူမသည် အတော်ကလေး ဝမ်းသာသွားသည်ဟု ထင်မိလိုက်၏။

"သူက ဒီကို ဘယ်လို ရောက်လာရတာလဲဟင် ရှင်သိရင် ပြောပြပါလား၊ **အင်း** တတ်နိုင်ရင် အပြည့်အစုံပေါ့..."

**ပိုကျူသည်** စွမ်းရိမင်းက မြို့စားကြီးဝမ်ကြည်ဖုန်းအား ဓား နှင့်ထိုး**မိသည်မှစ၍** ဝရမ်းပြေးဘဝသို့ ရောက်ရှိကာ ဤနေရာသို့ ရောက်လာခဲ့ရပုံကို ဝေယံချင်းအား ပြောပြလိုက်တော့သည်။

ပိုကျူ၏စကား ဆုံးသွားသော်လည်း ဝေယံချင်း**သည် ဘာ** မျှ ပြန်မမေးဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

ထို့ကြောင့် ဝေယံချင်းသည် တစုံတခုကို **လေးလေးနက်** နက် တွေးတောနေမည်ဟု ပိုကျူ ထင်မိလိုက်သည်။



"**ဝေယံချင်း**"

"ရှင်..."

"ရှင်ဘာတွေ တွေးနေတာလဲ၊ ဝမ်းမသာဘူးလား"

"ကျွန်မ ဝမ်းမသာနိုင်ပါဘူးရှင်"

"ဘာဖြစ်လို့လဲဟင်"

"သူ ဒီလို ဖြစ်ရတာ ကျွန်မကြောင့်ပဲလို့ ထင်မိတယ်၊ ဟုတ်မှာပါပဲ၊ သူဟာကျွန်မကို စိတ်နာပြီး ထင်ရာတွေလျှောက်လုပ်လို့ သူဒီလို**အဖြစ်မျိုး**နဲ့ ကြုံရတာဖြစ်မှာပဲ"

**ပိုကျူက ဖျောင်းဖျလိုက်လေသည်။**

"**ဒီလိုလဲ ဟုတ်မယ်မထင်ပါဘူး**"

"**ရှင်နဲ့တွေ့တော့ ကျွန်မ**အကြောင်းကို ပြောပြတဲ့အခါမှာ သူစိတ်မနာနေဘူးလားဟင်"

"အို..အဖြစ်မှန်ကို မသိသေးယင်တော့သူ့စိတ်ထဲမှာတမျိုး ဖြစ်ချင်ဖြစ်နေမှာပေါ့၊ ဒါပေမယ့် ဒီတခါတွေ့ယင် ကျွန်မရှင်းပြပေးပါ့ မယ်"

"အို...နေပါစေရှင်၊ ကျွန်မထိုက်နဲ့ကျွန်မကံပဲ ရှိပါစေတော့ သူ့ဘဝကိုဆက်ပြီး ဒုက္ခမပေးချင်ပါဘူး"

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲရှင်"

"ရှင်ကသာ အဲဒီလိုပြောတာ၊ သူက ကျွန်မကိုသတ်တောင် သတ်ပစ်ချင်နေမှာ"

"ကျွန်မနဲ့တွေ့ယင် ရှင့်အပေါ် **အထင်မလွဲဖို့** ပြောပေးပါ့ မယ်"

ပိုကျူသည် **ထိုစကား**ကို အနည်းငယ်ဖျစ်ညှစ်၍ ပြောဆို

www.burmeseclassic.com

www.burmeseclassic.com


လိုက်ခြင်းလည်း ဖြစ်နိုင်ပေသည်။

တကယ်တော့လည်း...

စွမ်းရီမင်းအနေနှင့် သူမကဲ့သို့သောဒုက္ခိတမျက်မမြင်တဦး နှင့်ဝေယံချင်းကဲ့သို့သော မိန်းကလေးတဦးကို ယှဉ်၍ရွေးချယ်တော့မည်ဆိုလျှင်....

ပိုကျူ ဆက်မတွေးတော့ပါ။

သူမသည် ဝမ်းနည်းကြေကွဲမှုများကို ရင်ဝယ်သိမ်းဆည်း၍ ထိုညအဖို့ အိပ်ပျော်ရန် အမျိုးမျိုး ကြိုးစားရလေတော့သည်။

♣ ♣ ♣

အခန်း(၃၀)

## အလဲအလှယ်

တညလုံးအိပ်၍မရသူမှာ ချို့လင်းစုတယောက်လည်း အပါအဝင်ဖြစ်နေပေသည်။

သူမအဖို့ ယခုမှ အကြီးအကျယ်အခက်တွေ့နေတော့သည်။

မဆင်မခြင်မတွေးမတောဘဲ စွမ်းရီမင်းအား မေတ္တာထား၍တကိုယ်လုံးပုံအပ်ခဲ့သည်မှာ မှားလေပြီလားဟု သံသယများဝင်နေမိတော့သည်။

အဘယ်ကြောင့်ဆိုသော် ကြယ်သုံးလုံး၏ စေခိုင်းချက်ကြောင့် စွမ်းရီမင်းသည် စားပြသွားတိုက်ရန် ထွက်ခွာသွားခဲ့ပြီဖြစ်ပါသည်။

အကယ်၍များ စွမ်းရီမင်းသာ တစုံတခုသောကိစ္စကြောင့် ပြန်မလာခဲ့ပါလျှင် သူမအဖို့ ဒုက္ခအကြီးအကျယ် ရောက်ရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုလင်းစုသည် စွမ်းရှိမင်းအပေါ် တကယ်နှစ်နှစ်ကာကာ ချစ်ခဲ့မိသည် မဟုတ်ပါလား။

ချစ်စ ခင်စ ကြင်စမှာပင် စွမ်းရှိမင်းသည် လောလောဆယ် ခရီးထွက်သွားရသဖြင့် သူမမှာ နေမထိုင်ထိုင်မသာ ဖြစ်နေမိသည်။

မည်သို့ပင်ဆိုစေ သူမသည် စွမ်းရှိမင်းအပေါ် အကြွင်းမဲ့ ယုံကြည်ထားပြီး ဖြစ်ပါသည်။

စွမ်းရှိမင်းသည် သူမမွေးစားဖခင်အပါအဝင် ကြယ်သုံးလုံးအား သိပ်ပြီးကျေနပ်ပုံမရသည်ကိုလည်း ရိပ်စားမိလေ၏။

သို့သော် မတတ်နိုင်ပါ။

အကယ်၍ လိုအပ်လာပါလျှင် စွမ်းရှိမင်းဘက်မှ ရပ်တည်ရန်ပင် သူမက ဆုံးဖြတ်ချက်ချထားပြီး ဖြစ်ပါသည်။

သူမသည် ထိုကဲ့သို့တွေးတောနေရာမှ စွမ်းရှိမင်း မှာကြားခဲ့သော မျက်မမြင်မကလေးကိစ္စကို သတိရသွားပြန်သည်။

ထိုအမျိုးသမီးလေးအား ဒုက္ခမရောက်အောင် ကယ်ဆယ်ထားပါဟု ဆိုလေသည်။

ထိုကိစ္စမှာ လွယ်ကူသည့်ကိစ္စ မဟုတ်ပေ။

သို့ရာတွင် ချိုလင်းစုသည် စွမ်းရှိမင်းမှာကြားခဲ့သောကိစ္စများကို မဖြစ်မနေ ဆောင်ရွက်ပေးခြင်းဖြင့် စွမ်းရှိမင်းအပေါ်တွင် မည်မျှချစ်ကြောင်း သက်သေပြလိုက်မည်ဟု စိတ်ကူးမိ၏။

ထို့ကြောင့် ပိုကျူကိုရှာဖွေ၍ ဒုက္ခတွင်းမှ ကယ်တင်ရန် ဆုံးဖြတ်လိုက်သည်။

စွမ်းရှိမင်း၏မိတ်ဆွေ မျက်မမြင်မကလေးသည်ဘယ်နေရာမှာ ရှိနေသနည်း။



စွမ်းရှိမင်း၏ စကားအရဆိုလျှင် ယင်းအမျိုးသမီးသည်အကျဉ်းစခန်း၌ ရှိနေသည်ဟု သိရသည်။

သို့ရာတွင် ထိုအကျဉ်းစခန်းသည်မည်သည့်နေရာတွင် တည်ရှိနေသည်ကို လုံးဝမသိရှိသည့်အပြင် ယခင်ကလည်း တခါမျှ မစုံစမ်းခဲ့ဘူးချေ။

ယခု ချစ်သူနှင့်တွေ့မှသာ သူမ၏စိတ်များသည် အလိုလို သတိရှိလာပြီး စဉ်းစားတွေးတောလာသည်။

ယင်းအကျဉ်းစခန်းကို မည်သူသိသနည်း။

သူမသည် ထိုအချက်ကို ရှေ့ဦးစွာ စဉ်းစားလေသည်။

သို့သော် သူမ၏ဦးခေါင်းထဲသို့ မည်သူတဦးတယောက်မှ ဝင်မလာပါပေ။

သူမသည် အိပ်မပျော်နိုင်သဖြင့် မီးအိမ်ကိုထွန်းကာ ထ၍ ထိုင်လိုက်သည်။

ထို့နောက် လောလောဆယ် စဉ်းစားခန်းထုတ်နေသည်။

စဉ်းစားယင်းမှ မျက်မမြင်မလေးပိုကျူအပြင် သူ့ဖခင်ကို ပါသတိရလာသည်။

စွမ်းရှိမင်း ပြောပြချက်အရ ပိုကျူသည် ဖခင်အဖမ်းခံရသဖြင့် ဤနယ်မြေသို့ ရောက်လာခဲ့ကြောင်း သိရှိထားခဲ့ရသည်။

ဤသို့ဆိုလျှင် ပိုကျူ၏ဖခင်ကို အလဟဿဖမ်းဆီးထားခြင်း မဖြစ်နိုင်တော့ပေ။

တစုံတခု စေခိုင်းလိုသောကြောင့်သာ ဖမ်းဆီးလာခြင်း ဖြစ်ရမည်ဟု တွေးမိသည်။

သူမ၏ဖခင်အပါအဝင် ကြယ်သုံးလုံးနှင့် ဖနေပြိုဟ်သည်

www.burmeseclassic.com



ဤနယ်မြေ၌ ဘာအမှုများပြုလုပ်နေကြသနည်း။

ဤသည်မှာ လျှို့ဝှက်ချက်ဖြစ်သည်။

သူမသည် ယခင်က ဤကဲ့သို့သောအတွေးမျိုးမဝင်ခဲ့သော်လည်း ယခုအခါ ထိုအတွေးမျိုးကို တွေးတောတတ်လာပြီဖြစ်သည်။

ယင်းကဲ့သို့ တွေးတောတတ်လာသည်နှင့်အမျှ သံသယဝင်စရာကောင်းသော အချက်အလက်များသည် သူမ၏ခေါင်းထဲသို့ ဝင်လာတော့သည်။

အကျဉ်းစခန်း...

ယခင်ကကြားဖူးသော်လည်း လေးလေးနက်နက် သဘောမထားခဲ့။

ထိုအကျဉ်းစခန်းသည် ဘယ်လိုလူမျိုးတွေကို ဖမ်းချုပ်ထားသော အကျဉ်းစခန်းဖြစ်ပါသနည်း။

ဤနယ်မြေသည် ဥပဒေကို ကြောက်ရွံ့၍ ထွက်ပြေးတိမ်းရှောင်ကာ နေထိုင်ကြရသောနယ် ဖြစ်သောကြောင့် ဥပဒေမဲ့နယ်မြေဟု ခေါ်လေသည်။

ထိုဥပဒေမဲ့နယ်မြေတွင် အကျဉ်းစခန်း ရှိနေသည်ဆိုခြင်းမှာ အလွန်ပင် အံ့သြဖို့ ကောင်းလှပေသည်။

ဤသို့ဆိုလျှင် ဤနေရာသည် ဥပဒေမဲ့နယ်မြေ မဟုတ်တော့ပေ။ အန္တရာယ်နယ်မြေ ဖြစ်လာပြီ မဟုတ်ပါလား။

အဘယ်ကြောင့်ဆိုသော်...

ထွက်ပြေးလာသော သူများကိုလည်း နည်းအမျိုးမျိုးနှင့် အန္တရာယ်ပေးရုံမက အခြားသောသူများကိုလည်း ဖမ်းဆီးလာကာ အမျိုးမျိုး အန္တရာယ်ပေးလျက် ရှိနေပြီမှာ သေချာလှပေတော့သည်။



ထိုသို့ အန္တရာယ်ပေးနေသည့် လူများထဲတွင် သူမ၏မွေးစားဖခင် တတိယကြယ်လည်း ပါဝင်နေသည် မဟုတ်ပါလား"

♣ ♣ ♣

လပြည့်ကျော်တစ်ရက်နေ့ညမို့...

နံနက်မိုးလင်းကာနီးသည့်တိုင်အောင် လက ထိန်ထိန်သာလျက် ရှိနေသည်။

ချိုလင်းစုသည် နက်ပြာရောင် ဝတ်စုံကိုဝတ်ကာ ခါးကြားတွင် ဓားတိုတလက်ကို ထိုးထည့်ထားလိုက်လေသည်။

ထို့နောက် သူမသည် မြောက်စူးစူးသို့ ထွက်လာခဲ့တော့သည်။

သူမ ထွက်လာသည့်အချိန်မှာ မိုးလင်းကာစ ဖြစ်သည်။

လမ်းမပေါ်တွင် အချို့လူများလည်း သွားလာလှုပ်ရှားစပြုနေကြပြီ ဖြစ်၏။

ချိုလင်းစု၏ ခြေလှမ်းများသည် သွက်လက်ပေါ့ပါးလျက်ရှိနေသည်။

ယနေ့ သူမသည် အကျဉ်းစခန်းကို တွေ့အောင် ရှာဖွေမည်ဟု ဆုံးဖြတ်ကာ နေအိမ်မှ ထွက်လာခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် သူမသည် တတိယကြယ်၏ သမီးတယောက် ဖြစ်နေသောကြောင့် သူမသည် မည်သည့်နေရာမဆို လွတ်လပ်စွာ သွား

www.burmeseclassic.com

www.burmeseclassic.com



လာ၍ရမည်ဟု ထင်မှတ်ထားသည်။

ဤကဲ့သို့ ထင်မှတ်ထားသည်မှာလည်း ဆန်းတော့မဆန်းပေ။

ယခင်ကလည်း ဥပဒေမဲ့မြို့၏ အရေးကြီးသော နေရာအတော်များများသို့ ရောက်ခဲ့ဖူးသည်။

ဟိုဟိုသည်သည် လျှောက်သွားခဲ့ဖူးသည်။

ထိုစဉ်ကလည်း မည်သည့် အနှောင့်အယှက်မျှ မရှိခဲ့ဘူးပေ။

သို့သော် စနေဂြိုဟ်၏ အနောက်ဘက်ခြမ်းသို့ လုံးဝမရောက်ခဲ့ဘူးပေ။

သူမသည် လမ်းမကြီးအတိုင်း ဆက်လျှောက်လာခဲ့သည်။

အတန်ကြာ လျှောက်မိသောအခါ ကြီးမားသော အိမ်ကြီးတလုံးကို တွေ့ရှိရသည်။

ထိုအိမ်ကြီးမှာ ပထမကြယ်နေထိုင်ရာ ဂေဟာကြီးပင် ဖြစ်ပေသည်။

အိမ်ရှေ့ဝင်းတံခါးတွင် အစောင့်များ ချထားလေသည်။

သူမက ထိုဝင်းတံခါးရှေ့သို့ လမ်းမကြီးမှ ဖြတ်သန်းသွားသော်လည်း မည်သူကမှ ဟန့်တားခြင်း မရှိပေ။

တဖန် ရှေ့သို့ ဆက်လျှောက်သွားလေရာ တမိုင်နီးပါး အရောက်တွင် အိမ်ကြီးတလုံးထပ်မံ တွေ့ရှိပြန်၏။

ထိုအိမ်ကြီးကိုလည်း ချုံလင်းစုက ကောင်းကောင်း သိပါ၏။ ဒုတိယကြယ်၏ အိမ်ဖြစ်သည်။

ထိုအိမ်မှာလည်း ထုံးစံအတိုင်း အစောင့်အကြပ်များနှင့် ခမ်း



ခမ်းနားနားပင် ရှိနေသည်။

နောက် ထိုအိမ်ကြီးနှင့် မျက်စောင်းထိုး ခပ်လှမ်းလှမ်းတွင် သူမ၏ မွေးစားဖခင် တတိယကြယ်၏ဂေဟာ ရှိသည်။

ထိုဂေဟာကို ချုံလင်းစု နှစ်သစ်ကူးနေ့က တခေါက်ရောက်ဖူး၏။

ခါတိုင်း နှစ်သစ်ကူးသောနေ့တွင် တတိယကြယ်သည် သူမ နေထိုင်ရာအိမ်သို့ ရောက်ရှိလာကာ ကန်တော့ခံတတ်သည်။

ယခု နှစ်ကူးတွင်မူ တတိယကြယ်သည် ကောင်းကောင်းနေထိုင်မကောင်း၍ သူမအိမ်သို့ ရောက်ရှိမလာခဲ့ပေ။

ထို့ကြောင့် သူမက မွေးစားဖခင်ကို သွားရောက် ကန်တော့ခဲ့ခြင်း ဖြစ်သည်။

သူမအား တတိယကြယ်က ဝမ်းသာအားရ ဆီးကြိုသော်လည်း သူ၏အိမ်သားများက မနှစ်မြို့ပါ။

သူသည် မွေးစားသမီး ဖြစ်နေသည် မဟုတ်ပါလား။

ထို့ကြောင့် သူမသည် တတိယကြယ်အား ကန်တော့ပြီးသည်နှင့် ချက်ချင်း ပြန်လာခဲ့လေသည်။

တကယ်တော့ သူတို့နှင့် ဘာမှ မပတ်သက်ပါ။

တတိယကြယ်က ငယ်စဉ်ကတည်းက ခေါ်ဆောင်လာပြီး မွေးစားထား၍ မွေးစားသမီး ဖြစ်နေရသည် မဟုတ်ပါလား။

စင်စစ် တတိယကြယ်သည် မိသားစုရှိသူတယောက်ဖြစ်၏။

ထို့ကြောင့် သူမအား သီးခြားအိမ်တလုံးနှင့် နေနိုင်ရန် စီစဉ်ပေးထားခြင်း ဖြစ်သည်။

သူမသည် ထိုအိမ်ကြီးကို မြင်လိုက်မိမှ စိတ်ထဲတွင် တမျိုး

www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက်ရသည်။

ယခင်က ထိုကဲ့သို့ မခံစားရသော်လည်း ယခုအခါ ခံစားလာရပြီ ဖြစ်သည်။

သူမ၏စိတ်ထဲတွင် အသိကရားများက နိုးဆွလာပြီဖြစ်၍...

"ငါဘယ်သူ့သမီးလဲ"

"ငါ့မိဘအရင်းတွေက ဘယ်သူတွေလဲ"

"တတိယကြယ်က ဘယ်နေရာက ခေါ်လာခဲ့တာလဲ"

"သူဟာ ငါ့မိဘကို သတ်ပြီး ခေါ်လာတာလား"

ထိုမေးခွန်းများသည် သူမ၏ဦးနှောက်ထဲသို့ တခုပြီးတခု ဝင်ရောက်လာတော့သည်။

သူ့ကိုယ်သူ တခုပြီးတခု ပြန်မေးနေသည်။

ထိုသို့ တွေးမိသောအခါ သူမအသည်းထဲတွင် နာကျင်သလို ခံစားလာရပြန်သည်။

သူမသည် အံကုလေးကို ကြိတ်၍ ထိုဂေဟာကြီးအား ငေးမောကြည့်မိလေသည်။

သူမ၏ဘဝမှန်ကို သိလိုလာသည်။

"အင်း တနေ့တော့ ငါ့ဘဝအကြောင်း ပြန်မေးရအုံးမယ်"

ဟု စိတ်ထဲမှ ကျိတ်၍ မှတ်ထားလိုက်လေသည်။

သူမသည် ဂေဟာကြီးအား ငေးမောကြည့်ရှုရင်းမှ ရှေ့သို့ ဆက်လက် ထွက်လာခဲ့သည်။

ထိုနေရာမှစ၍ သူမသည် တခါဖူးမျှ မရောက်ဘူးသော နေရာဆီသို့ စတင်သွားခြင်းပင် ဖြစ်တော့သည်။

လမ်းတလျှောက်တွင် အိမ်ကလေးများက ကြိုးကြဲကြဲ



တွေ့ရှိရသည်။

အတော်ကလေး လျှောက်လာမိသောအခါ ခြံကြီးတခုအတွင်း၌ ကျယ်ပြန့်သော အဆောက်အအုံတခုကို တွေ့ရှိရလေသည်။

ထိုအဆောက်အအုံကို သူမက လုံးဝမသိပေ။

သူမသည် ဤနေရာသို့ တခေါက်မှ မရောက်ဘူးခဲ့ပေ။

ထိုစဉ် အဆောက်အအုံအတွင်းမှ လူငယ်တဦး ထွက်လာလေသည်။

ထိုလူငယ်၏ခါးတွင် ဓားရှည်တလက်ကို ချိတ်ဆွဲထားလေသည်။ သိုင်းသမားတဦးပေတည်း။

သူ့ကို ကြည့်ရသည်မှာ ဤအဆောက်အအုံ၏ အစောင့်တဦး ဖြစ်မည်ဟု ယူဆရလေသည်။

လူငယ်သည် အနီးသို့ ရောက်သောအခါ ပြုံးပြရင်း...

"ဟော... သခင်မလေး ဘယ်သွားမလိုလဲ"

ချိုလင်းစုက ရုတ်တရက် အံ့သြသွားသည်။

ထိုလူငယ်အား သူမက လုံးဝမသိပါ။

သို့သော် ထိုလူငယ်သည် သူမအား တတိယကြယ်၏ သမီးမှန်း သိထားပုံရသည်။

ထို့ကြောင့် သူသည် လေးလေးစားစား နှုတ်ဆက်လိုက်ခြင်း ဖြစ်ပေလိမ့်မည်။

"ကျွန်မ အညောင်းပြေ အညာပြေ လမ်းလျှောက်လာတာပါ"

လူငယ်သည် သူမအား အံ့သြသွားသည်။

ဤမျှခေါင်သော နေရာရောက်အောင် လမ်းလျှောက်သည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုခြင်းမှာ အံ့ဩစရာပင် မဟုတ်ပါလား။

သူမ တခုခု စီးလာသင့်သည်။

"သခင်မလေးကလည်းဗျာ၊ မြင်းလှည်းနဲ့ လာရောပေါ့"

"စောစောစီးစီး လမ်းလျှောက်ရတာက လေကောင်းလေသန့်ရတယ် မဟုတ်လား၊ ဒီအဆောက်အအုံက ဘာလဲဟင်"

လှုငယ်သည် အဆောက်အအုံကြီးအား ပြန်လည်ကြည့်ကာ

"ဒါဟာ သခင်မလေးတို့ဖေဖေ အစည်းအဝေးလုပ်တဲ့ ခန်းမပါ"

"ဪ..."

ထိုခန်းမသည် ကြယ်သုံးလုံးနှင့် စနေဂြိုဟ်တို့ အစည်းအဝေးခန်းမဖြစ်ကြောင်း ယခုမှ သူသိရလေသည်။

ချိုလင်းစုက လှုငယ်ကို ကြည့်လျက်...

"ဒါထက် ကျွန်မ မသိလို့ တခု မေးပါရစေရှင်"

"ဟုတ်ကဲ့... မေးပါ သခင်မလေး"

"ဆရာကြီးစနေဂြိုဟ်က ဘယ်မှာနေသလဲဟင်"

လှုငယ်က အံ့ဩဟန်ပြုပြီးမှ...

"သခင်မလေးက မသိသေးဘဲကိုး"

"ဟုတ်ကဲ့... မသိသေးလို့ပါ"

လှုငယ်သည် ရှေ့နားမှ လမ်းနှစ်သွယ်ရှိသည့်အနက် ညာဘက်မှ လမ်းကို လက်ညှိုးညွှန်ရင်းမှ...

"ဟောဒီ ညာဘက်လမ်းက တည့်တည့်သွားရင် သမားတော်ကြီးအိမ်ကို ပထမဆုံး တွေ့ လိမ့်မယ်"

သူမက ရုတ်တရက် အံ့ဩသွားသည်။ ထို့ကြောင့် သူမက



"သမားတော်ကြီးအိမ်က ဟိုဘက်လမ်းက မဟုတ်ဘူးလား၊ သမားတော်ကြီးအိမ်ကို ကျွန်မ ရောက်ဖူးပါတယ်"

"ဟုတ်ပါတယ်၊ ဟိုဘက်ကဆိုရင် သမားတော်ကြီးရဲ့ အိမ်ရှေ့ပါ၊ ဒီဘက်လမ်းကတော့ နောက်ဖေးဘက်ကျပါတယ်"

ချိုလင်းစုက ခေါင်းညိတ်ပြသည်။

"အင်း... အင်း... ဟုတ်ပြီ သဘောပေါက်ပြီ"

အစောင့်လှုငယ်က ဆက်၍ ရှင်းပြပြန်သည်။

"အဲဒီ သမားတော်ကြီးအိမ် နောက်ဖေးဘက် ရောက်တာနဲ့၊ လမ်းမကြီးတခု တွေ့မယ်လေ၊ အဲဒါဟာ သူဌေးကြီးစနေဂြိုဟ်ရဲ့ အိမ်ကို သွားတဲ့လမ်းပဲပေါ့၊ သခင်မလေး မသိဘူးလား"

"ဟင်... အဝေးကြီးပါလား"

"ဟုတ်ပါတယ်... တော်တော်လေး ဝေးပါတယ်၊ ဒါပေမယ့် သခင်မလေးသွားလဲ တံတားအထိပဲ ရောက်မှာပါ၊ ဟိုဘက်ကမ်းကိုတော့ ကူးလို့ရမှာ မဟုတ်ပါဘူး"

ချိုလင်းစုမှာ အံ့ဩသွားရပြန်သည်။

"တံတားကူးရသေးတယ် ဟုတ်လား၊ အခြားဘယ်လိုနည်းနဲ့မှ သွားလို့မရဘူးလား"

"ဟုတ်ကဲ့... အခြားဘာနဲ့မှ သွားလို့မရပါဘူး၊ အောက်မှာ အင်မတန် နက်ရှိုင်းတဲ့ ချောက်ကြီး ရှိနေပါတယ်၊ အဲဒီ ချောက်ကြီးဟာ ကျွန်တော်တို့ နယ်မြေတခုလုံးကို ပတ်ချာလည်ဝိုင်းထားတာပါ"

ချိုလင်းစုသည် မသိမသာ သက်ပြင်းတချက်ချလိုက်မိ၏။ သိသိသာသာ သက်ပြင်းချ၍ မရပါ။

www.burmeseclassic.com



လူငယ်ကိုလည်း မယုံရပါ။

ပြီးမှ ရှူးစမ်းသလို မေးလိုက်၏။

"တံတားက ဘယ်လိုတံတားမျိုးလဲ"

"သစ်သားတံတားတခုပါပဲ၊ ဒါပေမယ့် ကြိုးနဲ့သွယ်တန်းထားရတဲ့အတွက် ကြိုးတံတားလို့လဲ ခေါ်နိုင်ပါတယ်"

"ဒီတံတားကို ဘယ်သူမဆို ကူးလို့ရသလား"

လူငယ်က ခေါင်းခါယမ်းလျက်...

"မရပါဘူး၊ သူဌေးကြီးစနေဂြိုဟ်က ခွင့်ပြုထားတဲ့ လူတွေလောက်သာ ကူးခွင့်ရှိပါတယ်၊ တခြားလူတယောက်က ကြိုးတံတားကို ကူးချင်တယ်ဆိုရင် ဆရာကြီးစနေဂြိုဟ်ရဲ့ ခွင့်ပြုချက်ရမှ ကူးခွင့်ရပါတယ်"

"အခုလို ပြောပြတာ ရှင့်ကို ကျေးဇူးတင်ပါတယ်၊ ကျွန်မသမားတော်ကြီးအိမ်ကို သွားလိုက်ပါအုံးမယ်"

လူငယ်က လေးစားစွာဖြင့် ခေါင်းညိတ်လိုက်လေ၏။

"ကောင်းပါပြီ... ခင်ဗျာ"

ထုံးစံအတိုင်းပင် ဆရာကြီးကျူးလျှန်သည် စောစောစီးစီး တယောက်တည်း ဆေးဖော်ဆေးစပ်ဖြင့် အလုပ်ရှုပ်နေသည်။

ထိုအခိုက် ချိုလင်းစု ဝင်လာသည်ကို မြင်သောကြောင့် သူသည် သိပ်ပြီး ကျေနပ်ပုံမရဘဲ မျက်မှောင်ကုပ်၍ ကြည့်လိုက်လေ၏။

"နင် ဘာလာလုပ်ပြန်တာလဲ"

သူမက လှပစွာ ပြုံးလိုက်ပြီး သမားတော်ကြီးကျူးလျှန်ကို အရိုအသေပေးရင်း...

"ဘဘကျူးကလဲလေ ကျွန်မလာရင် အမြဲအော်နေတာပဲ"



"ဟ... အော်ရမှာပေါ့၊ နင်တို့လာလို့ ငါက ငွေတပြားတချပ်မှ ရတာမှမဟုတ်ဘဲ၊ ဟိုတနေ့ကလဲ လူငယ်တယောက်က လာသေးတယ်၊ ဘာပေါက်ကရစကားတွေကို လာမေးသွားမှန်းလဲ မသိပါဘူး"

ချိုလင်းစုက ရယ်မောလိုက်လေသည်။

ထို့နောက် သူမက ကျူးလျှန် ဆေးစပ်နေသည်ကို စိတ်ပါဝင်စားစွာ ကြည့်ရင်းမှ...

"ဘဘကျူးကတော့ ဆေးပညာမှာ တဘက်ကမ်းခတ်တတ်ကျွမ်းတာပဲနော်"

"နင်... ငါ့ကို မြှောက်မနေနဲ့၊ ငါ့မှာ ဘာမှ ကျွေးစရာ မရှိဘူး"

"မြှောက်ပြောတာ မဟုတ်ပါဘူး ဘဘကျူးရယ်၊ ကျွန်မက အမှန်အတိုင်း ပြောတာပါ"

ကျူးလျှန် သက်ပြင်းချလိုက်လေ၏။

"စောစောစီးစီး နင်လာတာ ဒါကြောင့်ပဲ မဟုတ်လား၊ ကဲ... သွားပေတော့"

ချိုလင်းစုက လုံးဝစိတ်ဆိုးဟန်မပြဘဲ ပြုံးပြလိုက်သည်။

"ဘဘကျူးကလည်း ကျွန်မကို နှင်ထုတ်ဖို့ပဲ တတ်တယ်"

ကျူးလျှန်သည် သူမအား လွန်စွာချစ်ခင်သူ ဖြစ်သည်။

သူမသည် တခါတရံ ကောင်းနိုးရာရာ စားသောက်ဖွယ်ရာလေးများကို ဘဘကျူးအား ပို့ပေးသည်။

ကျူးလျှန်ကလည်း သူမ နေထိုင်မကောင်းဟု သဲ့သဲ့လေး ကြားလိုက်သည်နှင့် အပြေးအလွှား ရောက်ရှိလာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခုကဲ့သို့ ငွေကို အပြေးအလွှား ရှာနေသည့်အခါတွင် သူမက အလကားသက်သက် လာရောက်နှောက်ပြောင်နေမည်စိုး၍ နှင်ထုတ်လိုက်ခြင်း ဖြစ်သည်။

“နင့်ကို ငါက နှင်ထုတ်ချင်လို့ နှင်ထုတ်နေတာ မဟုတ်ဘူးဟ၊ ငါ့မှာက ဆေးဝါးတွေကို ဖော်စပ်ထားနိုင်မှ လူနာတဦး ရောက်လာရင် အဆင်သင့် ဖြစ်တော့မှာပေါ့”

“ဘဘကျူက ငွေတွေဒီလောက် အများကြီး ရနေပြီပဲ၊ ဘာဖြစ်လို့ ဒီလောက်လောဘကြီးနေရတာလဲ”

“နင် မသိပါဘူး လုံမရယ်၊ ငါ ငွေတော်တော်လေးကို လိုနေသေးတာ”

“ဘဘကျူ ငွေလိုချင်ရင် ကျွန်မလည်း ပေးမှာပေါ့”

“ငါ အလကား မလိုချင်ဘူး”

“အလကား မဟုတ်ပါဘူး၊ ဘဘကျူက လူနာတယောက်ကို ကုသပေးရမယ်လေ၊ တန်ရာတန်ဖိုးပေါ့ ဘဘရယ်”

ထိုအခါ ကျူလှျှန်၏မျက်ခုံးနှစ်ဖက်သည် အပေါ်မြင့်တက်သွားကာသည်။

သူသည် ချိုလင်းစု၏စကားကြောင့် စိတ်ဝင်စားသလို သူမအား ငေး၍ ကြည့်လိုက်ပြီး ပြန်မေးလိုက်သည်။

“လူမမာ ဟုတ်လား”

“ဟုတ်တယ်”

“ဘယ်သူလဲ… နင်လား”

“မဟုတ်ပါဘူး၊ ကျွန်မ မိတ်ဆွေပါ”

“ဘယ်မှာလဲ နင့်မိတ်ဆွေ၊ နို့နေပါအုံး သူက ဘာရောဂါ

BURMESE CLASSIC .com



ဖြစ်နေလို့လဲ”

ချိုလင်းစုက ပြောသင့် မပြောသင့် ချင့်ချိန်ပြီးမှ…

“ကျွန်မမိတ်ဆွေက ဆရာကြီးစနေဂြိုဟ်ရဲ့ အကျဉ်းစခန်းမှာ ကျနေတယ်လို့ သိရပါတယ်၊ သူက မျက်စိကန်းနေတဲ့ မိန်းကလေးတယောက်ပါ”

ကျူလှျှန်သည် အံ့အားသင့်လွန်းသဖြင့် ပုစွန်မျက်လုံးကဲ့သို့ ပြူးထွက်လာလေတော့၏။

ကျူလှျှန်သည် မနေ့တနေ့က အဖြစ်အပျက်ကို ချက်ချင်း သတိရသွားသည်။

ထိုနေ့က သူသည် မျက်ကန်းမလေးတယောက်ကို သိုင်းပညာဖျက်ဆေးတခွက် တိုက်ကျွေးခဲ့သည်။

ထို့နောက် ထိုမိန်းကလေးကို စနေဂြိုဟ်၏ အကျဉ်းစခန်းသို့ ပို့ပေးခဲ့၏။

သို့သော်လည်း ထိုသတင်းကို သူက မည်သူ့ကိုမျှ ပြောကြားခြင်း မပြုခဲ့ပါပေ။

ယင်းသို့ ပြောဆိုခြင်း မပြုရန်လည်း ကြယ်သုံးလုံးသည် သူ့ကို အတန်တန် မှာကြားထားခဲ့လေသည်။

ယခု ချိုလင်းစုက ထိုကဲ့သို့ ပြောလာသောအခါ သူသည် ထိတ်လန့်တုန်လှုပ်သွားမိသည်။

“ကဲ… လုံမလေး ပြန်တော့၊ ဒီမှာ ဘဘလုပ်စရာတွေ ရှိသေးတယ်”

ကျူလှျှန်သည် လုံးဝ စိတ်မဝင်စားသော ဟန်ဖြင့် သူ၏ ဆေးပုံးများကို တန်းပေါ်သို့ ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလည်ဆွဲဆိုရင် အနည်းဆုံး ငါးထောင်တန်တယ်"

ထိုအသံကြောင့် ကျူုလျှန်သည် မျက်လုံးအရောင် တောက်သွားကာ ချိုလင်းစုကို လှမ်းကြည့်လိုက်သည်။

ချိုလင်းစုက ရွှေဆွဲကြိုးလေးတကုံးအား လက်မှ ကိုင်၍ မြှောက်ပြထားလေသည်။

"ဒါ... ဘာလုပ်တာလဲ"

ချိုလင်းစုက ရယ်မောလိုက်ပြီး...

"ဆေးကုခလေ"

ကျူုလျှန်သည် ခေါင်းကို ဖြည်းညင်းစွာယမ်းရင်းမှ သက်ပြင်းတချက်ကိုလည်း ရှည်လျားစွာ ချလိုက်လေသည်။

ပြီးမှ အေးဆေးသော လေသံဖြင့်...

"ဒီမှာ လုံမလေး"

"ပြောပါ ဘဘကျူ"

"အဲဒီ မိန်းကလေးက အကျဉ်းစခန်းမှာ ရှိနေတာ၊ ငါက ဘယ်လိုလုပ်ပြီး သွားကုရမှာလဲ"

"ဘဘသွားလို့ မရဘူးလား"

"အဲဒီ အကျဉ်းစခန်းမှာ လူမမာ အရေးကြီးပါတယ်လို့ တာဝန်ခံ ဝမ်ပိလာခေါ်တာကလွဲပြီး ဘဘ ဘယ်နည်းနဲ့မှသွားလို့ မရဘူး"

သ[illegible]မသည် စိတ်ပျက်စွာဖြင့် သက်ပြင်းတချက် ချလိုက်လေသည်။

ထိုအချိန်မှာပင် အိမ်အတွင်းသို့ လူနှစ်ယောက် ဝင်ရောက်လာသည်ကို တွေ့လိုက်ရသဖြင့် သူတို့၏စကားများကို ရပ်တန့်ထားလိုက်ရလေ၏။



ရောက်လာသူကား အကျဉ်းသားများကို စောင့်ကြပ်သူ ဝမ်ပိပေတည်း...။

ဝင်လာသူနှစ်ဦးအနက် တဦးမှာ ဝတ်စုံအဖြူ တကိုယ်လုံးဝတ်ဆင်ထားသည့်အပြင် မျက်နှာဖုံးအဖြူရောင်ကိုပါ ဖုံးအုပ်ထားသဖြင့် ထိုလူ၏ မျက်စိနှစ်လုံးကိုသာ မြင်တွေ့ရပေသည်။

တယောက်မှာ ထိုသူ၏နောက်မှ မျက်နှာရှုံ့မဲ့၍ လိုက်ပါလာလေသည်။

မျက်နှာဖုံးနှင့်လူကို တွေ့လိုက်ရသည်နှင့် ကျူုလျှန်၏မျက်နှာမှာ အနည်းငယ် ပြုံးရောင်သန်းသွားလေသည်။

"ဘယ်လိုလဲဟေ့ ဝမ်ပိ လူမမာလာပို့တာလား"

"ဟုတ်တယ် သမားတော်ကြီး၊ ဒီကောင် မနေနိုင်လောက်အောင် ဗိုက်အောင့်နေလို့တဲ့"

ကျူုလျှန်က ဝမ်ပိရှေ့သို့ လက်ဝါးဖြန့်လိုက်လေ၏။

ဝမ်ပိသည် ကျူုလျှန်အား မော့ကြည့်ကာ...

"ခင်ဗျားကလည်း သေသေချာချာတောင် မစမ်းသပ်ရသေးဘူး၊ ငွေတောင်းတာက အရင်ပဲ"

"ငါသိပ်စကား မပြောချင်ဘူး၊ ငွေမပါရင် မုင်းအဖေတောင် ခေါ်မလာနဲ့ ဒါပဲ"

ဝမ်ပိသည် ဘုကျကျ ပြောတတ်သော သမားတော်ကြီး ကျူုလျှန်အား ဘာမှ ဆက်လက်မပြောတော့ပါ။

ငွေတစ်ထောင် ထည့်ထားသော အိတ်ကို သမားတော်ကြီးအား ပေးလိုက်လေသည်။

www.burmeseclassic.com



ကျူလှျှန်သည် ငွေတစ်ထောင် ရသည်နှင့် ဗိုက်အောင့်နေသည်ဟူသော လူငယ်အား အတွင်းခန်းသို့ ခေါ်သွင်းသွားလေတော့၏။

ဝမ်ပိသည် ယခုမှ တနေရာတွင် ဆွဲကြိုးပြားကလေးအား လှုပ်ယမ်းကိုင်ရင်း ထိုင်နေသော ချိုလင်းစုကို တွေ့သွားသဖြင့် ချက်ချင်းပြုံးပြကာ နှုတ်ဆက်လိုက်လေ၏။

"ငါ့ညီမက ရောက်နေတာကိုး၊ ဘာလဲ နေမကောင်းလို့လား"

သူမက ဝမ်ပိဆိုသူအား အံ့သြစွာဖြင့် ကြည့်လိုက်၏။

ဤနယ်မြေတွင် သူမက မသိရှိသော်လည်း သူမအား သိသူများချည်းသာ ဖြစ်သည်။

သူမသည် ဝမ်ပိအား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် စိတ်ကူတမျိုး ပေါက်သွားကာ လိုက်လှဲစွာ ပြုံးရင်း...

"ကျွန်မ နေမကောင်းလို့ မဟုတ်ပါဘူးရှင်၊ အလယ်သက်သက်ပါပဲ၊ နောက်ပြီး ဟောဒီက ရွှေဆွဲကြိုးကလေးကို ယူတဲ့လူရှိရင် ပေးမလို့ပါ"

ချိုလင်းစု၏စကားကြောင့် ဝမ်ပိမျက်နှာ သိသိသာသာကလေး ဖြစ်သွားသည်ကို ချိုလင်းစု သတိပြုမိလိုက်၏။

ဝမ်ပိက မယုံကြည်နိုင်သော လေသံဖြင့်...

"ယူတဲ့လူရှိရင် ပေးမလို့ ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

ဝမ်ပိသည် သူမအနားသို့ လျှောက်လာကာ ဆွဲကြိုးကလေးကို သေသေချာချာ ကြည့်လိုက်လေသည်။



"တော်တော် အဖိုးတန်မှာပဲနော်"

သူမ ခေါင်းညိတ်ပြရင်း...

"အနည်းဆုံး ငါးထောင်တန်တယ်"

"ညီမက အလကားပေးမှာတော့ မဟုတ်ပါဘူးနော်"

"အလဲအလှယ် သဘောပေါ့"

ဝမ်ပိသည် ပိုမို၍ စိတ်ဝင်စားလာဟန်ဖြင့် ချိုလင်းစုအနားသို့ နီးကပ်စွာ တိုးလိုက်ပြီး...

"ဘယ်လို အလဲအလှယ်မျိုးလဲဟင်၊ အစ်ကိုကြီးနဲ့ကော သက်ဆိုင်နေသလား"

"သိပ်ပြီး ပတ်သက်နေတာပေါ့ရှင်"

"ဒါဖြင့်ပြော"

ချိုလင်းစုက ဝမ်ပိအနားသို့ ကပ်၍ တစုံတရာကို တီးတိုးစွာ ပြောနေပေသည်။

ဝမ်ပိသည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၏။

ထို့နောက် သူသည် အကန်ကြာအောင် ငြိမ်သက်နေပြီးမှ

"အဲဒါလောက်တော့ ကျုပ် ကူညီနိုင်ပါတယ်၊ ဒါပေမယ့် သူကိစ္စ ပြီးသွားရင်တော့ ကျုပ်တို့စခန်းကို ပြန်ပို့ထားရလိမ့်မယ်နော်၊ အဲဒါကတော့ ကတိစကားပဲ"

ချိုလင်းစုက ခေါင်းညိတ်ပြလိုက်သည်။

"စိတ်ချပါ"

"ကောင်းပြီလေ၊ ဒီကိစ္စ ငါ့ညီမနဲ့ ကျုပ် နှစ်ယောက်ပဲ သိပါစေ၊ ဒီကိစ္စက လျှို့ဝှက်ကိစ္စ..."

"ဟုတ်ကဲ့..."

www.burmeseclassic.com

www.burmeseclassic.com



ချိုလင်းစုက ဆွဲကြိုးကလေးကို ဝမ်ပိလက်ထဲသို့ ထိုးထည့်ပေးလိုက်လေသည်။

ဝမ်ပိသည် ဆွဲကြိုးကလေးအား တပ်မက်စွာဖြင့် အိတ်ထဲသို့ ထိုးထည့်လိုက်လေတော့သည်။

ဝမ်ပိသည် သူ့ဌာနၶ အကြီးအကဲ ဖြစ်သဖြင့် သူလုပ်ချင်ရာ လုပ်၍ရသည်။ ထန်စီးကိုပင် သူမကြောက်ချေ။

သူကြောက်သည်မှာ တမျိုး ဖြစ်လေ၏။ ဤကဲ့သို့ ဆုတ်သာတက်သာ ဖြစ်သောကိစ္စ၌ သူမကြောက်ရွံ့ပေ။

သူတို့နှစ်ဦး အပေးအယူ မှုတသွား၍ ရေ့လုပ်ငန်းစဉ်များကို တီးတိုးတိုင်ပင်နေကြသည်။ တီးတိုးတိုင်ပင်ကြခြင်း ဖြစ်သည်။

တနာရီနီးပါးမျှ ကြာသောအခါ သမားတော်ကြီးကျူလျှန် ထွက်လာလေသည်။

"မင်း လူကို ငါ ဆေးတိုက်ထားလို့ အိပ်ပျော်သွားပြီ"

"သူက ဘာဖြစ်တာလဲ သမားတော်ကြီး"

"ဆီး ဝမ်း ချုပ်ပြီး လေအောင့်နေတာပါ၊ အိပ်ရာက နိုးရင်ပျောက်သွားပါလိမ့်မယ်၊ ဝမ်းလဲ သွားပါလိမ့်မယ်ဟေ့"

ဝမ်ပိက သမားတော်ကြီးအား ပြုံး၍...

"ကျွန်တော်က စောင့်နေရမှာလား ဆရာကြီး"

"မစောင့်နိုင်လဲ ထမ်းခေါ်သွားပေါ့ကွာ"

ထိုစဉ် ချိုလင်းဆုက ဝမ်းပိအား ကြားဖြတ်၍ မေးလိုက်၏။

"သူတို့တတွေ ဒီလိုဖြစ်တော့ သမားတော်ခ တစ်ထောင်ကို ရှင်တို့က စိုက်ပြီး ပေးရမှာလား"

"လောလောဆယ်တော့ ကျုပ်တို့က စိုက်ပေးထားရပေါ့



ဒါပေမယ့် သူကတော့ သမားတော်ကို တခါပြရရင် အလုပ်ကို တနှစ်ဗိုပြီး လုပ်ရတယ်လေ"

"အို..."

ချိုလင်းစုမှာ မျက်လုံးတလေးများ ဝိုင်းသွားတော့သည်။

"ဒါဆို တော်ရုံတန်ရုံလူက သမားတော်ဆီ ဘယ်လာချင်ပါ့မလဲနော်၊ ပေးရတဲ့ တန်ဖိုးက ကြီးနေတယ်"

ဝမ်ပိက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ဒါမှလဲ ကျုပ်တို့က နည်းနည်းသက်သာမှာ၊ သို့မဟုတ်ရင် နေ့ရှိသမျှ သမားတော်ဆီ ပို့ရမယ့် လူတွေက နည်းတာ မဟုတ်ဘူး၊ အချိန်ရှိသမျှ လူနာက ဒီကိုပဲလာနေမှာ..."

ထိုအခိုက် လူနာသည် အခန်းထဲမှ ထွက်လာ၏။

ဝမ်ပိက လူနာအား...

"ဟေ့ မင်း အိပ်မပျော်ဘူးလား၊ ဒါဖြင့် သွားကြမယ်၊ ဒီနေ့တရက်တော့ မင်းကောင်းကောင်းနားပေါ့ကွာ"

ထိုစဉ် သမားတော်ကြီးဂျူလျှန်က ဝမ်ပိအား...

"မင်းကို ကျေးဇူးတင်ပါတယ်၊ နောင်လဲရှိရင် ခေါ်လာပါအုံးနော်"

ဝမ်ပိက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော် တယောက်လာပို့ပါအုံးမယ်"

ကျူလျှန်က အံ့သြသွားသလို...

"မင်း တကယ် ပြောနေတာလား"

"ကျွန်တော်က ဘာလို့ လိမ်ရမှာလဲ၊ အဲဒီလူမဟာက ဆရာကြီးအိမ်မှာ ဆယ်ရက်လောက်ထားကုရမှာ၊ သူ့ရောဂါက မသေးဘူး"

www.burmeseclassic.com



ကျူလျှန်မှာ အံ့အားသင့်သွားလေသည်။

"ဆယ်ရက်တောင် ဟုတ်လား"

"အဲဒါ အနည်းဆုံးပဲ၊ မသက်သာသေးရင် တလကျော် ကြာချင်ကြာအုံးမယ်"

"ဟင်... မင်းကလည်း ဟုတ်မှလဲ လုပ်ပါအုံးကွာ"

"ကျွန်တော် မညာဘူးပါဘူး"

"ဘာရောဂါမို့လဲကွ"

ဝမ်ပိမှာ အသံထွက်အောင် ရယ်မောလိုက်ပြီး...

"ကန်းနေတဲ့ မျက်စိကို မြင်အောင် ကုပေးရမယ်လေ၊ ဘာလဲ သမားတော်ကြီး မကုနိုင်ဘူးလား..."

"ဟေ..."

သမားတော်ကြီးကျူလျှန်သည် အံ့အားသင့်ကာ မျက်လုံးများ ပြူးကျယ်သွား၏။

ထို့နောက် သူသည် စည်းရုံးရေး အလွန်ကောင်းသော ရှိုလင်းစုအား လှည့်ကြည့်ကာ နှစ်နှစ်ကာကာကြီး ပြုံးလိုက်မိတော့၏။

ဒုတိယပိုင်းပြီး၏။

တတိယပိုင်းဇာတ်သိမ်းတွင်ဆက်လက်ဖတ်ရှုပါရန်။

BURMESE CLASSIC .com

www.burmeseclassic.com